ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

**နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**

# ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ
# ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ
# နှင့်
# ဝိနိစ္ဆယလက်စွဲ

သာသနာ-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

၂၈ ၁၆

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

## ဝိနည်းမှုအဓိကရဏ်းမှုခင်းများ

## ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ

## လုပ်ထုံးလုပ်နည်းများ

## နှင့်

## ဝိနိစ္ဆယလက်စွဲ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
# ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

# ပြင်ဆင်ဖြည့်စွက်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၇ ကောဇာ-၁၃၇၅ ခရစ်-၂၀၁၃

# မာတိကာ

----------


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | - - ၁ |
| ၂။ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | - - ၈ |
| ၃။ | **အခန်း (၂)**<br>ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို<br>စီစစ် လက်ခံခြင်း | - - ၁၂ |
| ၄။ | **အခန်း (၃)**<br>ဝိနည်းမှိုရ်များ ရွေးချယ်တင်မြှောက်ခြင်း | - - ၁၆ |
| ၅။ | **အခန်း (၄)**<br>သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း | - - ၂၄ |
| ၆။ | **အခန်း (၅)**<br>သံဃဝိနိစ္ဆယဌာန၌ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း<br>စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်း<br>အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း | - - ၃၅ |

၇။ **အခန်း (၆)**
ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို သံဃဝိနိစ္ဆယ
အဖွဲ့က စစ်ဆေးဆုံးဖြတ်ခြင်း - - ၃၇

၈။ **အခန်း (၇)**
အယူခံ စာဒနာဝင်ခြင်းနှင့် အယူခံ စာဒနာဝင်
သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆုံးဖြတ်ခြင်း - - ၄၆

၉။ **အခန်း (၈)**
သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာ
စေခြင်း - - ၅၇

၁၀။ **အခန်း (၉)**
အထွေထွေ - - ၅၉

*****

# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

# နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသံဃာတော်များသည် အရှင်မဟာကဿပထေရ်အစရှိသော ပထမသံဂါယနာတင် အရှင်မြတ်တို့မှ မပြတ်စဉ်လာ ဆရာစဉ်ဆက် ဆင်းသက်လာကြသော ဗုဒ္ဓသာဝက ဘုရားရှင် တပည့်သားတော်များသာ ဖြစ်ကြပါသည်။

ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ-ဟူသော မြစ်ကြီးငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ ရောက်သောအခါ ဂင်္ဂါ, ယမုနာစသော အမည်တို့ကို ပယ်စွန့်ကြ၍ မဟာသမုဒ္ဒရာဟူသော ခေါ်ဝေါ်ခြင်းသို့သာ ရောက်ကုန်သကဲ့သို့ ထို့အတူ အမျိုးလေးပါးတို့သည်လည်း ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်၌ ရှင်ရဟန်းအဖြစ်သို့ ရောက်သောအခါ မင်းမျိုးစသော အမည်အနွယ်တို့ကို ပယ်စွန့်ကြ၍ သကျပုတ္တ သာကီယနွယ်ဖွား ဘုရားရှင့်သားတော်ဟူသော ခေါ်ဝေါ်ခြင်းသို့သာ ရောက်ကြကုန်၏-

ဟူသော သာသနာတော်၏ စတုတ္ထအံ့ဖွယ်တော်အရ ရဟန်း သံဃာတော်တို့သည် သကျပုတ္တ သာကီယနွယ်ဖွား ဘုရားရှင့် သားတော် ဟူသော အမည်တစ်မျိုးတည်းသာ ခေါ်ဝေါ်ခြင်းသို့ ရောက်တော်မူကြပါသည်။

---

၁။ ဝိ၊ ၄။ ၄၂၂။ အံ၊ ၃။ ၃၉။ ခု၊ ၁။ ၁၃၉။

သို့ဖြစ်၍ ရဟန်းသံဃာတော်များသည် အာစရိယဝါဒကို အကြောင်းပြုလျက် အနည်းငယ်ခြားနားကြသော်လည်း ဘုရားရှင်၏ တစ်ခုတည်းသော ဝိနည်းဥပဒေ အာဏာဒေသနာတော်အောက်၌ ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ ပေါင်းသင်းဆက်ဆံမှု မကွဲမပြားဘဲ တညီ တညွတ်တည်း ပေါင်းသင်းဆက်ဆံတော်မူခဲ့ကြပါသည်။

ယင်းသို့ တညီတညွတ်တည်း ပေါင်းသင်းဆက်ဆံကာ သာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန် အလို့ငှာ လည်းကောင်း၊

လဇ္ဇီပေသလ သီလဝန္တ သိက္ခာကာမဖြစ်တော်မူကြကုန်သော သံဃာတော်များ၏ သံဃသုဋ္ဌု သံဃဖာသု ဖြစ်စေခြင်း အကျိုးငှာလည်းကောင်း၊

"ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပသမာယ" အစရှိသော ဒေသနာတော်မြတ်နှင့်အညီ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော အဓိကရုဏ်းတို့ကို သမထနည်းလမ်းဖြင့် ငြိမ်းချမ်းအေးမြ စေခြင်းငှာလည်းကောင်း-

ဖော်ပြလတ္တံ့ပါ အခြေခံမူ ၄-ချက်ကို ချမှတ်၍ ဤ "ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ကို ညှိနှိုင်းဆွေးနွေး ရေးဆွဲတော်မူကြသည်။

## အခြေခံမူ ၄-ချက်

(၁) ဤဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ဗုဒ္ဓသာသနာ့ ဝန်ထမ်း ရဟန်း, သာမဏေ အားလုံးတို့နှင့် သက်ဆိုင်စေရမည်။

(၂) ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို သံဃဝိနိစ္ဆယ အဖွဲ့များဖြင့်သာ ဝိနည်းတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်။ တရားရုံးများတွင် တရားမကြောင်း စွဲဆိုခွင့် မရှိစေရ။

(၃) သတ်မှတ်ထားသော ဂိုဏ်းများအတွင်း ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မိမိတို့ ဂိုဏ်းဆိုင်ရာ ဝိနည်းဓိုရ်များဖြင့် စစ်ဆေးဆုံးဖြတ်နိုင်ခွင့် ရှိသည်။

(၄) ဤ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်တို့၏ များရာဆန္ဒဖြင့်သာ အတည် ဖြစ်စေရမည်။

ဖော်ပြပါ အခြေခံမူ ၄-ချက် အပါအဝင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သံဃာ့ကိုယ်စားလှယ် ၁၂၄၈-ပါးတို့ တက်ရောက်သော သာသနာ ၂၅၂၄၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၊ ၁၉၈၀-ပြည့်နှစ်၊ မေလ ၂၇-ရက် အင်္ဂါနေ့တွင် ကျင်းပသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက တညီတညွတ်တည်း အတည်ပြုတော်မူကြသည်။

# ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်များ)

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့တို့က ညှိနှိုင်း၊ ပြေငြိမ်း၊ စစ်ဆေးဆုံးဖြတ်ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ကျော်လွှန်နိုင်ရန် ဤလုပ်ထုံးလုပ်နည်းများကို ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးမှ ပဉ္စမအစည်းအဝေးအထိ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပြီး ယင်းပြင်ဆင်ဖြည့်စွက်ချက်များကို ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ (၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်) နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက အတည်ပြုခဲ့ပါသည်။

ယင်းသို့ ပြဋ္ဌာန်းထားသည့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်တို့က ညှိနှိုင်းစစ်ဆေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရာတွင် ထပ်မံတွေ့ကြုံခဲ့ရသော အခက်အခဲများကို ပြေလည်လွန်မြောက်နိုင်ရန်အတွက် ယင်းဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို ထပ်မံ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ထုတ်ပယ်ခြင်းများ ပြုလုပ်ခဲ့ရာ ၁၉၈၆-ခုနှစ်မှ ၁၉၉၁-ခုနှစ်အတွင်း (၃)ကြိမ် ထပ်မံ ပြင်ဆင် ဖြည့်စွက်ခဲ့ကြပါသည်။ ယင်းပြင်ဆင် ဖြည့်စွက်ချက်များကို နှစ်အလိုက် စုစည်း၍ ဝိနိစ္ဆယလက်စွဲစာအုပ်တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

တစ်ဖန် လုပ်ငန်းအတွေ့အကြုံနှင့် ပြောင်းလဲမှုအခြေအနေများအရ ၁၄-၇-၉၄ နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးက ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြုစုရေးဆွဲရေးအဖွဲ့ကို နိုင်ငံတော် သံဃမဟာနာယကဆရာတော် (၉)ပါးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

ယင်းအဖွဲ့သည် ၇-၁၁-၉၄ နေ့ မွန်းလွဲ (၁)နာရီအချိန်တွင် ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ စုံညီစွာ ရုံးထိုင်ပြီး ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အခန်းအလိုက် လိုအပ်သလို ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လျက် (မူကြမ်း)ပြုစုပြီး ၂၆-၁၁-၉၄ နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးမှတဆင့် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ တင်ပြခဲ့ရာ ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း (၉)ရက်၊ (၁၉၉၅-ခုနှစ်၊ မတ်လ ၉-ရက်) နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးက ယင်းပြင်ဆင်ဖြည့်စွက်ချက် (မူကြမ်း)ကို အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၁၃၅၈-ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ (၁၉၉၇-ခုနှစ်၊ မတ်လ ၂၀-ရက်)နေ့တွင် ကျင်းပပြုလုပ်သော စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးက အပိုဒ် ၅၆ (ဃ)ကို ပြင်ဆင်ဖြည့်စွက် အတည်ပြုခဲ့ပါသည်။

ယင်းသို့ ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သက်တမ်းကာလမှ ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သက်တမ်းကာလအတွင်း အကြိမ်ကြိမ် ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ခဲ့သည်များကို စုစည်းပါဝင်စေလျက် ၁၃၄၇၊ (၁၉၈၅)ခုနှစ်က ရိုက်နှိပ်ခဲ့သည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) စာအုပ်ပုံစံအတိုင်း အစမှအဆုံးအထိ အပြည့်အစုံ ပြန်လည်ပုံနှိပ်အပ်ပါသတည်း။

# ထပ်မံပုံနှိပ်ခြင်း

ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ သံဃာ့အဖွဲ့အစည်း သက်တမ်းသည်လည်း ၁၉၈၀-ပြည့်နှစ်မှ ၂၀၁၀-ပြည့်နှစ်အထိ နှစ်ပေါင်း သုံးဆယ်သို့ ရောက်ရှိလာခဲ့သည်။ သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အငြင်းပွား ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့လာကြောင်းကို အနယ်နယ်အရပ်ရပ်မှ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ၊ ဗဟိုဝန်ဆောင် ဆရာတော်များမှ အကြံပြုတင်ပြလာကြပါသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ သံဃနာယက လက်စွဲနှင့် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာအချို့တို့ကို စိစစ်ရန် နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၃၁)ပါး ပါဝင်သော စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

စိစစ်ရေးအဖွဲ့သည် ကမ္ဘာအေးကုန်းမြေ၊ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်၍ စိစစ်တွေ့ရှိချက်များကို ဆဋ္ဌအကြိမ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးသို့ တင်ပြခဲ့ရာ ၎င်းအစည်းအဝေးက စိစစ်ရေးအဖွဲ့ ဆရာတော်များ၏ ရှင်းလင်းချက်၊ အကြောင်းပြချက်များပါရှိသော ပြင်ဆင်၊ ဖြည့်စွက်၊ ဖြုတ်ပယ်ရန်အချက်

များကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ ဖြန့်ဝေဆက်ကပ်ရန် ဆုံးဖြတ်ခဲ့ပြီး ဖြန့်ဝေဆက်ကပ်ခဲ့ရာ ပြန်လည် အကြံပြုတင်ပြကြသဖြင့် (၈-၁-၂၀၁၀)နေ့ ကျင်းပသော ဆဌအကြိမ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် အဌမ အစည်းအဝေးက "စိစစ်ရေးအဖွဲ့ ဆရာတော်များအား (၇-၂-၂၀၁၀)နေ့ အရောက် ထပ်မံပင့်ဆောင်ရန်" ဆုံးဖြတ်ခဲ့ပါသည်။

စိစစ်ရေးအဖွဲ့ ဆရာတော်များသည် ကမ္ဘာအေးကုန်းမြေ၊ ဥတ္တရကုရု ကျောင်းဆောင်သို့ ကြွရောက်တော်မူကြပြီး (၈-၂-၂၀၁၀) နေ့မှ (၉-၂-၂၀၁၀)နေ့အထိ စုံညီအစည်းအဝေးပြုလုပ်ပြီး အကြံပြုချက်တင်ပြချက်များအပေါ် ဝေဖန်သုံးသပ်၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲတို့ကို ကဏ္ဍအလိုက် စိစစ်ပြင်ဆင်ဖြည့်စွက်၍ ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမအစည်းအဝေးသို့ တင်ပြခဲ့ရာ (၁၈-၂-၂၀၁၀)နေ့ ကျင်းပသော ဆဌအကြိမ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူခဲ့ရာ တညီတညွတ်တည်း အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းသို့ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သက်တမ်းကာလမှ ပဉ္စမအကြိမ်၊ ဆဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သက်တမ်း နှစ်ပေါင်း (၃၀)ကာလအတွင်း အကြိမ်ကြိမ် ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ခဲ့သည်များကို ၁၃၇၀ (၂၀၀၈)ခုနှစ်က ပြန်လည် ရိုက်နှိပ်ခဲ့သည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် စာအုပ်ပုံစံအတိုင်း အစမှ အဆုံးအထိ ပြန်လည်ပုံနှိပ်အပ်ပါသည်။

# အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤစည်းမျဉ်းကို "ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင် ပါရှိသော ဖော်ပြလတ္တံ့ပါ စကားရပ်များသည် ဖော်ပြလတ္တံ့ပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း** ဆိုသည်မှာ ဝိနည်းတရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းကိစ္စများကို ဆိုသည်။

(ခ) **အဓိကရဏ်း** ဆိုသည်မှာ သမထ ၇-ပါးတို့ဖြင့် အေးငြိမ်းစေအပ်သော ဝိဝါဒါဓိကရဏ်း, အနုဝါဒါဓိကရဏ်း, အာပတ္တာဓိကရဏ်း, ကိစ္စာဓိကရဏ်း ၄-မျိုးကို ဆိုသည်။

(၁) **ဝိဝါဒါဓိကရုဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ ဇယား (၁)၌ ဖော်ပြထားသော အငြင်းပွားမှု ၁၈-မျိုးကို ဆိုသည်၊

(၂) **အနုဝါဒါဓိကရုဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ ဇယား (၂)၌ ဖော်ပြထားသော စွပ်စွဲမှု ၄-မျိုး ကို ဆိုသည်၊

(၃) **အာပတ္တာဓိကရုဏ်း**ဆိုသည်မှာ နောက်ဆက်တွဲ ဇယား (၃)၌ ဖော်ပြထားသော အာပတ် ၇-မျိုး တို့တွင် တစ်မျိုးမျိုးသော အာပတ်သင့်ခြင်းကို ဆိုသည်၊

(၄) **ကိစ္စာဓိကရုဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ ဇယား (၄)၌ ဖော်ပြထားသော သံဃာ့အမှုကိစ္စ ၄-မျိုး ဆောင်ရွက်ခြင်းကို ဆိုသည်။

**သမထ** ဆိုသည်မှာ နောက်ဆက်တွဲဇယား (၅)၌ ဖော်ပြထားသော အဓိကရုဏ်း အေးငြိမ်းစေကြောင်း တရား ၇-ပါးကို ဆိုသည်။

**စောဒက** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းနှင့် စပ်လျဉ်းသော တစ်ဘက်စုဒိတက၏ အပြစ်ကို ထင်စွာ ဖော်ပြ၍ အဆုံးအဖြတ် ရယူလိုသော တရားလို ပုဂ္ဂိုလ်ကို ဆိုသည်။

**စုဒိတက** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းနှင့် စပ်လျဉ်း၍ အပြစ်ရှိသည်ဟု အစွပ်စွဲခံရသော တရားပြိုင် ပုဂ္ဂိုလ်ကို ဆိုသည်။

(စ) **သံဃဝိနိစ္ဆယအဖွဲ့** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ကြားနာ စစ်ဆေးဆုံးဖြတ်ရန် အတွက် ဤလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သည့် သံဃဝိနိစ္ဆယ အဖွဲ့ကို ဆိုသည်၊

(ဆ) **သာသနာရေးဆိုင်ရာပစ္စည်း** ဆိုသည်မှာ ဖော်ပြ လတ္တံ့ပါ ပစ္စည်းများကို ဆိုသည် -

(၁) သက်ဆိုင်ရာ ဥပဒေနှင့်အညီ အာဏာပိုင် တစ်ရပ်ရပ်က သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာ ထင်ရှားစွာ အများက လက်ခံထားသည့် သာသနာ့မြေ၊

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ်လှူဒါန်း ထားသော သိမ်, ကျောင်း, ရေတွင်း, ရေကန်, ဇရပ် စသော အဆောက်အအုံများ၊

(၄) ရဟန်းသံဃာနှင့် အပ်စပ်သည့် ရဟန်းသံဃာ အား လှူဒါန်းထားသော အသုံးအဆောင် ပစ္စည်း များ၊

(၅) စေတီတော်အား သော်လည်းကောင်း၊ ကျောင်း အားသော်လည်းကောင်း၊ ကျောင်းတိုက်အား သော်လည်းကောင်း၊ နဝကမ္မအားသော် လည်း-ကောင်း လှူဒါန်းထားသော ရတနာ ရွှေငွေ ကြေး နှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများ၊

**ကျောင်း** ဆိုသည်မှာ ရဟန်းသံဃာ ပိုင်ဆိုင်၍ သီတင်းသုံးနေထိုင်သော အဆောက်အအုံကို ဆိုလိုသည်၊

**ကျောင်းတိုက်** ဆိုသည်မှာ အာရာမ်အပိုင်းအခြား တစ်ခုအတွင်းရှိ ကျောင်းအစုအဝေးကို ဆိုသည်၊

**ဝိနည်းမိုရ်** ဆိုသည်မှာ ဝိနည်းတော်ကို ဆောင်၍ ဝိနည်းတော်နှင့်အညီ စစ်ဆေး ဆုံးဖြတ်နိုင်သော ရဟန်းတော်ကို ဆိုသည်။

*****

(ခ) စောဒကပုဂ္ဂိုလ်သည် စောဒနာလွှာ၌ ချွတ်ယွင်းချက်များကို ပြည့်စုံအောင်ဆောင်ရွက်၍ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ **ပလပ်ပယ်ချသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း** ဒုတိယအကြိမ် ပြန်လည်လျှောက်ထားစွဲဆိုနိုင်သည်။

(ဂ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ယင်းပြန်လည်တင်ပြသည့် စောဒနာလွှာကို စိစစ်၍ လက်ခံခြင်း/ထပ်မံပလပ် ပယ်ချခြင်း ပြုနိုင်သည်၊

(ဃ) မြို့နယ်သံဃနာယကအဖွဲ့က ထပ်မံ ပလပ် ပယ်ချပါလျှင် မကျေနပ်သော စောဒကပုဂ္ဂိုလ်သည် ပလပ် ပယ်ချသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(င) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ပလပ်ပယ်ချပါလျှင် မကျေနပ်သော စောဒက ပုဂ္ဂိုလ်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပလပ် ပယ်ချသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အယူခံဝင်နိုင်သည်၊

(စ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့/နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ယင်းစောဒနာလွှာကို လက်ခံစေရန် ဆုံးဖြတ်ညွှန်ကြားပါက သက်ဆိုင်ရာ မြို့နယ်/ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ယင်းစောဒနာလွှာကို လက်ခံရမည်။

(ဆ) သံဃနာယကအဖွဲ့သည် စောဒနာလွှာကို လက်ခံလျှင် (၇)ရက်အတွင်း စောဒနာလွှာ မိတ္တူတစ်စောင်ကို စုဒိတကထံ အရောက်ပေးပို့၍ (၁၅)ရက်အတွင်း သောဓနာလွှာ တင်သွင်းစေရမည်၊

(ခ) စောဒနာလွှာနှင့် သောဓနာလွှာပါ့ဂိုဟ် သက်ခံစိစစ်၍ ဖော်ပြလတ္တံ့ပါ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ၌ မပါဝင်သော မှုခင်းများဖြစ်လျှင် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ ဖော်ပြလတ္တံ့ပါ ဝိနည်းဓမ္မကံ မှုခင်းများကိုမူ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းစစ်ဆေးစေခြင်းမပြုဘဲ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲနှင့်တကွ လွှဲပြောင်းပေးပို့ရမည်-

(၁) ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါးတို့ ဖြစ်ပွားသော၊ သို့မဟုတ် ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော သာသနာရေးဆိုင်ရာ ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊

(၂) ငြိမ်းပြီးသောမှုခင်း၊ မငြိမ်းသေးသောမှုခင်းဟု အငြင်းပွားသည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း၊

(၃) သာသနာ့မြေ ပြင်ပ၌ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်း၊

(၄) အမွေမှုရောယှက်ရှုပ်ထွေးပါဝင်နေသော ဝိဝါဒါ-ဓိကရုဏ်းမှုခင်း။

*****

# အခန်း (၃)

## ဝိနည်းဓိုရ်များ ရွေးချယ်တင်မြှောက်ခြင်း

### ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်

၆။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်း၍ မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများမှ ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်များ၏ စာရင်းကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁) ဖြင့် စုပေါင်းစာရင်း ပြုလုပ်ထားရမည်။

၇။ ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းတို့နှင့် ပြည့်စုံရမည်-

(က) အန္တိမဝတ္ထုဖြင့် စွဲဆိုခံရခြင်းမှ ကင်းရှင်းသူ၊ သို့မဟုတ် ပြီးငြိမ်းပြီးသူ ဖြစ်ရမည်၊

(ခ) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ အသိအမှတ် ပြုအပ်ပြီးသော ကျောင်း/ကျောင်းတိုက်၌ ရွေးချယ်ပွဲကျင်းပသည့်နှစ်တွင် သီတင်းသုံးဝါကပ်၍ မြို့နယ် ဝါဆိုသံဃာစာရင်း၌ ပါဝင်သူ ဖြစ်ရမည်၊

(ဂ) သာသနာဝင်မှတ်တမ်း ရရှိပြီးသူဖြစ်ရမည်။

၈။ ဝိနည်းခိုရ်အဖြစ် အရွေးခံမည့် ဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) သိက္ခာတော် အနည်းဆုံး (၁၀)ဝါရှိပြီး ဖြစ်ရမည်၊

(ခ) ဝိနည်းတော်၌ ကျွမ်းကျင်လိမ္မာရမည်၊

(ဂ) ဝိနည်းတော်ကို လေးစားမြတ်နိုး၍ အကျင့်သိက္ခာဂုဏ်နှင့် ပြည့်စုံရမည်၊

(ဃ) အဂတိတရား လိုက်စားခြင်းမှ ကင်းစင်ရမည်၊

(င) ရဟန်း ရှင် လူ အများတို့၏ ယုံကြည်ကိုးစားခြင်း၊ ကြည်ညို လေးစားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(စ) ကျောင်းထိုင်ဆရာတော်/ကျောင်းတိုက်၏ နာယကဆရာ တော်/တိုက်အုပ်ဆရာတော်/တိုက်ကြပ်ဆရာတော်၊ သို့မဟုတ် စာချဆရာတော် ဖြစ်ရမည်၊

(ဆ) ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဆိုင်ရာ ကိစ္စများကို ကျေပွန် စွာ ဆောင်ရွက်လိုစိတ်နှင့် ဆောင်ရွက်နိုင်စွမ်းရှိရမည်၊

(ဇ) ရွေးချယ်တင်မြှောက်ရာ မြို့နယ်၌ ဝါကပ်သီတင်းသုံးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဈ) ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းခြင်းစသော အကြောင်း ကြောင့် မိမိဆောင်ရွက်ရာ သံဃာ့ အဖွဲ့အစည်းမှ ထုတ်ပယ် ထားခြင်း မခံရသူ ဖြစ်ရမည်၊

(ည) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်ခွင့်မှ ပယ်ထားခြင်း/ သံဃနာယကအဖွဲ့အစုမှ ကြဉ်ထားခြင်း မခံရသူ ဖြစ်ရမည်။

(၄) ပြည်နယ်/တိုင်း ဝိနည်းမှိုရ်သည် အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အစိုးရ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ တက္ကသီလ ဓမ္မာစရိယ၊ ဝိနယဝိဒူ တစ်ခုခု အောင်မြင်ပြီးသည့် ပုဂ္ဂိုလ်ဖြစ်ရမည်။

(ချွင်းချက်)သီးခြားဂိုဏ်းများအတွက် ယင်းဘွဲ့ရပုဂ္ဂိုလ်များ မရှိပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။

၉။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်း၍ ပြည်နယ်/တိုင်းနှင့် မြို့နယ် ဝိနည်းမှိုရ်ဆရာတော်များ ရွေးချယ်တင်မြှောက်ခြင်းကိစ္စကို ကြီးကြပ်ဆောင်ရွက်ရမည်။

၁၀။ မြို့နယ်အတွင်း ဝိနည်းမှိုရ်ဆရာတော် ရွေးချယ်ရာတွင် အပိုဒ်(၇)ပါ ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်များက ဆန္ဒပေး ရွေးချယ်ကြရမည်။

၁၁။ မြို့နယ်အတွင်း ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်များ၏ အနည်းဆုံး ၇၅-ရာခိုင်နှုန်း တက်ရောက်မှ ဝိနည်းမှိုရ်ရွေးချယ်ခြင်း အစည်းအဝေး ထမြောက်အောင်မြင်သည်။

၁၂။ အပိုဒ် (၆)အရ ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော် ထက်ဝက်ကျော်က ဆန္ဒပေးမှသာလျှင် ဝိနည်းမှိုရ်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ထမြောက်အောင်မြင်သည်။ အကယ်၍ (၃)ကြိမ်တိုင်တိုင် ရွေးချယ်ပါလျက် ထက်ဝက်ကျော် ဆန္ဒမဲမရခဲ့သော် မြို့နယ်သံဃနာယကအဖွဲ့ဝင်တို့၏ များရာဆန္ဒဖြင့် ရွေးချယ်နိုင်သည်။

၁၃။ မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းမှိုရ်ဂုဏ်အင်္ဂါနှင့် ညီညွတ်သော ပုဂ္ဂိုလ်များကို အများဆုံး ဖော်ပြလတ္တံ့ပါ အချိုးအစားအတိုင်း ရွေးချယ်၍ ရွေးချယ်သည့် အစဉ်အလိုက် ဝိနည်းမှိုရ်ဆရာတော်များ စာရင်းကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၂)ဖြင့် ပြုစုထားရှိရမည်-

(က) ဝါဆိုသံဃာ (၅၀)မှ (၁၀၀)အထိ ဝိနည်းဓိုရ် ၅-ပါး
(ခ) ဝါဆိုသံဃာ (၁၀၁)မှ (၂၀၀)အထိ ဝိနည်းဓိုရ် ၁၀-ပါး
(ဂ) ဝါဆိုသံဃာ (၂၀၁)မှ (၃၀၀)အထိ ဝိနည်းဓိုရ် ၁၅-ပါး
(ဃ) ဝါဆိုသံဃာ (၃၀၁)မှ (၅၀၀)အထိ ဝိနည်းဓိုရ် ၂၀-ပါး
(င) ဝါဆိုသံဃာ (၅၀၁)မှ အထက် ဝိနည်းဓိုရ် ၂၅-ပါး

၁၄။ အပိုဒ်(၁၃)တွင် ဖော်ပြထားသော အချိုးအစားမမီသည့် မြို့နယ်များတွင် အများဆုံး ဝိနည်းဓိုရ်ဆရာတော် (၅)ပါးကို ရွေးချယ်ခွင့်ရှိသည်။ ယင်းဝိနည်းဓိုရ်ဆရာတော်များ စာရင်းကို သတ်မှတ်သည့် နောက်ဆက်တွဲပုံစံ(၂)ဖြင့် ပြုစုထားရှိရမည်။

၁၅။ (က) မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ်စာရင်း ရေးသွင်းထားသော သတ်မှတ်သည့် နောက်ဆက်တွဲပုံစံ (၂)ကို မိတ္တူ (၇)စောင်ပွား၍-

(၁) သက်ဆိုင်ရာမြို့နယ်အာဏာပိုင်အဖွဲ့
(၂) သက်ဆိုင်ရာမြို့နယ်သာသနာရေးမှူး
(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့
(၄) သက်ဆိုင်ရာ ပြည်နယ်/တိုင်း အာဏာပိုင်အဖွဲ့
(၅) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူး
(၆) သာသနာရေးဝန်ကြီးဌာန
(၇) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့သို့ ပေးပို့ရမည်။

(ခ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အပိုဒ်(၈)(ဈ)ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံသော ပြည်နယ်/တိုင်း ဝိနည်းဓိုရ်စာရင်းကို ပြုစုရမည်။

၁၈။ (က) ပြည်နယ်/တိုင်း/မြို့နယ် ဝိနည်းမှိုရ်များနှင့် ပတ်သက်၍ အပိုဒ် (၁၇)ပါ အရည်အချင်းပျက်ယွင်းမှု ပေါ်ပေါက်လာသော် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သည် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြရမည်၊

(ခ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အပိုဒ် (၁၇)၊ အပိုဒ်ခွဲ (ဈ) (ည) (ဋ) (ဌ) (ဍ) မှ အခြားဖြစ်ခဲ့လျှင် လက်ခံ၍ ဝိနည်းမှိုရ်စာရင်းမှ ပယ်ဖျက်ရမည်။ အပိုဒ် (၁၇) အပိုဒ်ခွဲ (ဈ) (ည) (ဋ) (ဌ) (ဍ) ဖြစ်ခဲ့လျှင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသော ဝိနည်းမှိုရ်ဆရာတော်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေး၍ အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက ဝိနည်းမှိုရ်စာရင်းမှ ပယ်ဖျက်ရမည်၊

(ဂ) ယင်းသို့ ပယ်ဖျက်သည်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံစာတင်ပြ၍ မိတ္တူကို ဖော်ပြလတ္တံ့ပါ ဌာနများသို့ ပေးပို့ရမည်-

(၁) သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊
(၂) သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့၊
(၃) သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူး၊
(၄) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယအဖွဲ့၊
(၅) သက်ဆိုင်ရာ ပြည်နယ်/တိုင်း အာဏာပိုင်အဖွဲ့၊
(၆) သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူး၊
(၇) သာသနာရေးဝန်ကြီးဌာန၊

(ဃ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် လစ်လပ်သည့် ဝိနည်းမိုရ်ဆရာတော်၏ နေရာတွင် အစားထိုးရွေးချယ် တင်မြှောက်ရန် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ အစီရင်ခံစာရသည့်နေ့မှ (၇)ရက်အတွင်း ညွှန်ကြားရမည်။

၁၉။ မြို့နယ်သံဃနာယကအဖွဲ့သည် လစ်လပ်သော ဝိနည်းမိုရ် ဆရာတော်၏နေရာတွင် ဝိနည်းမိုရ်ဆရာတော်ကို မြို့နယ် သံဃာ့ဝန်ဆောင် အစည်းအဝေးဖြင့် အစားထိုးရွေးချယ် တင်မြှောက်ရမည်။

၂၀။ ဖော်ပြလတ္တံ့ပါ ဆရာတော်များသည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို ဆုံးဖြတ်သည့် ဝိနည်းမိုရ်များအဖြစ် ဆောင်ရွက်ခွင့်မရှိ-

(က) မြို့နယ်သံဃနာယက ဆရာတော်များ၊

(ခ) ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များ၊

(ဂ) နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊

(ဃ) ဩဝါဒါစရိယ ဆရာတော်များ။

*****

# အခန်း (၄)

## သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း

၂၀။ (က) စောဒက၏ စောဒနာလွှာကို လက်ခံသော သံဃနာယက အဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းတစ်ခု၌ ပြစ်မှုဆိုင်ရာ ဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းရှိသည်ဟု သံသယရှိလျှင် သက်ဆိုင်ရာ တရားရေးဦးစီးဌာနမှူးသို့ မည်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများနှင့် ငြိစွန်းကြောင်းကို မေတ္တာရပ်ခံ မေးမြန်းစုံစမ်းရမည်၊

(ခ) နိုင်ငံတော်က တရားလိုပြုလုပ် စွဲဆိုရမည့် ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်နေပါက တရားရုံးများ၌ စစ်ဆေးဆုံးဖြတ်ဆောင်ရွက်မှု ပြီးပြတ်မှသာ ဤလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး ဆုံးဖြတ်ရမည်၊

(ဂ) နိုင်ငံတော်က တရားလိုမပြုလုပ်နိုင်ဘဲ နစ်နာသူ ကိုယ်တိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်နေပါက တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုလိုခြင်း ရှိ မရှိ မေးမြန်းစိစစ်ရမည်။ ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုခြင်း မပြုတော့ကြောင်း သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၃) ဖြင့် ဝန်ခံ ကတိပြုသော စောဒက၏ စောဒနာလွှာကိုသာ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရမည်။

၂၂။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း တစ်ခုခုဖြစ်ပွားလျှင် ဤ လုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ခြင်းကိုသာ ခံယူရမည်။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို အခြားမည်သည့် တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့် မရှိစေရ။

၂၃။ ဖော်ပြလတ္တံ့ပါ မှုခင်းများကို ပြီးငြိမ်းပြီးသော မှုခင်းအဖြစ် သတ်မှတ်ထားပြီးဖြစ်၍ မည်သည့် သံဃဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေးဆုံးဖြတ်ခြင်း မပြုရ-

(က) ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ၊ ၁၃၁၃-ခုနှစ်၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ၊ ၁၃၁၆-ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်)အက်ဥပဒေတို့အရ ဝိနည်းဓိုရ်ဆရာတော်များက စစ်ဆေးဆုံးဖြတ်ခဲ့၍ နိုင်ငံတော် ဝိနိစ္ဆယဌာနအထိ တစ်ဆင့်ဆင့်၌ ပြီးပြတ်သော မှုခင်းများ၊

(ခ) ဝိနိစ္ဆယခုံအက်ဥပဒေအရ နှစ်ဘက်သဘောတူ ဖွဲ့စည်းပေးသော ဝိနိစ္ဆယခုံများက စစ်ဆေး ဆုံးဖြတ်ခဲ့ပြီးသော မှုခင်းများ၊

(ဂ) တရားရုံးများက စစ်ဆေးဆုံးဖြတ်ခဲ့၍ ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု ဗဟိုတရားရုံးအထိ တစ်ဆင့်ဆင့်၌ ပြီးပြတ်ပြီးသော မှုခင်းများ၊

(ဃ) နည်းလမ်းလေးသွယ်ဖြင့် ပြီးပြတ်သော မှုခင်းများ၊

(င) ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အာဏာမတည်မီက သီးခြားဂိုဏ်းများ၊ ဒေသဆိုင်ရာ ပဝါရဏာဂိုဏ်းများ၊ ဒေသဆိုင်ရာ သံဃာ့ဂိုဏ်းများ၏ ဝိနည်းမိုရ်ဆရာတော်များက ဝိနည်းတရားတော်နှင့်အညီ နှစ်ဘက်သက်သေစုံညီ စစ်ဆေးဆုံးဖြတ်ခဲ့သော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ၊

(စ) သီးခြားဂိုဏ်းများ၊ ဒေသဆိုင်ရာပဝါရဏာဂိုဏ်းများ၊ ဒေသဆိုင်ရာ သံဃာ့ဂိုဏ်းများ၏ သံဃာ့ထေရ်ကြီးများ ရှေ့မှောက်၌ စောဒကကိုယ်တိုင် လက်မှတ်ရေးထိုး၍ အမှုရုပ်သိမ်းခဲ့သော အဓိကရုဏ်းမှုခင်းများ၊

(ဆ) ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရ ငြိမ်းပြီးသော မှုခင်းများ။

၂၄။ (က) မြို့နယ်သံဃနာယကအဖွဲ့သည် စုဒိတကအား သောခနော လွှာတင်ရန် ခွင့်ပြုရက်ကုန်ဆုံးပြီးနောက် သောခနောလွှာကို ရသည်ဖြစ်စေ, မရသည်ဖြစ်စေ (၁၅)ရက်အတွင်း၌ သက်ဆိုင်ရာ ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ်အရ အလှည့်ကျ ဝိနည်းဓိုရ်ဆရာတော် (၃)ပါး၊ သို့မဟုတ် (၅)ပါးနှင့် အရန် (၂)ပါး ပါဝင်သော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၄)ဖြင့် ဖွဲ့စည်း၍ အမှုတွဲကို ချက်ချင်း လွှဲပြောင်းပေးအပ်ရမည်။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်၊

(ခ) ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါးဖြစ်ပွားသော သို့မဟုတ် ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော ပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းအတွင်းရှိ ဝိနည်းဓိုရ် ဆရာတော်များစာရင်းမှ ဖြစ်နိုင်သမျှ ဂိုဏ်းပေါင်းစုံ ဝိနည်းဓိုရ်ဆရာတော် (၃)ပါး၊ သို့မဟုတ် (၅)ပါးနှင့် အရန်ဝိနည်းဓိုရ် ဆရာတော် (၂)ပါးကို ရွေးချယ်စာရင်းပြုစုပြီး အငြင်းပွားပစ္စည်း ဘဏ္ဍာအများရှိရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့၍ သံဃဝိနိစ္ဆယ အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားရမည်။ ယင်း ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့မှ ညွှန်ကြားစာ လက်ခံ ရရှိပြီးနောက် (၁၅)ရက်အတွင်း သတ်မှတ်သည့် နောက် ဆက်တွဲပုံစံ (၁၁)ဖြင့် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း၍ အမှုတွဲကို

ချက်ချင်း လွှဲပြောင်းပေးအပ်ရမည်။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုးရမည်၊

(ဂ) ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းတစ်ခုတွင် မှုခင်းဖြစ်ပွားရာ မြို့နယ်၌-

(၁) မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင်သည် စောဒက သို့မဟုတ် စုဒိတကအဖြစ် ပါဝင်နေပါက စောဒကသည် စောဒနာလွှာကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်သွင်းရမည်၊

(၂) မြို့နယ်အာဏာပိုင်အဖွဲ့သည် မှုခင်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်ဖွယ်ရာရှိကြောင်း စာဖြင့် တင်ပြလာလျှင်သော်လည်းကောင်း၊ မှုခင်းဖြစ်ပွားရာ မြို့နယ်၌ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းရန် ဝိနည်းဓိုရ် လုံလောက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မြို့နယ် အာဏာပိုင်အဖွဲ့၏ တင်ပြစာ၊ ဝိနည်းဓိုရ် စာရင်းနှင့်တကွ အမှုတွဲကို ပေးပို့ရမည်၊

(ဃ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ဤလုပ်ထုံး လုပ်နည်း အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၂၁ တို့အရ ဆောင်ရွက်ဖွယ် မရှိပါက သောနောလွှာ/အမှုတွဲကို ရသည့်နေ့မှ

(၇)ရက်အတွင်း၌ အခြားနီးစပ်သင့်လျော်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ ထိုအဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ပေးရန်အတွက် ဆောင်ရွက်ပါရန် အမှုတွဲနှင့်တကွ ပေးပို့ ညွှန်ကြားရမည်၊

(င) (၁) ဝိနည်းမမှုက်အဓိကရုဏ်း မှုခင်းတွင် မှုခင်းဖြစ်ပွားရာ ပြည်နယ်/တိုင်း၌ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင်သည် စောဒက သို့မဟုတ် စုဒိတကအဖြစ် ပါဝင်နေပါက စောဒက သည် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သို့ တင်သွင်းရမည်၊

(၂) ပြည်နယ်/တိုင်း အာဏာပိုင်အဖွဲ့သည် မှုခင်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်လာဖွယ်ရာရှိကြောင်း စာဖြင့် တင်ပြလာပါက ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ယင်းအာဏာပိုင်အဖွဲ့၏ တင်ပြစာနှင့်တကွ အမှုတွဲကို ပေးပို့ရမည်၊

(စ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဤလုပ်ထုံး လုပ်နည်းများ အပိုဒ် ၅၊ အပိုဒ် ၂၁၊ အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ)အရ ဆောင်ရွက်ဖွယ်မရှိပါက သောဓနာလွှာ/အမှုတွဲကို ရသည့်နေ့မှ (၁၅)ရက်အတွင်း အခြား နီးစပ်သင့်လျော်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ထိုအမှုတွဲကို စစ်ဆေးဆုံးဖြတ်စေရန် အမှုတွဲကို ပေးပို့ညွှန်ကြားရမည်၊

(ဆ) ထိုပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ အဆုံးအဖြတ်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချသည့်နေ့မှ (၄၅)ရက်အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံစာဒနာ ဝင်လွှာ တင်သွင်းနိုင်သည်၊

(ဇ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အမှုဖြစ်ပွားရာ ပြည်နယ်/တိုင်းနှင့် အမှုစစ်ဆေးဆုံးဖြတ်သည့် ပြည်နယ်/ တိုင်း တို့မှ တစ်ပါး အခြား ပြည်နယ်/တိုင်းများမှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၅)ပါးနှင့် အရန် (၂)ပါး တို့ ပါဝင်သည့် အယူခံစာဒနာဝင် နိုင်ငံတော် သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၂၅။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်တို့သည် မိမိတို့အထဲမှ သင့်လျော် ရာတစ်ပါးကို ခေါင်းဆောင်အဖြစ် ရွေးချယ်ကြရမည်။ အဖွဲ့ခေါင်းဆောင် ဆရာတော်သည် အမှုစစ်ဆေးသောအခါများ၌ အဖွဲ့သဘာပတိဆရာ တော်အဖြစ် ဆောင်ရွက်ရမည်။ ကျန်ဆရာတော်များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြရမည်။ သဘာပတိဆရာတော်သည် မကျန်းမာခြင်းစသော အကြောင်းတစ်ခုခုကြောင့် တာဝန်ကို ဆက်လက်မဆောင်ရွက်နိုင်သော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ်များထဲမှ သဘာပတိဆရာတော်တစ်ပါးကို များရာဆန္ဒဖြင့် အစားထိုးရွေးချယ်ရမည်။ ယင်းသို့ အစားထိုး ရွေးချယ် ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြား၍ အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

၂၆။ (က) ဖွဲ့စည်းပြီးသော သံဃဝိနိစ္ဆယအဖွဲ့သည် ဖွဲ့စည်းသည့်နေ့မှ (၁၅)ရက်အတွင်း ဝိနိစ္ဆယကိစ္စများကို စတင်ဆောင်ရွက်ရမည်၊

(ခ) သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းမှုကံ အဓိကရုဏ်းမှုခင်း တစ်ခုခုကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်၊ မပြီးပြတ်ခဲ့သော် ခွင့်ပြုရက်မကုန်မီ အကျိုးအကြောင်း ဖော်ပြလျက် (၁)ကြိမ်လျှင် ရက်ပေါင်း(၆၀)ထက် မကျော်လွန်သော လိုအပ်သည့် ရက်များကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ (၂)ကြိမ် ထက်မပိုစေဘဲ စာဖြင့်တင်ပြ၍ ဆက်လက် ဆောင်ရွက် ရမည်။ ခွင့်ပြုရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယ အဖွဲ့၏ ဆောင်ရွက်ချက်အားလုံးကို " တရားမဝင် အလို အလျောက် ပျက်ပြယ်ပြီး ဖြစ်သည်" ဟု မှတ်ယူရမည်။

(ဂ) သတ်မှတ်ရက်ထက်ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ သဘာပတိဆရာတော်သည် ရက်လွန်ခြင်းအကြောင်းမှန်ပြ အစီရင်ခံစာနှင့်တကွ အမှုတွဲကို သက်ဆိုင်ရာ သံဃနာယက အဖွဲ့သို့ ရက်လွန်သည့်နေ့မှ (၇)ရက်အတွင်း၌ လက်ရောက် ပေးအပ်ရမည်၊

(ဃ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် သတ်မှတ်ရက်အတွင်း ဝိနိစ္ဆယဆုံးဖြတ်ချက်ချခြင်း/ ရက်တိုးတောင်းခြင်း/အမှုတွဲကို ပြန်လည်ပေးအပ်ခြင်းမပြုသည့် ရက်လွန်သံဃဝိနိစ္ဆယအဖွဲ့၏ တာဝန်ပျက်ကွက်မှုကို လိုအပ်သလို အရေးယူနိုင်ရန် အမှု တွဲကို တောင်းယူရမည်။ အမှုတွဲကို ပြန်လည်ရရှိပြီးနောက် (၁၅)ရက်အတွင်း၌ ထိုမှုခင်းကို အဆင့်တူ သံဃဝိနိစ္ဆယအဖွဲ့ သစ်ဖြင့် စစ်ဆေးဆုံးဖြတ်စေရေးအတွက် ဤလုပ်ထုံးလုပ် နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၂၇။ သံဃဝိနိစ္ဆယအဖွဲ့သည် မိမိတို့ ဝိနိစ္ဆယကိစ္စ စတင်ဆောင်ရွက်မည့် အကြောင်းကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့သို့ တရားဝင်အကြောင်းကြားရမည်။ အကြောင်းကြားချက် လက်ခံရရှိသော အာဏာပိုင်အဖွဲ့သည် သင့်လျော်သော ဝိနိစ္ဆယဌာနကို စီစဉ်ပေး၍ အခြားလိုအပ်သော အကူအညီကို ပေးရမည်။

၂၈။ စောဒက/စုဒိတကသည် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော် တစ်ပါးပါးကို သော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း၊ ဖော်ပြလတ္တံ့ပါ အကြောင်းများအရ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ ကန့်ကွက်နိုင်သည်-

(က) ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇-ပါ အရည်အချင်း ပျက်ယွင်းမှု ရှိခြင်း၊

(ခ) စောဒက/စုဒိတကနှင့် ပဗ္ဗဇ္ဇာစရိယ၊ ဥပသမ္ပဒါစရိယ၊ နိဿယာစရိယ၊ ဥပဇ္ဈာယာစရိယ၊ ပဗ္ဗဇ္ဇန္တေ ဝါသိက၊ ဥပသမ္ပဒန္တေဝါသိက၊ နိဿယန္တေဝါသိက၊ သဒ္ဓိဝိဟာရိက၊ သမာနုပဇ္ဈာယက အဖြစ် ရင်းနှီးဆက်စပ်မှုရှိခြင်း၊

(ဂ) စောဒက/စုဒိတကနှင့် ဆွေမျိုးတော်စပ်ခြင်း။

၂၉။ (က) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် အပိုဒ် ၂၈-အရ ကန့်ကွက်ကြောင်း တင်ပြလာပါက ထိုတင်ပြကန့်ကွက်ချက်သည် အထောက်အထားခိုင်လုံကြောင်း တွေ့ရှိရလျှင် ထို သံဃဝိနိစ္ဆယအဖွဲ့အား မှုခင်းစစ်ဆေးခြင်းကို ရပ်ဆိုင်းစေရမည်။ ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၈-နှင့်အညီ

ဆောင်ရွက်၍ အပြစ်မရှိပါက ကန့်ကွက်လွှာကို ပယ်ချပြီး မှုခင်းစစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်စေရမည်။ အပြစ်ရှိကြောင်း တွေ့ရှိပါက သံဃဝိနိစ္ဆယအဖွဲ့ဝင် တစ်ပါးပါးကိုသော်လည်းကောင်း၊ သံဃဝိနိစ္ဆယအဖွဲ့ တစ်ဖွဲ့လုံးကို သော်လည်းကောင်း တာဝန်မှ ရုပ်သိမ်း၍ အမှတ်စဉ်အတိုင်း အစားထိုး ခန့်အပ်ခြင်း/ပြန်လည် ဖွဲ့စည်းခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးရမည်၊

(ခ) ထို တင်ပြကန့်ကွက်ချက်သည် အထောက်အထား မခိုင်လုံလျှင် ကန့်ကွက်သူသည် ကန့်ကွက်ခံရသော ဝိနည်းဓိုရ်ဆရာတော်/ သံဃဝိနိစ္ဆယအဖွဲ့အား သက်ဆိုင်ရာ သံဃနာယကအဖွဲ့ ရှေ့မှောက်၌ မိမိမှားယွင်းမိပါကြောင်း ဝန်ချတောင်းပန်ရမည်၊

(ဂ) ဝန်ချတောင်းပန်ခြင်းမပြုလျှင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ ဆောင်ရွက်နိုင်ရန် အစီရင်ခံရမည်။

၃၀။ အမှုစစ်ဆေးနေစဉ်-

(က) ဝိနည်းဓိုရ်ဆရာတော် တစ်ပါးပါးသည် ခိုင်လုံသည့်အကြောင်း တစ်ခုခုကြောင့် ပေးအပ်သည့်တာဝန်ကို မထမ်းဆောင်နိုင်လျှင် သော်လည်းကောင်း၊ မိမိ၌ ဝိနည်းဓိုရ်အင်္ဂါ ချွတ်ယွင်းလျှင်သော်လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ချက်ချင်း အကြောင်းကြားစာတင်သွင်း၍ မိတ္တူကို သက်ဆိုင်ရာ သံဃဝိနိစ္ဆယအဖွဲ့သို့ ပေးပို့ရမည်၊

(ခ) ဝိနည်းမိုရ်ဆရာတော် တစ်ပါးပါး၌ ဆက်လက်စစ်ဆေးခြင်း မပြုနိုင်လောက်သော မကျန်းမာခြင်း, ထိခိုက်ဒဏ်ရာရခြင်း စသည့် အကြောင်းတစ်ခုခု ပေါ်ပေါက်လာပါက ထိုဝိနည်းမိုရ် ဆရာတော်၏ နေရာတွင် အမှတ်စဉ်ကျရာ အရန် ဝိနည်းမိုရ် ဆရာတော်တစ်ပါးကို သဘာပတိ ဆရာတော်က အစား ထည့်သွင်း၍ အမှုကို ဆက်လက် စစ်ဆေးရမည်၊

(ဂ) ထိုသို့အရန်ဝိနည်းမိုရ်အစားထိုးသော်လည်း သံဃဝိနိစ္ဆယ အဖွဲ့ဝင် အရေအတွက်မပြည့်သေးပါက သက်ဆိုင်ရာ သံဃနာယကအဖွဲ့ထံ တင်ပြရမည်၊

ဃ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ရွေးချယ်စဉ်အတိုင်း သံဃဝိနိစ္ဆယအဖွဲ့ဝင်ကို လိုအပ်သလို အစားထိုးရွေးချယ် ဖွဲ့စည်းပေးရမည်၊

# အခန်း (၅)

## သံဃဝိနိစ္ဆယဌာန၌ ဝိနည်းမမှုကံအမိကရုဏ်းမှုခင်း စစ်ဆေးနေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃၁။ ဝိနည်းမမှုကံအမိကရုဏ်းမှုခင်းသည် သိမ်, ကျောင်း, ဇရပ်စသော အဆောက်အအုံတစ်ခုခုကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင် ဖြစ်စေ၊ ယင်းအဆောက်အအုံများတည်ရှိရာ ကျောင်းတိုက်တစ်ခုလုံးကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ ယင်းအဆောက် အအုံ/ကျောင်းတိုက်ရှိ ပုဂ္ဂိုလ်အားလုံးကို သော်လည်းကောင်း၊ ပုဂ္ဂိုလ် တစ်ဦးဦးကိုသော်လည်းကောင်း ဖယ်ရှားရန်လိုအပ်ကြောင်း မြို့နယ်သံဃ နာယကအဖွဲ့က အကြောင်းကြားလျှင် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင် အဖွဲ့က လိုအပ်သလို အရေးယူဆောင်ရွက်ပေးရမည်။

၃၂။ အပိုဒ် ၃၁-အရ လိုအပ်၍ ပုဂ္ဂိုလ်အားလုံးကို ဖယ်ရှားရလျှင် ယင်းအဆောက်အအုံ၊ သို့မဟုတ် ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက် ရန်အတွက် သက်ဆိုင်ရာမြို့နယ် အာဏာပိုင်အဖွဲ့သည် သင့်လျော်သည့် အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်ကိုဖြစ်စေ အမှုမပြီးမီ ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန်ပေးအပ်နိုင်သည်။

၃၃။ ဝိနည်းမေမှကံအဓိကရုဏ်းမှုခင်းသည် အပိုဒ် ၃၂-ပါ ပစ္စည်းမျိုး မဟုတ်ဘဲ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့သည် နှစ်ဘက် အမှုသည်များ၏ ရှေ့မှောက်တွင် ပစ္စည်းစာရင်းမိတ္တူကို (၃)စောင်ပြုပြီး ယင်းပစ္စည်းများကို လက်ရှိပုဂ္ဂိုလ်အား စာရင်းနှင့်တကွ အပ်နှံ၍ ထိန်းသိမ်းစောင့်ရှောက်ထားစေရမည်။ ပစ္စည်းစာရင်းမိတ္တူ(၁)စောင်စီကို နှစ်ဘက်အမှုသည်များနှင့် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့တို့အား လက်ရောက်ပေးအပ်ရမည်၊

၃၄။ အပိုဒ် ၃၂၊ ၃၃ တို့အရ ထိန်းသိမ်းစောင့်ရှောက်ထားသော ပစ္စည်းများကို အမှုပြီးစီးသောအခါ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အညီ လက်ဝယ်ရထိုက်သူများအား စာရင်းနှင့်တကွ အပြည့်အစုံ လွှဲအပ်ပေးရမည်၊

# အခန်း (၆)

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ခြင်း

၃၅။ (က) သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းနှင့် ပတ်သက်သည့် စောဒက၊ စုဒိတက တို့ကို သတ်မှတ်သည့်ပုံစံ(၅)ဖြင့်၊ ယင်းတို့က တင်ပြသော နှစ်ဖက်သက်သေများကို သတ်မှတ်သည့်ပုံစံ (၆)ဖြင့် ပင့်လျှောက်/ဆင့်ခေါ် စစ်ဆေးရမည်၊

(ခ) ထိုသို့ပင့်လျှောက်/ဆင့်ခေါ် စစ်ဆေးရာ၌ သံဃဝိနိစ္ဆယ အဖွဲ့သည် စောဒကနှင့် ယင်းကတင်ပြသော သက်သေ များကို ရှေးဦးစွာ စစ်ဆေးရမည်၊ ထို့နောက် စုဒိတကနှင့် ယင်းကတင်ပြသော သက်သေများကို စစ်ဆေးရမည်၊

(ဂ) စောဒကနှင့် စုဒိတကတို့သည် အခြားတစ်ဘက် အမှုသည် နှင့် နှစ်ဖက်သက်သေတို့ကို စစ်မေးနေစဉ် နားထောင်ခွင့်၊ ရေးမှတ်ခွင့် ရှိကြသည်။

(ဃ) မိမိတို့ အချင်းချင်းအားလည်းကောင်း၊ နှစ်ဖက်သက်သေများအားလည်းကောင်း မှုခင်းနှင့်သက်ဆိုင်သော မေးခွန်းများကို ဝိနည်းဓိုရ်ဆရာတော်မှတစ်ဆင့် တင်ပြ မေးမြန်းခွင့်ရှိကြသည်။

(င) အခြားတစ်ဘက်မှ တင်ပြသော သက်သေခံပစ္စည်းများကို သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ ကြည့်ရှုခွင့် ရှိကြသည်။ ယင်းသက်သေခံပစ္စည်းနှင့် အစစ်ခံထွက်ဆိုချက်များကို မိတ္တူကူးယူခွင့် ရှိကြသည်။

(စ) နောက်ဆုံး စောဒနာလွှာ/သောဓနာလွှာတို့ကို တင်သွင်းခွင့်ရှိကြသည်။ သက်သေခံစာချုပ်စာတမ်း မူရင်းများကို စာဖြင့်ပြန်လည်တောင်းယူခွင့် ရှိကြသည်။

၃၆။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အမှုစတင်စစ်ဆေးခြင်း မပြုမီ-

(က) ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၅-ပါ စောဒက၊ စုဒိတကတို့၏ အခွင့်အရေးများကို အမှုသည်တို့အား ရှင်းလင်းပြောကြားရမည်၊

(ခ) လူစောဒက၊ လူစုဒိတက၊ လူသက်သေတို့ကို မုသာဝါဒဝိရတိ သိက္ခာပုဒ်ကိုဆောက်တည်စေပြီးမှ စစ်ဆေးရမည်။ အခြား ဘာသာဝင်ဖြစ်အံ့၊ မိမိတို့ ဘာသာအရ မှန်ရာကို ထွက်ဆိုပါမည်ဟူသော ကတိဝန်ခံချက်ကို ပေးစေ၍ စစ်ဆေးနိုင်သည်။

၃၇။ သံဃဝိနိစ္ဆယအဖွဲ့သည် -

(က) အနုဝါဒါဓိကရုဏ်းမှုခင်းတစ်ခု၌ စောဒက၏ စွပ်စွဲချက်ကို စုဒိတက က ဝန်ခံလျှင် ယင်းဝန်ခံချက် အပြည့်အစုံကို ရေးမှတ်၍ လက်မှတ်ရေးထိုးစေပြီး နှစ်ဘက်အမှုသည်များနှင့် သက်သေများကို စုံလင်စွာ စစ်ဆေးကြားနာရန်မလိုဘဲ ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်နိုင်သည်။

(ခ) ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အငြင်းပွားသည့်ဝိဝါဒါ ဓိကရုဏ်းမှုခင်း၌ စောဒကနှင့် စုဒိတကတို့ကို စေ့စပ်ညှိနှိုင်းပေး၍ သဘောတူညီချက်ရရှိပါက ယင်းသဘောတူညီချက်ကို စောဒက စုဒိတကတို့အား ဝန်ခံလက်မှတ်ရေးထိုးစေပြီး ယင်းသဘောတူညီချက်ကိုပင် ဝိနိစ္ဆယ ဆုံးဖြတ်ချက် အဖြစ်ဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ စေ့စပ်ညှိနှိုင်းခြင်းကို အမှုမစစ်ဆေးမီ အများဆုံး (၃)ကြိမ် အထိသာ ပြုလုပ်ရမည်၊

(ဂ) ဝိနည်းဓမ္မကံအဓိကရုဏ်းမှုလမှုခင်း၌ အမှုစတင် မစစ်ဆေးမီဖြစ်စေ၊ စစ်ဆေးနေစဉ်ဖြစ်စေ စောဒကပုဂ္ဂိုလ်က မိမိ၏ စောဒနာလွှာကို ပြန်လည်ရုပ်သိမ်းလိုကြောင်း လျှောက်ထားလာပါလျှင် ရုပ်သိမ်းခွင့်ပြု၍ အမှုပိတ်ကြောင်း ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(ဃ) ရဟန်း/သာမဏေ၊ စောဒက/စုဒိတကသည် သံဃဝိနိစ္ဆယ ဌာနသို့ ကိုယ်တိုင်လာရောက်ရန် မစွမ်းနိုင်အောင် နာမကျန်းဖြစ်နေလျှင် မိမိနှင့် ရင်းနှီးဆက်စပ်သည့် ဂိုဏ်းတူ ရဟန်း/သာမဏေ တစ်ပါးကိုသာ ကိုယ်စားလှယ်အဖြစ်

လွှဲအပ် ဆောင်ရွက်စေခွင့်ရှိသည်။ ယင်းမှုခင်းကို စစ်ဆေးသည့် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးသော သံဃနာယက အဖွဲ့ဝင်၊ နိုင်ငံတော်အဆင့် ရဟန်းနှင့် ရဟန်း/သာမဏေ မဟုတ်သူကို ကိုယ်စားလှယ်အဖြစ် လွှဲအပ် ဆောင်ရွက် စေခွင့် မရှိစေရ၊

ရဟန်း/သာမဏေမဟုတ်သော စောဒက/စုဒိတကသည် သံဃဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်လာရောက်ရန် မစွမ်းနိုင် အောင် နာမကျန်းဖြစ်နေလျှင် မိမိ၏ မှတ်ပုံတင်စာချုပ်အရ တရားဝင် ကိတ္တိမသားသမီးအပါအဝင် နှစ်ဝမ်းကွဲအထိ ဆွေမျိုး တော်စပ်သော ရဟန်း/သာမဏေ မဟုတ်သူ တစ်ဦးဦးကိုသာ ကိုယ်စားလှယ်အဖြစ် လွှဲအပ်ဆောင်ရွက် စေခွင့်ရှိသည်၊

စောဒက/စုဒိတကသည် ဤအပိုဒ် ၃၇ (ဃ) (င)တို့အရ ကိုယ်စားလှယ်စေလွှတ်ခွင့်ရှိသော်လည်း စောဒက/ စုဒိတကကို စစ်ဆေးရာ၌မူ ကိုယ်တိုင်သာလျှင် စစ်ဆေး ခံရမည်၊

သာသနာရေးဆိုင်ရာ ပစ္စည်းများကို တရားဝင်ပေးပိုင်ခွင့်, ရယူပိုင်ခွင့်, စီမံပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်/လူပုဂ္ဂိုလ် အဖွဲ့အစည်းတစ်ခုက မှုခင်းမဖြစ်ပွားမီကပင် အစဉ်အလာ အားဖြင့် ရက္ခကဂေါပက ပြုလုပ်စောင့်ရှောက်လာပါက ထိုပုဂ္ဂိုလ်/အဖွဲ့အစည်းသည် စောဒက/စုဒိတကအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၃၈။ သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အတွက် နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူရာ၌ အခက်အခဲရှိပါက ပြည်/တိုင်း၊ သို့မဟုတ် မြို့နယ် အာဏာပိုင်အဖွဲ့က ဝိနည်းမိုရ်ဆရာတော်များအား လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

၃၉။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်နိုင် ရန်အတွက် သက်ဆိုင်ရာသံဃနာယကအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့၏ အကူအညီဖြင့်(၇)ရက်ခြား (၃)ကြိမ်ပင့်လျှောက်/ဆင့်ခေါ်ရမည်။ ယင်းသို့ပင့်လျှောက်/ဆင့်ခေါ်ပါလျက် စောဒက/စုဒိတကများ မလာမရောက် ပျက်ကွက်နေလျှင်သော်လည်းကောင်း၊ ဝိနိစ္ဆယအဖွဲ့ရုံးသို့ ကိုယ်တိုင်လာရောက်ပြီးနောက် သံဃဝိနိစ္ဆယအဖွဲ့က ရက်ချိန်းပေးသောနေ့တွင် ကိုယ်တိုင်လာရောက်ရန် ပျက်ကွက်နေလျှင်သော်လည်းကောင်း၊ ယင်းတို့၏ မျက်ကွယ်၌ပင်ဖြစ်စေကာမူ ယင်းတို့၏ မျက်မှောက်၌ကဲ့သို့ စစ်ဆေး ဆုံးဖြတ်နိုင်သည်။

၄၀။ စောဒက/စုဒိတကနှင့် ယင်းတို့၏ သက်သေတစ်ဦးဦးသည် သံဃဝိနိစ္ဆယဌာနသို့ လာရောက်၍ အစစ်မခံနိုင်လောက်သော အကြောင်းတစ်ခုခုရှိခဲ့သော် ယင်းတို့ထံ အနည်းဆုံး ဝိနည်းမိုရ်ဆရာတော်(၂)ပါးက ကိုယ်တိုင် ကြွရောက်စစ်ဆေးနိုင်သည်။ မြို့နယ်တစ်ပါးမှမှုခင်းဖြစ်ခဲ့လျှင် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်း၊ သို့မဟုတ် မြို့နယ်အာဏာပိုင်အဖွဲ့သို့ ယင်းတို့ဒေသရှိသင့်လျော်ရာ ဝိနည်းမိုရ်ဆရာတော်များအား စစ်ဆေးပေးရန် အကြောင်းအရာ အပြည့်အစုံပါရှိသော မေတ္တာရပ်ခံစာ ပေးပို့၍ စစ်ဆေးချက် အားလုံးတို့ကို မိမိတို့၏ ဝိနိစ္ဆယဌာနသို့ ပြန်လည်ပေးပို့စေနိုင်သည်။

၄၁။ ဝိနည်းမှုကြောင်း အမိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရေးအတွက် သံဃဝိနိစ္ဆယအဖွဲ့၏ ပင့်လျှောက်/ဆင့်ခေါ်စာကို (၃)ကြိမ်တိုင်တိုင် ရရှိပါလျက် လုံလောက်သော အကြောင်းမပြဘဲ လာရောက်ရန် ပျက်ကွက်သည့် သက်သေများ/မိမိကိုယ်တိုင် အစစ်ဆေးမခံရမီ အခြားသူတို့၏ အစစ်ခံ ထွက်ဆိုချက်များကို နားထောင်သော သက်သေများကို သက်သေစာရင်းမှ ပယ်ဖျက်၍ အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်နိုင်သည်။

၄၂။ သံဃဝိနိစ္ဆယအဖွဲ့သည် -

(က) စောဒက/စုဒိတကနှင့် ယင်းတို့တင်ပြသော နှစ်ဘက်သက်သေများကို စုံလင်စွာ စစ်ဆေးကြားနာပြီးနောက် မူလသက်သေကို သော်လည်းကောင်း၊ စစ်ဆေးရာမှ ထွက်ပေါ်လာသောအမှုနှင့် သက်ဆိုင်သည်ဟု ယူဆထိုက်သော အခြားသက်သေကိုသော်လည်းကောင်း ခေါ်ယူစစ်ဆေးနိုင်သည်။

(ခ) ထိုသို့စစ်ဆေးပြီးနောက် စောဒက၏နောက်ဆုံး စောဒနာလွှာ (၂)စောင်ကို (၅)ရက်အတွင်း တင်သွင်းစေ၍ မိတ္တူ (၁)စောင်ကို စုဒိတကအား ပေးရမည်။ စုဒိတက၏ သောဓနာလွှာ (၂)စောင်ကို နောက်ဆုံး စောဒနာလွှာ ရသည့်နေ့မှ (၅)ရက်အတွင်း တင်သွင်းစေ၍ မိတ္တူ (၁)စောင်ကို စောဒကအား ပေးရမည်။

(ဂ) ထို့နောက် အမှုတွဲပါ တရားဝင် တင်ပြချက်များနှင့် ထွက်ဆိုချက်များကိုသာ ဝေဖန်သုံးသပ်၍ စောဒက၏ မူလစောဒနာလွှာ, စုဒိတက၏ မူလသောဓနာလွှာတို့၌ ဖော်ပြတောင်းခံထားသည့် အဆုံးအဖြတ်ကိုသာ ပယ်ချခြင်း/

ခွင့်ပြုခြင်း ပြုလုပ်လျက် သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၇)ဖြင့် ဝိနည်းတရာတော်နှင့်အညီ ဆုံးဖြတ်ချက်ချရမည်။ ဝိဝါဒမှုခင်း မူလစောဒနာလွှာ၊ မူလသောခနာလွှာတို့၌ ဖော်ပြတောင်းခံထားသည့် အဆုံးအဖြတ်တွင် အငြင်းပွားရာ၌ မပါဝင်သည့် ပစ္စည်းဘဏ္ဍာနှင့် ပုဂ္ဂိုလ်ကို ထည့်သွင်းဆုံးဖြတ်ခြင်းမပြုရ။

(ဃ) ဆုံးဖြတ်ချက်ချပြီးသည့်နောက် မည်သည့် စီရင်ဆုံးဖြတ်ချက်ကိုမျှ ဖျက်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုရ။

(င) ယင်းဆုံးဖြတ်ချက်အတွင်း သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိနှင့် အဖွဲ့ဝင်ဆရာတော်များအားလုံး လက်မှတ်ရေးထိုးရမည်၊ သို့ရာတွင် အားလုံး ဆန္ဒမတူညီခဲ့သော် အဖွဲ့ဝင်ဆရာတော်တို့၏များရာ ဆန္ဒလက်မှတ်ဖြင့် အတည်ပြုဖြစ်စေရမည်။

(စ) ဆန္ဒမတူညီသော ဝိနည်းဓိုရ်ဆရာတော်သည် ဆုံးဖြတ်ချက်စာရွက်ပေါ်၌ သဘောမတူပါဟု ရေးသား၍သာ လက်မှတ်ရေးထိုးရမည်၊ သီးခြား ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရ။

၄၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနိစ္ဆယစီရင်ဆုံးဖြတ်ချက်ကို နှစ်ဖက်အမှုသည်များ ရှေ့မှောက်၌ ဖတ်ပြကြေငြာရမည်။ ကြေငြာပြီးနောက် သတ်မှတ်သည့် နောက်ဆက်တွဲပုံစံ(၇)ဖြင့် ရေးသားဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို နှစ်ဖက်အမှုသည်တို့အား ချက်ချင်းပေးအပ်ရမည်။ အကယ်၍ အမှုသည်များ လာရောက်ရန် ပျက်ကွက်လျှင် ယင်းတို့၏ မျက်ကွယ်တွင် စီရင်ဆုံးဖြတ်ချက်ကို ဖတ်ပြကြေငြာနိုင်သည်။

၄၄။ သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးရာတွင် သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(၈) အတိုင်း စစ်ဆေးရန်ဖြစ်သည်။

၄၅။ (က) သံဃဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေးဆုံးဖြတ်ချက် ချမှတ်သည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းဆိုင်ရာ အမှုတွဲကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ (၅)ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်၊

(ခ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည်-

(၁) အမှုတွဲ၌ လိုအပ်သော မှတ်တမ်းမှတ်ရာများ၊ စာရွက်စာတမ်းများပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ စိစစ်လက်ခံရမည်၊

(၂) အမှုသည် တစ်ဦးဦးက ဝိနိစ္ဆယ စီရင်ချက်မိတ္တူမှန်ကို ပေးပါရန် စာဖြင့်တောင်းခံလျှင် တောင်းခံစာရသည့်နေ့မှ (၃)ရက်အတွင်း စတင်ရေးကူးခွင့်ပြု၍ မိတ္တူမှန်ဖြစ်ကြောင်း တာဝန်ခံလက်မှတ်ထိုးပြီး သံဃနာယကအဖွဲ့တံဆိပ် ရိုက်နှိပ်ပေးရမည်၊

(၃) အယူခံစောဒနာဝင်လွှာတင်သွင်းပါက ယင်းအမှုတွဲကို သက်ဆိုင်ရာပြည်နယ်/တိုင်းသံဃနာယကအဖွဲ့/နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ စာရွက်တိုင်းတွင် သံဃနာယကအဖွဲ့ တံဆိပ် ရိုက်နှိပ်၍ စာမျက်နှာနံပါတ်ရေးထိုးပြီး စနစ်တကျ လွှဲပြောင်းပေးပို့ရမည်၊

(ဂ) အယူခံမဝင်လိုပါကြောင်းကို သံဃဝိနိစ္ဆယအဖွဲ့ရှေ့မှောက်၌ ဝန်ခံကတိလက်မှတ်ရေးထိုးပြီးသော စောဒက စုဒိတက တို့သည် မိမိတို့ကတိကို ဖေါက်ဖျက်၍ အယူခံတင်သွင်း လာပါက ယင်းအယူခံလွှာကို ပလပ် ပယ်ချရမည်။

*****

# အခန်း (၇)

## အယူခံစောဒနာဝင်ခြင်းနှင့် အယူခံစောဒနာဝင် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆုံးဖြတ်ခြင်း

၄၆။ (က) မူလစစ်ဆေးသော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက/စုဒိတကသည် ဝိနည်းတရားတော်နှင့် မည်သို့ မညီညွတ်ကြောင်း ခိုင်လုံစွာ အကြောင်းပြလျက် သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၉)ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ အယူခံစောဒနာဝင်လွှာ တင်သွင်းနိုင်သည်။ ထိုသို့ တင်သွင်းရာတွင် မူလစစ်ဆေးသော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စီရင်ချက် မိတ္တူမှန်(၁)စောင်ကို အယူခံစောဒနာဝင်လွှာ(၂)စောင်နှင့်အတူ ပူးတွဲပါရှိစေရမည်။ ယင်းသို့ အယူခံ စောဒနာဝင်ကြောင်းကို သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့သို့ ဤလုပ်ထုံးလုပ်နည်းအပိုဒ် (၄၅) အပိုဒ်ခွဲ (ခ)အရ ဆောင်ရွက်နိုင်ရန် စာဖြင့်တင်ပြလျှောက်ထားရမည်၊

(ခ) အယူခံ စာဒနာဝင်လွှာ၌ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ် တစ်ပါးပါးကိုဖြစ်စေ၊ သံဃဝိနိစ္ဆယတစ်ဖွဲ့လုံးကိုဖြစ်စေ အကြောသဝတ္တုတို့ဖြင့် ဆဲရေးခြင်း၊ ရင့်သီးစွာ ထိပါး ပုတ်ခတ်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ အာပတ်သို့တင်၍ဖြစ်စေ၊ ဝတ္ထုကိုပြ၍ဖြစ်စေ စွပ်စွဲခြင်းတို့ကို ဖော်ပြခြင်း မပြုရ။

၄၇။ (က) အပိုဒ် ၄၆-အရ အယူခံစာဒနာဝင်လွှာကို မူလ စစ်ဆေးသောမြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း(၃၀)အတွင်း ဤလုပ်ထုံး လုပ်နည်းများနှင့်အညီ တင်သွင်းနိုင်သည်။

(ခ) ကျောင်းတိုက်စည်းမျဉ်းစည်းကမ်းမလိုက်နာမှု၊ သမဏ သာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်မှုအတွက် အာစာရဝိပတ္တိ၊ အာဇီဝဝိပတ္တိဖြင့် စွပ်စွဲသည့် အနုဝါဒါ- ဓိကရုဏ်းမှုခင်း၌ မြို့နယ်သံဃနာယကအဖွဲ့သည် စာဒနာလွှာ ရရှိသည့်နေ့မှ ၃-ရက်အတွင်း သင့်လျော်သော မြို့နယ်အဆင့်ရှိ ဝိနည်းဓိုရ်ဆရာတော်များဖြင့် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် ဤလုပ်ထုံး လုပ်နည်းများနှင့်အညီ အကျဉ်းနည်းဖြင့် စစ်ဆေး၍ ၃-ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဃ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့် မရှိစေရ။

(င) မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့က စာဒနာလွှာ တင်သွင်း ဆောင်ရွက်ခွင့်ရှိသည်။

(စ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် အပိုဒ် (ခ)ပါ အပြစ်များကို ကျူးလွန်သော ရဟန်းသာမဏေတစ်ပါးပါးကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာကျောင်း/ကျောင်းတိုက်မှ ဖြစ်စေ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှဖြစ်စေ၊ မြို့နယ်မှဖြစ်စေ ထွက်ခွာသွားရန် တိကျစွာ ထည့်သွင်းဆုံးဖြတ်ပေးရမည်။

(ဆ) မြို့နယ်သံဃနာယကအဖွဲ့သည် ယင်းမြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆုံးဖြတ်ချက် မူရင်းနှင့်တကွ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မူလ အမှုတွဲ အပြည့်အစုံကို တင်ပြရမည်။

(ဇ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မြို့နယ် သီးခြား သံဃဝိနိစ္ဆယအဖွဲ့များ၏ ဆောင်ရွက်ချက် အပြည့်အစုံကို ညွှန်ကြားလွှာ(၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညီ/မညီ စိစစ်၍ အတည်ပြုခြင်း/ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဈ) ညွှန်ကြားလွှာ(၇၅)ဖြင့် အရေးယူမှုမှ ရှောင်လွှဲလို၍ ပိုင်ဆိုင်လိုသူက စောဒကပြုလုပ်စွဲဆိုရန် ဟူသော ဆုံးဖြတ်ချက် လျှောက်ထားရယူလိုသူသည် (၁)လ အတွင်း မြို့နယ်သံဃနာယကအဖွဲ့ထံ စောဒနာလွှာ တင်သွင်းရမည်။ သတ်မှတ်ရက်အတွင်း စောဒနာလွှာ တင်သွင်းခြင်းမရှိပါက သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

၄၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည်-

(က) လက်ခံရရှိသည့် အယူခံစာဒေနာဝင်လွှာကို စိစစ်၍ သတ်မှတ်သည့်နောက်ဆက်တွဲပုံစံ(၁၀)ဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း အယူခံစာဒေနာဝင်ဆိုင်ရာ မှတ်ပုံတင်စာရင်း၌ ရေးသွင်းမှတ်ပုံတင်ရမည်၊

(ခ) အယူခံစာဒေနာဝင်လွှာ၌ အပိုဒ် ၄၆ အပိုဒ်ခွဲ (ခ)အရ တားမြစ်ထားသော အချက်များ ပါရှိနေကြောင်း စိစစ်တွေ့ရှိရလျှင် အယူခံစာဒေနာဝင်လွှာ ရရှိသည့်နေ့မှ (၁၅) ရက်အတွင်း ယင်းအယူခံစာဒေနာဝင်လွှာကို အကြောင်းပြ ခိုင်လုံစွာဖြင့် ပလပ် ပယ်ချရမည်၊

(ဂ) ထိုသို့ ပလပ် ပယ်ချကြောင်းကို ဆုံးဖြတ်သည့်နေ့မှ (၇)ရက်အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံတင်ပြ၍ မိတ္တူကို သက်ဆိုင်ရာ အယူခံစာဒေနာဝင်သူထံသို့ ပေးပို့ရမည်၊

(ဃ) အယူခံစာဒေကပုဂ္ဂိုလ်သည် ပလပ်ပယ်ချခြင်းကို မကျေနပ်လျှင် ပလပ် ပယ်ချသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပလပ် ပယ်ချခံရသည့် အယူခံစာဒေနာဝင်လွှာ မိတ္တူမှန်နှင့်တကွ အယူခံစာဒေနာဝင်လွှာ တင်သွင်းနိုင်သည်၊

(င) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း/ပယ်ဖျက်ခြင်း ပြုရမည်၊

၄၉။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် (၄၈)အရ ဆောင်ရွက်ဖွယ်မရှိပါက အယူခံစာဒနာဝင်လွှာကို ရရှိသည့်နေ့မှ (၁၅)ရက်အတွင်း အယူခံစာဒနာဝင်လွှာ(၁)စောင်ကို တစ်ဖက်အမှုသည်ထံသို့ အရောက်ပေးပို့၍ (၁၅)ရက်အတွင်း သောဓနာလွှာ တင်သွင်းရန် ညွှန်ကြားရမည်။ ယင်းသောဓနာလွှာတင်ရန် ခွင့်ပြုရက်ကုန်ဆုံးပြီးနောက် အပိုဒ်(၄၅)အရ မြို့နယ်သံဃနာယက အဖွဲ့က လွှဲပြောင်းပေးပို့သည့် အမှုတွဲအပြည့်အစုံကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း၌ မိမိပြည်နယ်/တိုင်းအတွင်း မူလဆုံးဖြတ်သည့် မြို့နယ်နှင့် မြို့နယ်သံဃ ဝိနိစ္ဆယတစ်ခုခုကို စစ်ဆေးနေဆဲ ပုဂ္ဂိုလ်မှ တစ်ပါး ပြည်နယ်/တိုင်း ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ် ကျရာဝိနည်းဓိုရ် ဆရာတော် (၃)ပါး၊ (၅)ပါးနှင့်အရန် (၂)ပါး ပါဝင်သော အယူခံ စာဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁၁)ဖြင့် ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး ဖွဲ့စည်း၍ ယင်း ဖွဲ့စည်းခြင်း အမိန့်စာနှင့်တကွ အမှုတွဲကို ပြည်နယ်/တိုင်း သံဃ ဝိနိစ္ဆယ အဖွဲ့သို့ ပြည်နယ်/တိုင်း သံဃနာယကကိုယ်တိုင် ပေးအပ်ရမည်။

၅၀။ အယူခံစာဒနာဝင် ပြည်နယ်/ကိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် သက်ဆိုင်ရာ အမှုတွဲအပြည့်အစုံကို သုံးသပ်ဆင်ခြင်ပြီးလျှင်-

(က) မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်၊ ဤလုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့နှင့် ညီညွတ်စွာ ဆောင်ရွက်ဆုံးဖြတ်ထားကြောင်း တွေ့ရှိပါက ယင်း ဆုံးဖြတ်ချက်ကို အတည်ပြု၍ အယူခံစာဒနာ ဝင်လွှာကို ပလပ်ပယ်ချခြင်း/ ဖြည့်စွက် အမိန့်ချမှတ်ခြင်း ပြုလုပ်နိုင်သည်၊

(ခ) မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် သော်လည်းကောင်း၊ ဤလုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း ဝိနိစ္ဆယလက်စွဲနှင့်သော်လည်းကောင်း၊ မညီညွတ်ကြောင်းတွေ့ရှိပါက စာဒကစုဒိတကနှင့် သက်ဆိုင်ရာသက်သေများကို မခေါ်ယူဘဲ သော်လည်းကောင်း၊ လိုအပ်ပါက ခေါ်ယူ၍သော်လည်းကောင်း စစ်ဆေး ဆုံးဖြတ်နိုင်သည်။

၅၁။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စာဒက/စုဒိတကသည် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက်ချသည့်နေ့မှ (၄၅)ရက်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အယူခံဝင်လွှာကို သတ်မှတ်သည့်နောက်ဆက်တွဲ ပုံစံ (၁၂)ဖြင့် ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းရာတွင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ စီရင်ချက် မိတ္တူမှန် (၁)စောင်ကို အယူခံစာဒနာဝင်လွှာ (၂) စောင်နှင့်အတူ ပူးတွဲပါရှိစေရမည်။

၅၂။ အယူခံသံဃဝိနိစ္ဆယအဖွဲ့သည်-

(က) မူလမှုခင်းစစ်ဆေးသော သံဃဝိနိစ္ဆယအဖွဲ့ရှေ့မှောက်၌ အစစ်မခံလိုကြောင်း၊ သက်သေခံပစ္စည်းများ မတင်ပြလိုကြောင်း ငြင်းဆိုခဲ့သော စောဒက/စုဒိတက နှစ်ဖက်သက်သေများကို စစ်ဆေးခြင်းမပြုရ၊ ယင်း စောဒက/စုဒိတကတို့ တင်သွင်းလာသော သက်သေခံပစ္စည်းများကို လက်ခံခြင်းမပြုရ၊

(ခ) မူလမှုခင်းစစ်ဆေးသော သံဃဝိနိစ္ဆယအဖွဲ့ရှေ့မှောက်၌ ထွက်ဆိုတင်ပြချက်များနှင့် ဆီလျော်စပ်ဆိုင်မှုမရှိသော ထွက်ဆိုချက်အသစ်၊ သက်သေအသစ်၊ သက်သေခံပစ္စည်း အသစ်တို့ကို လက်ခံသုံးသပ်ခြင်း မပြုရ၊

(ဂ) သို့ရာတွင် စောဒက/စုဒိတကတို့၏ သက်သေစာရင်းပါ ပုဂ္ဂိုလ်များနှင့် သက်သေခံ စာချုပ်စာတမ်းတွင် ဖော်ပြ ထားသော သက်သေများကို မူလစစ်ဆေးသော သံဃ ဝိနိစ္ဆယအဖွဲ့က အကြောင်းခိုင်လုံစွာ မပြမူ၍ မစစ်ဆေးဘဲ ချန်ထားခဲ့ပါလျှင် လိုအပ်သလို ခေါ်ယူစစ်ဆေးနိုင်သည်။

၅၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည်-

(က) မိမိရရှိသည့် အယူခံစောဒနာဝင်လွှာကို စိစစ်၍ သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁၃)ဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း အယူခံစောဒနာဝင်ဆိုင်ရာ မှတ်ပုံတင်စာရင်း၌ ရေးသွင်းမှတ်ပုံတင်ထားရမည်၊

(ခ) အယူခံစောဒနာဝင်လွှာ၌ အပိုဒ်၊ ၄၆၊ အပိုဒ်ခွဲ (ခ)အရ တားမြစ်ထားသောအချက်များ ပါရှိနေကြောင်း စိစစ်တွေ့ရှိရလျှင် အပြစ်အားလျော်စွာ အရေးယူရမည်။

၅၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် -

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ------------ ပြည်နယ်/တိုင်း -------------------- မြို့နယ် -------ရပ်ကွက်/ကျေးရွာအုပ်စု ------------------------ ၌ သီတင်းသုံး/ နေထိုင်သော စောဒက --------- ပါ (    )ဦးနှင့် ------------- ပြည်နယ်/တိုင်း --------------- မြို့နယ် ------------- ရပ်ကွက်/ကျေးရွာအုပ်စု -------------- ၌ သီတင်းသုံး/ နေထိုင်သော စုဒိတက ------------ ပါ (   )ဦး တို့၏ --------------- အယူဝါဒ အပေါ်၌ ဓမ္မ, အဓမ္မ အငြင်းပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ် ပေးရန် ဖော်ပြလတ္တံ့ပါ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (    )ကို ဖွဲ့စည်းလိုက်သည်။

| **အမှတ်စဉ်** | **ဘွဲ့တော်** | **သက်တော်** | **သိက္ခာ** | **ကျောင်း/ကျောင်းတိုက်** |
|---|---|---|---|---|
| ၁။ | ------------- | --------- | ------- | ----------------------- |
| ၂။ | ------------- | --------- | ------- | ----------------------- |
| ၃။ | ------------- | --------- | ------- | ----------------------- |
| ၄။ | ------------- | --------- | ------- | ----------------------- |
| ၅။ | ------------- | --------- | ------- | ----------------------- |
| | | **အရန်ဝိနည်းဓိုရ်** | | |
| ၆။ | ------------- | --------- | ------- | ----------------------- |
| ၇။ | ------------- | --------- | ------- | ----------------------- |

၂။ ဖော်ပြပါ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့တွင် သင့်လျော်ရာ တစ်ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူကြရန် ဖြစ်သည်။

လက်မှတ် ----------------------
ဘွဲ့တော် ----------------------
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

(မဟာနတံဆိပ်)

စာအမှတ် ---------------------
ရက်စွဲ ---------------------

ပုံစံ (၁)

# မြို့နယ်သံဃဝိနိစ္ဆယအမှုတွဲကို
# မြို့နယ်သံဃနာယကအဖွဲ့ကစိစစ်၍
# ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ရမည့်ပုံစံ

(က) မှုခင်းအမည်----------------------------------------------------

----------------------------------------------------------------------

(ခ) မူလစောဒကအမည်------------------ သက်တော် ( )၊

သိက္ခာ ( )၊ ဂိုဏ်း ( )

(ဂ) သာသနာဝင်/မှတ်ပုံတင်အမှတ်-----------------------------------

(ဃ) မူလစောဒကလိပ်စာ------------------------------------------

(င) မူလစုဒိတကအမည် ------------------ သက်တော် ( )၊

သိက္ခာ ( )၊ ဂိုဏ်း ( )

(စ) သာသနာဝင်/မှတ်ပုံတင်အမှတ်-----------------------------------

(ဆ) မူလစုဒိတကလိပ်စာ------------------------------------------

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၁ | စောဒနာလွှာ၌ စောဒကကိုယ်တိုင် လက်မှတ်ထိုး/မထိုး | --------- |
| ၂ | စောဒနာလွှာတင်သည့်ရက် | --------- |
| ၃ | ဝိဝါဒါဓိကရုဏ်းမှုခင်း၌ မြေပုံရာဇဝင် ပါ/မပါ | --------- |
| ၄ | အနုဝါဒါဓိကရုဏ်းမှုခင်း၌ ပုံစံ (၃) ပါ/မပါ | --------- |
| ၅ | ဝိဝါဒါဓိကရုဏ်းမှုခင်းတွင် ပုံစံ (က)ဖြင့် စွဲဆိုခြင်း ရှိ/မရှိ | --------- |
| ၆ | အနုဝါဒါဓိကရုဏ်းမှုခင်းတွင် ပုံစံ (ခ)ဖြင့် စွဲဆိုခြင်း ရှိ/မရှိ | --------- |
| ၇ | စောဒနာလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စောဒကသက်သေ ( )ဦး တစ်ဦးချင်းစီ၏ အမည်များ<br>(၁) -------------- (၂) -------------- (၃) --------------<br>(၄) -------------- (၅) -------------- (၆) --------------<br>(၇) -------------- (၈) -------------- (၉) -------------- | |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၈ | အနုဝါဒမှုခင်းတွင် ပုံစံ (၃) မိတ္တူမှန်နှင့်အတူ စောဒနာလွှာကို စုဒိတကထံ ပေးပို့သည့်ရက်စွဲ | ---------- |
| ၉ | ဝိဝါဒမှုခင်းတွင် စောဒနာလွှာကို စုဒိတကထံပေးပို့သည့်ရက်စွဲ | ---------- |
| ၁၀ | သောဓနာလွှာ တင်သည့်နေ့ရက် | ---------- |
| ၁၁ | သောဓနာလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စုဒိတက သက်သေ (     ) ဦး တစ်ဦးချင်းစီ၏အမည်များ<br>(၁) -------------- (၂) -------------- (၃) --------------<br>(၄) -------------- (၅) -------------- (၆) --------------<br>(၇) -------------- (၈) -------------- (၉) -------------- | ---------- |
| ၁၂ | မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့အမှတ် (                )ဖွဲ့စည်းရက် | ---------- |
| ၁၃ | မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းမိန့်ပုံစံ (၄) ပါ/မပါ | ---------- |
| ၁၄ | ဝိနည်းဓိုရ်ရွေးချယ်စဉ်အတိုင်း ဖွဲ့စည်းထားခြင်း ရှိ/မရှိ | ---------- |
| ၁၅ | ဖွဲ့စည်းမိန့်၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ကိုယ်တိုင် လက်မှတ်ထိုး/မထိုး | ---------- |
| ၁၆ | မြို့နယ်သံဃနာယကအဖွဲ့ တံဆိပ်များ၌ နံပါတ်များ ပါ/မပါ | ---------- |
| ၁၇ | ဝိ/လက်စွဲအပိုဒ် (၈၆) (၈၈) တို့နှင့်အညီ လွှဲပြောင်းပေးခြင်း ရှိ /မရှိ | ---------- |
| ၁၈ | ဝိနိစ္ဆယ စတင်စစ်ဆေးသည့်နေ့ရက် | ---------- |
| ၁၉ | စောဒက/စုဒိတက ဆင့်ခေါ်စာပုံစံ (၅) ပါ/မပါ | ---------- |
| ၂၀ | သက်သေဆင့်ခေါ်စာပုံစံ (၆) ပါ/မပါ | ---------- |
| ၂၁ | ဝိ/လုပ်ထုံးနှင့်အညီ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့က ပယ်ဖျက်သည့် သက်သေစာရင်း<br>(၁) -------------- (၂) -------------- (၃) --------------<br>(၄) -------------- (၅) -------------- (၆) -------------- | ---------- |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၂၂ | စာေဒကနှင့် သက်သေများအားလုံး စစ်/မစစ် | ---------- |
| ၂၃ | စုဒိတကနှင့် သက်သေများအားလုံး စစ်/မစစ် | ---------- |
| ၂၄ | စာေဒကနှင့် ၎င်းသက်သေများအားလုံးတို့၏ စစ်ချက်များ ပါ/မပါ | ---------- |
| ၂၅ | စုဒိတကနှင့် ၎င်းသက်သေများအားလုံးတို့၏ စစ်ချက်များ ပါ/မပါ | ---------- |
| ၂၆ | စာေဒကနှင့် သက်သေစစ်ပြီးမှ စုဒိတကနှင့် သက်သေ စစ်/မစစ် | ---------- |
| ၂၇ | ဝိ/လက်စွဲ (၁၈၀)အရ စာေဒကသည် သဘာပတိ ဆရာတော် မှတစ်ဆင့် တစ်ဖက်ပုဂ္ဂိုလ်များအား မေးမြန်းခဲ့ခြင်း ရှိ/မရှိ | ---------- |
| ၂၈ | ဝိ/လက်စွဲ (၁၈၀)အရ စုဒိတကသည် သဘာပတိ ဆရာတော် မှတစ်ဆင့် တစ်ဖက်ပုဂ္ဂိုလ်များအား မေးမြန်းခဲ့ခြင်း ရှိ/မရှိ | ---------- |
| ၂၉ | စစ်ဆေးချက်များအောက်၌ သဘာပတိဆရာတော် လက်မှတ် ပါ/မပါ | ---------- |
| ၃၀ | ထွက်ဆိုချက်စာရွက်တိုင်းတွင် အစစ်ခံသူတစ်ဦးချင်းစီ၏ လက်မှတ် ပါ/မပါ | ---------- |
| ၃၁ | နောက်ဆုံးစာေဒနာလွှာ ပါ/မပါ | ---------- |
| ၃၂ | နောက်ဆုံး သောဓနာလွှာ ပါ/မပါ | ---------- |
| ၃၃ | သဘာပတိမှတ်တမ်းပုံစံ (၈) မူရင်း ပါ/မပါ | ---------- |
| ၃၄ | သဘာပတိမှတ်တမ်းတွင် သဘာပတိဆရာတော်မှ နေ့စဉ် ဆောင်ရွက်ချက် ရေးသွင်း၍ ရက်စွဲစဉ်အလိုက် လက်မှတ် ရေးထိုးခြင်း ရှိ/မရှိ | ---------- |
| ၃၅ | ဆုံးဖြတ်ချက်ချသည့်ရက် | ---------- |
| ၃၆ | ဆုံးဖြတ်ချက်ပုံစံ (၇) ပါ/မပါ | ---------- |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၃၇ | ဝိနည်းမိုရ်အားလုံး ကိုယ်တိုင်လက်မှတ်ထိုး/မထိုး | ---------- |
| ၃၈ | လက်မှတ်ရေးထိုးရန်မလိုသော အရန်ဝိနည်းမိုရ်များ လက်မှတ်ထိုးထားခြင်း ရှိ/မရှိ | ---------- |
| ၃၉ | ဆုံးဖြတ်ချက်ချရာသို့ စောဒက လာ/မလာ | ---------- |
| ၄၀ | ဆုံးဖြတ်ချက်ချရာသို့ စုဒိတက လာ/မလာ | ---------- |
| ၄၁ | အယူခံဝင်မည်ဟု လက်မှတ် ထိုး/မထိုးနှင့် သဘာပတိ ဆရာတော် ထပ်ဆင့်လက်မှတ်ထိုးခြင်း ရှိ/မရှိ | ---------- |
| ၄၂ | ဝိနိစ္ဆယစစ်ဆေးသည့် ကာလအပိုင်းအခြား | (   )ရက် |
| ၄၃ | ရက်တိုး တောင်း/မတောင်း | ---------- |
| ၄၄ | ပထမအကြိမ်တောင်းသည့်ရက်စွဲ | ---------- |
| ၄၅ | ဒုတိယအကြိမ်တောင်းသည့်ရက်စွဲ | ---------- |
| ၄၆ | အမှုတွဲစာရွက်တိုင်း၏ နောက်ကျောဘက်တွင် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်များ၌ နံပါတ်များ ပါ/မပါ | ---------- |
| ၄၇ | မြို့နယ်မှပေးပို့သည့် အမှုတွဲဖိုင်အရေအတွက် | ---------- |

| စဉ် | ဖိုင်တွဲအမည် | ရွက်ရေ |
|---|---|---|
| ဖိုင်(၁) | ---------------- | ---------------- ရွက် |
| ဖိုင်(၂) | ---------------- | ---------------- ရွက် |
| ဖိုင်(၃) | ---------------- | ---------------- ရွက် |
| ဖိုင်(၄) | ---------------- | ---------------- ရွက် |
| ဖိုင်(၅) | ---------------- | ---------------- ရွက် |

**စိစစ်သူ**

မြို့နယ်သံဃ
နာယကအဖွဲ့
တံဆိပ်ဝိုင်း

လက်မှတ် --------------------

ဘွဲ့တော် --------------------

တာဝန် --------------------

သံဃနာယကအဖွဲ့ ------------

**မှတ်ချက်**။ ။နမူနာပုံစံဖြစ်ပါသည်။ စာသားအကျဉ်းအကျယ် အနေအထားအရ မိမိအစီအစဉ်ဖြင့် ကွန်ပျူတာ စာစီ၍ ပေးပို့နိုင်ပါသည်။

# ပြည်နယ်/တိုင်းသံဃဝိနိစ္ဆယအမှုတွဲကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ကစိစစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည့်ပုံစံ

(က) မှုခင်းအမည်----------------------------------------------------

----------------------------------------------------------------

(ခ) အယူခံစောဒကအမည်------------------ သက်တော် ( )၊ သိက္ခာ ( )၊ ဂိုဏ်း ( )

(ဂ) သာသနာဝင်/မှတ်ပုံတင်အမှတ်-----------------------------------

(ဃ) အယူခံစုဒိတကအမည် -------------------- သက်တော် ( )၊ သိက္ခာ ( )၊ ဂိုဏ်း ( )

(င) သာသနာဝင်/မှတ်ပုံတင်အမှတ်-----------------------------------

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၁ | အယူခံစောဒနာလွှာ၌ ပုံစံ (၉) ပါ/မပါ | ---------- |
| ၂ | မြို့နယ်ဝိနိစ္ဆယဆုံးဖြတ်ချက်ပုံစံ (၇) မိတ္တူ ပါ/မပါ | ---------- |
| ၃ | အယူခံစောဒနာလွှာ တင်သည့်နေ့ရက် | ---------- |
| ၄ | အယူသောစနာလွှာ တင်သည့်နေ့ရက် | ---------- |
| ၅ | ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့အမှတ် ( ) ဖွဲ့စည်းသည့်ရက် | ---------- |
| ၆ | ဖွဲ့စည်းမိန့်ပုံစံ (၁၁) ပါ/မပါ | ---------- |
| ၇ | ဖွဲ့စည်းမိန့်၌ ပြည်နယ်/တိုင်း သံဃနာယကဥက္ကဋ္ဌကိုယ်တိုင် လက်မှတ် ထိုး/မထိုး | ---------- |
| ၈ | ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ တံဆိပ်များ၌ နံပါတ်များ ပါ/မပါ | ---------- |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
| --- | --- | --- |
| ၉ | ဝိ/လက်စွဲအပိုဒ် (၈၆၊ ၈၈)တို့နှင့်အညီ လွှဲပြောင်းအပ်နှံခြင်း ရှိ/မရှိ | ---------- |
| ၁၀ | ဝိ/လက်စွဲ (၂၄၅)အရ စာဒက/စာဒကပြသက်သေ ထပ်စစ်/မစစ် | ---------- |
| ၁၁ | ဝိလက်စွဲ (၂၄၅)အရ စုဒိတက/စုဒိတကပြသက်သေ ထပ်စစ်/မစစ် | ---------- |
| ၁၂ | ထပ်မံစစ်ဆေးပါက- | |
| | - စာဒကပြသက်သေ အမည် ---------------------------- | |
| | - စုဒိတကပြသက်သေ အမည် ---------------------------- | |
| ၁၃ | ပြည်နယ်/တိုင်း ဝိနိစ္ဆယ စတင်စစ်ဆေးသည့်နေ့ရက် | ---------- |
| ၁၄ | ဝိနိစ္ဆယဆုံးဖြတ်ချက်ချသည့်ရက် | ---------- |
| ၁၅ | ဝိနိစ္ဆယစစ်ဆေးသည့် ကာလအပိုင်းအခြား | (  ) ရက် |
| ၁၆ | ရက်တိုး တောင်း/မတောင်း | ---------- |
| ၁၇ | ပထမအကြိမ်တောင်းသည့်ရက်စွဲ | ---------- |
| ၁၈ | ဒုတိယအကြိမ် တောင်းသည့်ရက်စွဲ | ---------- |
| ၁၉ | ဆုံးဖြတ်ချက် ပုံစံ (၇) ပါ/မပါ | ---------- |
| ၂၀ | ဝိနည်းမှိုရ်အားလုံး ကိုယ်တိုင် လက်မှတ်ထိုး/မထိုး | ---------- |
| ၂၁ | လက်မှတ်ရေးထိုးရန်မလိုသော အရန်ဝိနည်းမှိုရ် လက်မှတ်ထိုးထားခြင်း ရှိ/မရှိ | ---------- |
| ၂၂ | အယူခံစာဒက လာ/မလာ | ---------- |
| ၂၃ | အယူခံစုဒိတက လာ/မလာ | ---------- |
| ၂၄ | အယူခံဝင်မည်ဟု လက်မှတ်ထိုး/မထိုးနှင့် သဘာပတိဆရာတော်မှ ထပ်ဆင့်လက်မှတ်ထိုးထားခြင်း ရှိ/မရှိ | ---------- |
| ၂၅ | သဘာပတိမှတ်တမ်းပုံစံ (၈) မူရင်း ပါ/မပါ | ---------- |
| ၂၆ | အမှုတွဲစာရွက်တိုင်း၏ နောက်ကျောဘက်တွင် ပြည်နယ်/တိုင်းသံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်များ၌ နံပါတ်များ ပါ/မပါ | ---------- |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၂၇ | ပြည်နယ်/တိုင်းမှ ပေးပို့သည့်အမှုတွဲဖိုင် အရေအတွက်<br>**စဉ်** **ဖိုင်တွဲအမည်** **ရွက်ရေ**<br>ဖိုင်(၁) ----------------- ----------------- ရွက်<br>ဖိုင်(၂) ----------------- ----------------- ရွက်<br>ဖိုင်(၃) ----------------- ----------------- ရွက်<br>ဖိုင်(၄) ----------------- ----------------- ရွက်<br>ဖိုင်(၅) ----------------- ----------------- ရွက် | |

ပြည်နယ်/တိုင်း
သံဃနာယကအဖွဲ့
တံဆိပ်ဝိုင်း

**စိစစ်သူ**

လက်မှတ် --------------------

ဘွဲ့တော် --------------------

တာဝန် --------------------

သံဃနာယကအဖွဲ့ -----------

**မှတ်ချက်။** ။ နမူနာပုံစံဖြစ်ပါသည်။ စာသားအကျဉ်းအကျယ် အနေအထားအရ မိမိအစီအစဉ်ဖြင့် ကွန်ပျူတာ စာစီ၍ ပေးပို့နိုင်ပါသည်။

# ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်းသံဃဝိနိစ္ဆယအမှုတွဲကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ကစိစစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည့်ပုံစံ

(က) မှုခင်းအမည်------------------------------------------------------
------------------------------------------------------------

(ခ) မူလစောဒကအမည်------------------ သက်တော် ( )၊
သိက္ခာ ( )၊ ဂိုဏ်း ( )

(ဂ) သာသနာဝင်/မှတ်ပုံတင်အမှတ်--------------------------------

(ဃ) မူလစုဒိတကအမည် --------------------- သက်တော် ( )၊
သိက္ခာ ( )၊ ဂိုဏ်း ( )

(င) သာသနာဝင်/မှတ်ပုံတင်အမှတ်--------------------------------

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၁ | စောဒနာလွှာ၌ စောဒကကိုယ်တိုင် လက်မှတ် ထိုး/မထိုး | ---------- |
| ၂ | စောဒနာလွှာတင်သည့်နေ့ရက် | ---------- |
| ၃ | ဝိဝါဒါဓိကရုဏ်းမှုခင်း၌ မြေပုံမြေရာဇဝင် ပါ/မပါ | ---------- |
| ၄ | ဝိဝါဒါဓိကရုဏ်းမှုခင်းတွင် ပုံစံ (က)ဖြင့် စွဲဆိုခြင်း ရှိ/မရှိ | ---------- |
| ၅ | စောဒနာလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စောဒက သက်သေ ( ) ဦး | ---------- |
| | **တစ်ဦးချင်းစီ၏အမည်များ**<br>(၁) -------------- (၂) -------------- (၃) --------------<br>(၄) -------------- (၅) -------------- (၆) --------------<br>(၇) -------------- (၈) -------------- (၉) -------------- | |
| ၆ | ဝိဝါဒမှုခင်းတွင် စောဒနာလွှာကို စုဒိတကထံသို့ ပေးပို့သည့်ရက်စွဲ | ---------- |

| စဉ် | အကြောင်းအရာ |
|---|---|
| ၇ | သောခနောလွှာတင်သည့်နေ့ရက် |
| ၈ | သောခနောလွှာနှင့်အတူ ပူးတွဲတင်ပြသည့် စုဒိတက |
| | သက်သေ (     ) ဦး |
| | **တစ်ဦးချင်းစီ၏အမည်များ** |
| | (၁) -------------- (၂) -------------- (၃) -------------- |
| | (၄) -------------- (၅) -------------- (၆) -------------- |
| | (၇) -------------- (၈) -------------- (၉) -------------- |
| ၉ | ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ |
| | အမှတ် (       ) ဖွဲ့စည်းသည့်နေ့ရက် |
| ၁၀ | ဖွဲ့စည်းမိန့်ပုံစံ (၁၁) ပါ/မပါ |
| ၁၁ | ဖွဲ့စည်းမိန့်၌ ပြည်နယ်/တိုင်း သံဃနာယကဥက္ကဋ္ဌ |
| | ကိုယ်တိုင် လက်မှတ် ထိုး/မထိုး |
| ၁၂ | ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့တံဆိပ်များ၌ |
| | နံပါတ်များ ပါ/မပါ |
| ၁၃ | ဝိ/လက်စွဲ အပိုဒ် (၈၆၊ ၈၈)တို့နှင့်အညီ လွှဲပြောင်း |
| | ပေးအပ်ခြင်း ရှိ/မရှိ |
| ၁၄ | ဝိနိစ္ဆယ စတင်စစ်ဆေးသည့်နေ့ရက် |
| ၁၅ | စောဒက/စုဒိတက ဆင့်ခေါ်စာပုံစံ (၅) ပါ/မပါ |
| ၁၆ | သက်သေဆင့်ခေါ်စာပုံစံ (၆) ပါ/မပါ |
| ၁၇ | စောဒကသက်သေများအားလုံး စစ်/မစစ် |
| ၁၈ | စုဒိတကသက်သေများအားလုံး စစ်/မစစ် |
| ၁၉ | စောဒကနှင့် ၎င်းသက်သေအားလုံးတို့၏ စစ်ချက်များ ပါ/မပါ |
| ၂၀ | စုဒိတကနှင့် ၎င်းသက်သေများအားလုံးတို့၏ စစ်ချက်များ |
| | ပါ/မပါ |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၂၁ | စောဒကနှင့် သက်သေများစစ်ပြီးမှ စုဒိတကနှင့် သက်သေများကို စစ်/မစစ် | ---------- |
| ၂၂ | ဝိ/လက်စွဲ (၁၈၀) အရ စောဒကသည် သဘာပတိ ဆရာတော်မှတစ်ဆင့် တစ်ဖက်ပုဂ္ဂိုလ်များအား မေးမြန်းခဲ့ခြင်း ရှိ/မရှိ | ---------- |
| ၂၃ | ဝိ/လက်စွဲ (၁၈၀)အရ စုဒိတကသည် သဘာပတိ ဆရာတော်မှတစ်ဆင့် တစ်ဖက်ပုဂ္ဂိုလ်များအား မေးမြန်းခဲ့ခြင်း ရှိ/မရှိ | ---------- |
| ၂၄ | စစ်ဆေးချက်များအောက်၌ သဘာပတိဆရာတော် လက်မှတ် ပါ/မပါ | ---------- |
| ၂၅ | ထွက်ဆိုချက်စာရွက်တိုင်းတွင် အစစ်ခံသူတစ်ဦးချင်းစီ၏ လက်မှတ် ပါ/မပါ | ---------- |
| ၂၆ | နောက်ဆုံးစောဒနာလွှာ ပါ/မပါ | ---------- |
| ၂၇ | နောက်ဆုံးသောဓနာလွှာ ပါ/မပါ | ---------- |
| ၂၈ | သဘာပတိမှတ်တမ်းပုံစံ (၈)မူရင်း ပါ/မပါ | ---------- |
| ၂၉ | သဘာပတိမှတ်တမ်းတွင် သဘာပတိဆရာတော်မှ နေ့စဉ်ဆောင်ရွက်ချက် ရေးသွင်း၍ လက်မှတ်ထိုးထားခြင်း ရှိ/မရှိ | ---------- |
| ၃၀ | ဝိနိစ္ဆယဆုံးဖြတ်ချက်ချသည့်ရက် | ---------- |
| ၃၁ | ဆုံးဖြတ်ချက်ပုံစံ (၇) ပါ/မပါ | ---------- |
| ၃၂ | ဝိနည်းဓိုရ်အားလုံးကိုယ်တိုင် လက်မှတ် ထိုး/မထိုး | ---------- |
| ၃၃ | လက်မှတ်ရေးထိုးရန်မလိုသော အရန်ဝိနည်းဓိုရ်များ လက်မှတ်ထိုးထားခြင်း ရှိ/မရှိ | ---------- |
| ၃၄ | ဆုံးဖြတ်ချက်ချရာသို့ စောဒက လာ/မလာ | ---------- |
| ၃၅ | ဆုံးဖြတ်ချက်ချရာသို့ စုဒိတက လ/မလာ | ---------- |

| စဉ် | အကြောင်းအရာ | စိစစ်ချက် |
|---|---|---|
| ၃၆ | အယူခံဝင်မည်ဟု လက်မှတ် ထိုး/မထိုးနှင့် သဘာပတိ ဆရာတော် ထပ်ဆင့်လက်မှတ်ထိုးခြင်း ရှိ/မရှိ | ---------- |
| ၃၇ | စိနိစ္ဆယစစ်ဆေးသည့် ကာလအပိုင်းအခြား | (   ) ရက် |
| ၃၈ | ရက်တိုး တောင်း/မတောင်း | ---------- |
| ၃၉ | ပထမအကြိမ် တောင်းသည့်ရက်စွဲ | ---------- |
| ၄၀ | ဒုတိယအကြိမ် တောင်းသည့်ရက်စွဲ | ---------- |
| ၄၁ | အမှုတွဲစာရွက်တိုင်း၏ နောက်ကျောဘက်တွင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့တံဆိပ်များ၌ နံပါတ်များ ပါ/မပါ | ---------- |
| ၄၂ | ပြည်နယ်/တိုင်းမှ ပေးပို့သည့် အမှုတွဲဖိုင်အရေအတွက် | |

| စဉ် | ဖိုင်တွဲအမည် | ရွက်ရေ |
|---|---|---|
| ဖိုင်(၁) | ---------------- | ---------------- ရွက် |
| ဖိုင်(၂) | ---------------- | ---------------- ရွက် |
| ဖိုင်(၃) | ---------------- | ---------------- ရွက် |
| ဖိုင်(၄) | ---------------- | ---------------- ရွက် |
| ဖိုင်(၅) | ---------------- | ---------------- ရွက် |

ပြည်နယ်/တိုင်း
သံဃနာယကအဖွဲ့
တံဆိပ်ဝိုင်း

**စိစစ်သူ**

လက်မှတ် --------------------

ဘွဲ့တော် --------------------

တာဝန် --------------------

သံဃနာယကအဖွဲ့ -----------

**မှတ်ချက်။** ။ နမူနာပုံစံဖြစ်ပါသည်။ စာသားအကျဉ်းအကျယ် အနေအထားအရ မိမိအစီအစဉ်ဖြင့် ကွန်ပျူတာ စာစီ၍ ပေးပို့နိုင်ပါသည်။

# စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ

# ဥပဒေ

( ဂ )

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | [ဂ] |
| ၂။ | **အခန်း(၁)** | |
| | အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက် | ၁ |
| ၃။ | **အခန်း(၂)** | |
| | ဝိနည်းမမှုကံအဓိကရဏ်းမှုခင်း စစ်ဆေးခြင်း | ၅ |
| ၄ | **အခန်း(၃)** | |
| | ဝိနည်းမမှုကံအဓိကရဏ်းမှုခင်း စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း | ၆ |
| ၅ | **အခန်း(၄)** | |
| | သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း | ၇ |
| ၆ | **အခန်း(၅)** | |
| | **အထွေထွေ** | ၈ |
| ၇ | နောက်ဆက်တွဲများ | ၉ |

# ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ

# ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ

# ဥပဒေ

## [၁၉၈၀-ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်-၃]

## နိဒါန်း

ရန်ကုန်မြို့၊ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းအတည်ပြု ပြဋ္ဌာန်းချက်များအနက်မှ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း** ဆိုသည်မှာ ဝိနည်းတရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းကိစ္စများကို ဆိုသည်၊

(ခ) အဓိကရဏ်း ဆိုသည်မှာ သမထ ၇-ပါးတို့ဖြင့် ငြိမ်းစေအပ်သော ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်း ၄-မျိုးကို ဆိုသည်၊

(၁) **သမထ** ဆိုသည်မှာနောက်ဆက်တွဲ (က) ၌ ဖော်ပြထားသော အဓိကရဏ်းအေးငြိမ်းစေကြောင်း တရား ၇-ပါးကိုဆိုသည်၊

(၂) **ဝိဝါဒါဓိကရဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ (ခ) ၌ ဖော်ပြထားသော အငြင်းပွားမှု ၁၈ မျိုးကို ဆိုသည်၊

(၃) **အနုဝါဒါဓိကရုဏ်း**ဆိုသည်မှာ နောက်ဆက်တွဲ (ဂ) ၌ ဖော်ပြထားသော စွပ်စွဲမှု ၄-မျိုးကို ဆိုသည်၊

(၄) **အာပတ္တာဓိကရုဏ်း**ဆိုသည်မှာ နောက်ဆက်တွဲ (ဃ)၌ ဖော်ပြထားသော အာပတ် ၇-မျိုးတို့တွင် တစ်မျိုးမျိုးသော အာပတ်သင့်ခြင်းကို ဆိုသည်၊

(၅) **ကိစ္စာဓိကရုဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ (င)၌ ဖော်ပြထားသော သံဃာ့အမှုကိစ္စ ၄-မျိုး ဆောင်ရွက်ခြင်းကို ဆိုသည်၊

**သံဃဝိနိစ္ဆယအဖွဲ့**ဆိုသည်မှာ ဝိနည်းမမွက်အဓိကရုဏ်း မူလမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာ မှုခင်းဖြစ်စေ ကြားနာစစ်ဆေး ဆုံးဖြတ်ရန် ဖွဲ့စည်းထားသော ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သည့် အဖွဲ့ကို ဆိုသည်၊

**ဝိနည်းဓိုရ်** ဆိုသည်မှာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရန် သံဃာတော်များက သမ္မုတိ ပေးသော ရဟန်းတော်ကို ဆိုသည်၊

**စောဒက** ဆိုသည်မှာ ဝိနည်းမမွက် အဓိကရုဏ်းမှုခင်းနှင့် စပ်လျဉ်းသော တစ်ဖက် စုဒိတက၏ အပြစ်ကို ထင်စွာ ဖော်ပြ၍ အဆုံးအဖြတ်ရယူလိုသော တရားလို ပုဂ္ဂိုလ်ကို ဆိုသည်၊

**စုဒိတက** ဆိုသည်မှာ ဝိနည်းမမွက်အဓိကရုဏ်းမှုခင်း နှင့် စပ်လျဉ်း၍ အပြစ်ရှိသည်ဟု အစွပ်စွဲခံရသော တရားပြိုင်ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဆ) **သာသနာရေးဆိုင်ရာ** ပစ္စည်းဆိုသည်မှာ အောက်ဖော်ပြပါ ပစ္စည်းများကို ဆိုသည်-

(၁) သက်ဆိုင်ရာ ဥပဒေနှင့်အညီ အာဏာပိုင်တစ်ရပ်ရပ်က သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ အများလက်ခံထားသည့် သာသနာ့မြေ၊

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ် လှူဒါန်းထားသော သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် စသော အဆောက်အအုံများ၊

(၄) ရဟန်း သံဃာအား လှူဒါန်းထားသော ရဟန်းသံဃာနှင့် အပ်စပ်သည့် အသုံးအဆောင် ပစ္စည်းများ၊

(၅) စေတီတော်အားလည်းကောင်း၊ ကျောင်းအားလည်းကောင်း၊ ကျောင်းတိုက်အားလည်းကောင်း၊ နဝကမ္မအားလည်းကောင်း လှူဒါန်းထားသော ရတနာ၊ ရွှေ၊ ငွေ၊ ကြေးနှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများ၊

(ဇ) **ကျောင်း** ဆိုသည်မှာ ရဟန်းသံဃာ ပိုင်ဆိုင်၍ သီတင်းသုံးနေထိုင်သော အဆောက်အအုံကိုဆိုသည်။

(ဈ) **ကျောင်းတိုက်** ဆိုသည်မှာ အာရာမ်အပိုင်းအခြား တစ်ခုအတွင်းရှိ ကျောင်းအစုအဝေးကို ဆိုသည်။

(ည) **လုပ်ထုံးလုပ်နည်းများ** ဆိုသည်မှာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

*****

# အခန်း(၂)

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးခြင်း

၃။ ဝိနည်းဓမ္မကံအဓိကရုဏ်း မှုလမှုခင်းကိုဖြစ်စေ၊ အယူခံ စောဒနာမှုခင်းကိုဖြစ်စေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ် အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်။

၄။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် လာရောက်အမှုဆိုင်ရန် ပျက်ကွက်သောစောဒကကိုသော်လည်းကောင်း၊ စုဒိတကကို သော်လည်းကောင်း ခေါ်ယူပေးပါရန် သံဃဝိနိစ္ဆယအဖွဲ့က အကြောင်းကြားလာပါက သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း၊ သို့မဟုတ် မြို့နယ်ပြည့်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ထိုသို့ပျက်ကွက်သော စောဒက၊ သို့မဟုတ် စုဒိတက လာရောက်အမှုဆိုင်ရန် အကြောင်းကြားစာ ထုတ်ဆင့်ပေးရမည်။

*******

# အခန်း(၃)

## ဝိနည်းမဲ့မွက်အမိကရုဏ်းမှုခင်း စစ်ဆေးနေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၅။ ဝိနည်းမဲ့မွက်အမိကရုဏ်းမှုခင်းသည် သိမ်၊ ကျောင်း၊ ဇရပ် စသော အဆောက်အအုံတစ်ခုခုကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ၊ ထိုအဆောက်အအုံများ တည်ရှိရာ ကျောင်းတိုက်တစ်ခုလုံးကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ ယင်းအဆောက်အအုံနှင့် ကျောင်းတိုက်ရှိ ပုဂ္ဂိုလ်အားလုံးကို သော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း ဖယ်ရှားရန် လိုအပ်လျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရမည်။

၆။ ပုဒ်မ ၅-အရ လိုအပ်၍ ပုဂ္ဂိုလ်အားလုံးကို ဖယ်ရှားရလျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သင့်လျော်သည့် အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ ယင်းအဆောက်အအုံ၊ သို့မဟုတ် ကျောင်းတိုက်ကို အမှုမပြီးမီ ထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ပေးအပ်နိုင်သည်။

၇။ ဝိနည်းမဲ့မွက်အမိကရုဏ်းမှုခင်းသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် နှစ်ဘက်အမှုသည်များ ရှေ့မှောက်တွင် စာရင်းပြုစု၍ ယင်းပစ္စည်းများကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

# အခန်း(၇)

## သံယဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း

၈။ စောဒက၊ သို့မဟုတ် စုဒိတကတစ်ဦးဦးက အယူခံ စောဒနာလွှာ တင်သွင်းခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော အယူခံစောဒနာဝင်ရက် ကုန်ဆုံးပြီးနောက် သော်လည်းကောင်း၊ အယူခံ စောဒနာဝင်ခဲ့လျှင် အယူခံမှု ပြတ်စဲပြီးနောက် သော်လည်းကောင်း သံဃပိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည်။

******

# အခန်း(၅)

## အထွေထွေ

၉။ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း၊ သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ပေးရမည်။

၁၀။ ဤဥပဒေ အာဏာမတည်မီက ငြိမ်းပြီးသော အမိကရုဏ်းမှုခင်းများကို မည်သည့်သံဃဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်း မပြုရ။

၁၁။ ဤဥပဒေ အာဏာတည်သည့်နေ့တွင် မပြီးမပြတ်ရှိနေသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ပိုင်ခွင့် အပ်နှင်းထားသော သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆက်လက် ဆောင်ရွက်ရမည်။

၁၂။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းစွဲဆိုခွင့် မရှိစေရ။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်သည်။

## အဓိကရုဏ်း အေးငြိမ်းစေကြောင်း သမထတရား ၇-ပါး

| | | | |
|---|---|---|---|
| (၁) | သမ္မုခါ ဝိနည်း | = | သံဃ၊ ဓမ္မ၊ ဝိနယ၊ ပုဂ္ဂိုလ်တို့၏မျက်မှောက်၌ ငြိမ်းအေးစေကြောင်း ဝိနည်းတရား။ |
| (၂) | သတိ ဝိနည်း | = | သတိပြည့်စုံပြန့်ပြောသော ရဟန္တာအား ပေးအပ်သော ဝိနည်းတရား။ |
| (၃) | အမူဠှ ဝိနည်း | = | ဂဂ္ဂ ရဟန်းကဲ့သို့ အလွန်တွေဝေ ရူးသွပ်သောရဟန်းအား ပေးအပ်သော ဝိနည်းတရား။ |
| (၄) | ပဋိညာတကရဏဝိနည်း | = | ဝန်ခံသည့်အတိုင်း ပြုအပ်သော ဝိနည်းတရား။ |
| (၅) | ယေဘုယျသိက ဝိနည်း | = | ဓမ္မဝါဒီပုဂ္ဂိုလ်များရာ စာရေးတံယူစေ၍ ပြုအပ်သော ဝိနည်းတရား။ |
| (၆) | တဿပါပိယသိက ဝိနည်း | = | ထိုဥပဝါဠရဟန်းကဲ့သို့ ယုတ်မာသော ရဟန်းအား ပြုအပ်သော ဝိနည်းတရား။ |
| (၇) | တိဏဝတ္ထာရက ဝိနည်း | = | မစင်ကြွယ်သော ဝတ္ထုတို့ကို ဖုံးလွှမ်းကြောင်း မြက်နှင့်တူသော ဝိနည်းတရား။ |

(ဝိ၊ ၄။ ၁၈၈၊ ၂၁၀။ ကခ၊ ၂၈၉။)

## ဝိဝါဒါမိကရုဏ်း အငြင်းပွားမှု ၁၈-မျိုး

(၁) မဟုတ်မမှန်သောတရား (အကုသလကမ္မပထ)ကို ဟုတ်မှန်သော တရား (ကုသလကမ္မပထ)ဟု အငြင်းပွားခြင်း။

(၂) ဟုတ်မှန်သောတရား (ကုသလကမ္မပထ)ကို မဟုတ်မမှန်သော တရား (အကုသလကမ္မပထ)ဟု အငြင်းပွားခြင်း။

(၃) ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု အငြင်းပွားခြင်း။

(၄) ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု အငြင်းပွားခြင်း။

(၅) မြတ်စွာဘုရား ဟောတော်မမူအပ်သောတရားကို မြတ်စွာဘုရား ဟောတော်မူအပ်သောတရားဟု အငြင်းပွားခြင်း။

(၆) မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကို မြတ်စွာဘုရား ဟောတော်မမူအပ်သောတရားဟု အငြင်းပွားခြင်း။

(၇) မြတ်စွာဘုရား မလေ့ကျက် မပြုမူအပ်သည်ကို မြတ်စွာဘုရား လေ့ကျက်ပြုမူအပ်၏ဟု အငြင်းပွားခြင်း။

(၈) မြတ်စွာဘုရား လေ့ကျက် ပြုမူအပ်သည်ကို မြတ်စွာဘုရား မလေ့ကျက်မပြုမူအပ်ဟု အငြင်းပွားခြင်း။

(၉) မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ် ၏ဟု အငြင်းပွားခြင်း။

(၁၀) မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ် ဟု အငြင်းပွားခြင်း။

(၁၁) အာပတ်မသင့်သည်ကို အာပတ်သင့်၏ဟု အငြင်းပွားခြင်း။

(၁၂) အာပတ်သင့်သည်ကို အာပတ်မသင့်ဟု အငြင်းပွားခြင်း။

(၁၃) ထုလ္လစ္စည်း စသည့် အာပတ် ၅-ပုံတည်းဟူသော ပေါ့သော (လဟုက)အာပတ်ကို ပါရာဇိက၊ သံဃာဒိသိသ်တည်းဟူသော ကြီးလေးသော (ဂရုက) အာပတ်ဟု အငြင်းပွားခြင်း။

(၁၄) ပါရာဇိက၊ သံဃာဒိသိသ် တည်းဟူသော ကြီးလေးသော (ဂရုက) အာပတ်ကို ထုလ္လစ္စည်း စသည့် အာပတ် ၅-ပုံတည်းဟူသော ပေါ့သော (လဟုက)အာပတ်ဟု အငြင်းပွားခြင်း။

(၁၅) သံဃာဒိသိသ် စသည့် အာပတ် ၆-ပုံတည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ)အာပတ်ကို ပါရာဇိကအာပတ် တည်း ဟူသော ရဟန်းသီလ အကြွင်းမရှိသော (အနဝသေသ) အာပတ်ဟု အငြင်းပွားခြင်း။

(၁၆) ပါရာဇိကအာပတ် တည်းဟူသော ရဟန်းသီလ အကြွင်းမရှိသော (အနဝသေသ)အာပတ်ကို သံဃာဒိသိသ် စသည့် အာပတ် ၆-ပုံတည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ) အာပတ်ဟု အငြင်းပွားခြင်း။

(၁၇) ပါရာဇိက၊ သံဃာဒိသိသ် တည်းဟူသော ရုန့်ရင်းသော (ဒုဋ္ဌုလ္လ) အာပတ်ကို ထုလ္လစ္စည်းစသည့် အာပတ် ၅-ပုံတည်းဟူသော မရုန့်ရင်းသော (အဒုဋ္ဌုလ္လ) အာပတ်ဟု အငြင်းပွားခြင်း။

(၁၈) ထုလ္လစ္စည်း စသည့်အာပတ် ၅-ပုံ တည်းဟူသော မရုန့်ရင်းသော (အဒုဋ္ဌုလ္လ)အာပတ်ကို ပါရာဇိက၊ သံဃာဒိသိသ် တည်းဟူသော ရုန့်ရင်းသော (ဒုဋ္ဌုလ္လ) အာပတ်ဟု အငြင်းပွားခြင်း။
ဝိ၊ ၃။ ၅၀၁။ ဝိ၊ ၅၊ ၄။ ၁၁၃။ သာရတ္ထ၊ ၃။ ၄၂၁။ ဝိမတိ၊ ၂။ ၂၅၇။)

နောက်ဆက်တွဲ(ဂ)

## အနုဝါဒါဓိကရုဏ်း စွပ်စွဲမှု ၄-မျိုး

(၁) ပါရာဇိက ၄-ပါး၊ သံဃာဒိသိသ် ၁၃-ပါးတို့တွင် တစ်ပါးပါးသော သီလပျက်စီးခြင်း (သီလဝိပတ္တိ)ဖြင့် စွပ်စွဲခြင်း။

(၂) ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိ တို့တွင် တစ်ပါးပါးသော အကျင့်ပျက်စီးခြင်း (အာစာရဝိပတ္တိ)ဖြင့် စွပ်စွဲခြင်း။

(၃) မှန်သောအယူ ပျက်စီးခြင်းဟု ဆိုအပ်သော (ဒိဋ္ဌိဝိပတ္တိ)ဖြင့် စွပ်စွဲခြင်း။

(၄) အသက်မွေးမှု ပျက်စီးခြင်းဟု ဆိုအပ်သော (အာဇီဝဝိပတ္တိ) ၆-ပါးတို့တွင် တစ်ပါးပါးဖြင့် စွပ်စွဲခြင်း။

******

## အာပတ္တာဓိကရုဏ်း အာပတ် ၇-မျိုး

| | | | |
|---|---|---|---|
| (၁) | ပါရာဇိကအာပတ် | = | ရဟန်းအဖြစ်ကို ဆုံးရှုံးစေနိုင်သော အပြစ်။ |
| (၂) | သံဃာဒိသိသ်အာပတ် | = | အစ၊ အလယ်၊ အဆုံး ၃-ပါးလုံးတို့၌ သံဃာကို အလိုရှိအပ်သော အပြစ်။ |
| (၃) | ထုလ္လစ္စည်းအာပတ် | = | ကျန်အာပတ်၅-ပုံတို့တွင် အရုန့်ရင်း ဆုံးသော အပြစ်။ |
| (၄) | ပါစိတ်အာပတ် | = | ကုသိုလ်စိတ်ကို ကျဆုံးစေတတ် သော အပြစ်။ |
| (၅) | ပါဋိဒေသနီအာပတ် | = | "ဂါရယှံ အာဝုသော" စသည်ဖြင့် သီးခြားဒေသနာကြားအပ်သော အပြစ်။ |
| (၆) | ဒုက္ကဋ်အာပတ် | = | မကောင်းသော ကိုယ်၊ နှုတ် အမူအရာကြောင့် သင့်သောအပြစ် |
| (၇) | ဒုဗ္ဘာသီအာပတ် | = | မကောင်းသော နှုတ်အမူအရာ ကြောင့် သင့်သောအပြစ်။ |

******

## ကိစ္စာဓိကရုဏ်းသံဃာ့အမှုကိစ္စ ၄-မျိုး

| | | |
|---|---|---|
| (၁) | အပလောကနကံ | - ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဆိုင်ရာအကြောင်းကို ထုတ်ဖော်၍ "သံဃာတော်အားနှစ်သက်ပါ၏လော"ဟု ၃-ကြိမ် ပန်ကြားပြုလုပ်အပ်သော အမှု။ |
| (၂) | ဉတ္တိကံ | - ကမ္မဝါမဖတ်ဘဲ ဉတ်(၁)ကြိမ်ဖြင့်သာ ပြုလုပ်သော အမှု။ |
| (၃) | ဉတ္တိဒုတိယကံ | - ဉတ်(၁)ကြိမ်၊ ကမ္မဝါစာ (၁)ကြိမ် ဖြင့် ပြုလုပ်အပ်သောအမှု |
| (၄) | ဉတ္တိစတုတ္ထကံ | - ဉတ်(၁)ကြိမ်၊ ကမ္မဝါစာ (၃)ကြိမ် တို့ဖြင့် ပြုလုပ်အပ်သောအမှု |

******

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ဒိန္နည်းစမ္မကာ အစိုကရက်များမှုခင်းများ

# ဖြေရှင်းဆုံးဖြတ်ချက်များကို

# ကာကွယ်စောင့်ရှောက်သည့်

# ဥပဒေ

# ဝိနည်းမဝင်ကံ အစိုးရ အမိကရုဏ်းမှုခင်းများ

# ဖြေရှင်းဆုံးဖြတ်ချက်များကို

# ကာကွယ်စောင့်ရှောက်သည့်

# ဥပဒေ

[၁၉၈၃-ခုနှစ်၊ ပြည့်သူ့လွှတ်တော် ဥပဒေ အမှတ် ၉ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

******

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပါရာဇိကအာပတ်သင့်ရောက်သောပုဂ္ဂိုလ်** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က အသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသောပုဂ္ဂိုလ်၊ သို့မဟုတ် မိမိဆန္ဒအလျောက် မဟုတ်ဘဲ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်အရေးယူသည့်အခါမှ ပါရာဇိကအမှုကျူးလွန်ခဲ့ကြောင်းကို သံဃနာယကအဖွဲ့ဝင် တစ်ပါးပါး၏ ရှေ့မှောက်၌ ဝန်ခံကတိ လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ အသုဒ္ဓ အဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်။

(ခ) **အသုဒ္ဓ**ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်သဖြင့် ရဟန်းအဖြစ်မှ ဆုံးရှုံးသောပုဂ္ဂိုလ်ကို ဆိုသည်။

(ဂ) **ပရိသုဒ္ဓပြုသောပုဂ္ဂိုလ်** ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိလျှင်သိချင်း စင်ကြယ်မှုကို ရှေးရှုလျက် မိမိဆန္ဒအလျောက် မိမိအပြစ်ကို မြို့နယ်သံဃနာယကအဖွဲ့၏ ရှေ့မှောက်၌ ထုတ်ဖော်ဝန်ခံ၍ဖြစ်စေ၊ မိမိသီလအပေါ် သံသယရှိသဖြင့် မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူ၍ဖြစ်စေ ရှင်သာမဏေအဖြစ်၊ သို့မဟုတ် လူဝတ်ကြောင်အဖြစ်သို့ ကူးပြောင်းသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဃ) **ထေနက** ဆိုသည်မှာ သူတစ်ဦးဦးသည် ရဟန်းသာမဏေတို့၏ သီလမရှိဘဲ ရဟန်းသာမဏေအသွင်ဆောင်ခြင်း၊ ယင်းသို့ အသွင်ဆောင်၍ ရဟန်းသာမဏေကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုလည်းကောင်း၊ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိပါလျက် ပရိသုဒ္ဓမပြုဘဲ ထိမ်ချန်၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသော်လည်းကောင်း ပြုကြောင်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးတွေ့ရှိရသဖြင့် သင်္ကန်းဝတ်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်။

(င) **နေဝသုဒ္ဓ နာသုဒ္ဓ** ဆိုသည်မှာ အစွပ်စွဲခံရသောရဟန်းသည် ပါရာဇိကအမှုကို ကျူးလွန်ခဲ့ကြောင်း သက်သေခံအထောက်အထား မြောက်မြားစွာရှိနေ၍ ယင်းအား

စစ်ဆေးလျှောက်ရှိသည့် ဝိနိစ္ဆယအဖွဲ့က ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ စိတ်၌ ပါရာဇိကအမှုကို ကျူးလွန်ခဲ့သူ **အသုဒ္ဓဟု** ထင်မြင်ယူသော်လည်း ဝိနည်းတော်အရ ကာယကံရှင်ကိုယ်တိုင်က ပဋိညာဉ်ဝန်ခံချက်ပေးမှသာ **အသုဒ္ဓဟု** ဆုံးဖြတ်ရမည်ဖြစ်၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်၊ သီလမစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟု ဆုံးဖြတ်ခြင်းခံရသဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က ကြဉ်ဖယ်ထားပြီး သာသနာဝင်မှတ်တမ်းကို ထုတ်ပေးခြင်းမပြုရန်နှင့် ထုတ်ပေးပြီးဖြစ်ပါက ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုသည်။

**ရဟန်းယောင်ဆောင်ခြင်း** ဆိုသည်မှာ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်ကို ရယူခဲ့သည့် ပုဂ္ဂိုလ်အား ထုတ်ပေးထားသော သာသနာဝင်မှတ်တမ်းမရှိဘဲ၊ သို့မဟုတ် ဒုလ္လဘရဟန်းဖြစ်ပါက ရဟန်းဖြစ်ချိန် ရက်ချုပ် အခိုင်အမာ မရှိဘဲ သင်္ကန်းဝတ်ခြင်းကို ဆိုသည်။

**ဉတ္တိစတုတ္ထကံ** ဆိုသည်မှာ ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုလုပ်အပ်သော သံဃာ့ကိစ္စကို ဆိုသည်။

**ရှင်သာမဏေယောင်ဆောင်ခြင်း** ဆိုသည်မှာ ဝိနည်းတော်နှင့်အညီ ဥပဇ္ဈာယ်ဆရာထံမှ ရှင်သာမဏေအဖြစ် ကို ရယူခဲ့သည့် ပုဂ္ဂိုလ်အား ထုတ်ပေးထားသော သာသနာဝင်မှတ်တမ်း မရှိဘဲ၊ သို့မဟုတ် ခေတ္တဝတ်သော ရှင်သာမဏေဖြစ်ပါက ဥပဇ္ဈာယ်ဆရာမရှိဘဲ သင်္ကန်းဝတ်ခြင်းကို ဆိုသည်။

(၈၂) **သီးခြားဝိနည်းမိုရ်အဖွဲ့** ဆိုသည်မှာ ဓမ္မ၊ အဓမ္မ အငြင်းပွားမှုကို ဆုံးဖြတ်ရန်အလို့ငှာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့က ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

******

# အခန်း (၂)

## ပြစ်မှုများ

၃။ (က) ပရိသုဒ္ဓပြု၍ ရှင်သာမဏေပြုခွင့်ရသော ပုဂ္ဂိုလ်မှတပါး ပါရာဇိကအာပတ် သင့်ရောက်သောပုဂ္ဂိုလ်သည် ရှင်သာမဏေပြုလိုပါက ထေနက ဟုတ်-မဟုတ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူရမည်။

(ခ) သံဃဝိနိစ္ဆယအဖွဲ့က ထေနကအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၄။ သံဃဝိနိစ္ဆယအဖွဲ့က နေဝသုဒ္ဓ နာသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၅။ ရဟန်းယောင်ဆောင်ခြင်း၊ ရှင်သာမဏေယောင်ဆောင်ခြင်းကို မည်သူမျှ မပြုရ။

၆။ သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဝိနိစ္ဆယဆုံးဖြတ်ချက်ပါ အဓမ္မဝါဒ မပြန့်ပွားစေရန် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

# အခန်း (၃)

## ပြစ်ဒဏ်များ

၈။ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ သို့မဟုတ် ပုဒ်မ ၄-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ထောင်ဒဏ် သုံးနှစ် ကျခံစေရမည်။

၉။ မည်သူမဆို ပုဒ်မ ၅-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ် ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၆-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ် ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၇-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရမည်။

******

# အခန်း (၄)

## အထွေထွေ

၁၂။ ပုဒ်မ ၈-အရဖြစ်စေ၊ ပုဒ်မ ၉-အရဖြစ်စေ၊ ပုဒ်မ ၁၀-အရဖြစ်စေ တရားစွဲဆိုရာ၌ သာသနာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဤဥပဒေအရ တရားစွဲဆိုသော မှုခင်းများတွင်-

(က) ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရဖြစ်စေ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ ချမှတ်ခဲ့သော ဝိနိစ္ဆယဆုံးဖြတ်ချက်သည်လည်းကောင်း၊ ပါရာဇိကအမှုကျူးလွန်ခဲ့ကြောင်းကို သံဃနာယကအဖွဲ့ဝင် ရှေ့မှောက်၌ လက်မှတ်ရေးထိုး ဝန်ခံကတိပြုလွှာသည်လည်းကောင်း လုံလောက်သော သက်သေခံအထောက်အထား ဖြစ်စေရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် ဝိနည်းဓိုရ် ဆရာတော်ကိုဖြစ်စေ၊ သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင်ဆရာတော်ကိုဖြစ်စေ၊ ဝန်ခံကတိပြုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကိုဖြစ်စေ သက်သေအဖြစ် တရားရုံးက ပင့်ဆောင်ခြင်း မပြုရ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# ဝိနိစ္ဆယလက်စွဲ

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ
လုပ်ထုံးလုပ်နည်းများ ထပ်မံပြင်ဆင်ဖြည့်စွက်ချက်ကို
ပူးတွဲဖော်ပြထားသည်။

သာသနာ -၂၅၅၇ ကောဇာ- ၁၃၇၅ ခရစ်- ၂၀၁၃

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း ... ... ... | ၁ |

**အခန်း (၁)**

| | | |
|---|---|---|
| ၂။ | ဝိနည်းမမွကဲ အဓိကရုဏ်းမှုခင်းဖြစ်ပွားခြင်း ... | ၅ |
| ၃။ | စောဒနာခြင်း ... ... ... | ၅ |
| ၄။ | ကျောင်းစည်းကမ်း မလိုက်နာမှု ... ... | ၈ |
| ၅။ | ရဟန်းသာမဏေများ လိုက်နာရန် ညွှန်ကြားလွှာ ၇၂-ပါ စည်းကမ်းကျင့်ဝတ်(၉)ချက်ကို မလိုက်နာမှု | ၉ |
| ၆။ | ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု ... ... ... | ၉ |

**အခန်း (၂)**

| | | |
|---|---|---|
| ၇။ | ဝိနည်းမမွကဲ အဓိကရုဏ်းမှုခင်းကို စိစစ်လက်ခံခြင်း | ၁၃ |

**အခန်း (၃)**

| | | |
|---|---|---|
| ၈။ | သောခနောခြင်း ... ... ... | |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၄)


၉။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း . . . . . . ၂၅

၁၀။ သံဃဝိနိစ္ဆယအဖွဲ့ တာဝန်ယူခြင်း . . . . . . ၂၈


## အခန်း (၅)


၁၁။ အမှုစစ်ဆေးခြင်း . . . . . . . . . ၃၃

၁၂။ သံဃဝိနိစ္ဆယ အဖွဲ့ရုံး ဖွင့်လှစ်ခြင်း . . . . . . ၃၃

၁၃။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ . . . . . . . . . ၃၃

၁၄။ အမှုပိတ်ခြင်း . . . . . . . . . ၃၈

၁၅။ ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ခွင့် . . . . . . ၄၀

၁၆။ ကိုယ်တိုင်ကြွရောက်စစ်ဆေးခြင်း . . . . . . ၄၁

၁၇။ ဝိနည်းဓိုရ်ဆရာတော်များ လိုက်နာရန်
အချက်များ . . . . . . . . . ၄၂

၁၈။ သံဃဝိနိစ္ဆယအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ၄၄

၁၉။ ယေဘုယျ အမှုစစ်ဆေးခြင်း . . . . . . ၄၅


## အခန်း (၆)


၂၀။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းမမှုကဲ
အဓိကရုဏ်းမှုခင်း စစ်ဆေးကြားနာရန် နည်းလမ်းများ ၄၉

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း (၇)** | |
| ၂၁။ | အယူခံစောဒနာဝင်ခြင်း ... ... | ၅၇ |
| | **အခန်း (၈)** | |
| ၂၂။ | အယူခံစောဒနာဝင်မှုခင်းကို စစ်ဆေးကြားနာခြင်း | ၅၇ |
| ၂၃။ | အမှုတွဲ လွှဲပြောင်းပေးပို့ခြင်း ... ... | ၆၀ |
| | **အခန်း (၉)** | |
| ၂၄။ | နိုင်ငံတော်အဆင့် အယူခံဝင်ခြင်းနှင့် သံဃဝိနိစ္ဆယ အဖွဲ့ ဖွဲ့စည်းဆုံးဖြတ်ခြင်း ... ... | ၆၁ |
| | **အခန်း (၁၀)** | |
| ၂၅။ | ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း ... | ၆၅ |
| | **အခန်း (၁၁)** | |
| ၂၆။ | သံဃဝိနိစ္ဆယဌာန၌ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်း အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ... | ၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


## အခန်း (၁၂)

၂၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း ၇၁

## အခန်း (၁၃)

၂၈။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ် အဖွဲ့များ ... ... ... ၇၅

၂၉။ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ... ... ၇၅

၃၀။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့... ... ... ၇၆

၃၁။ နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့... ... ၇၇

၃၂။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ... ... ၇၇

## အခန်း (၁၄)

၃၃။ ဝိနည်းဓိုရ်များရွေးချယ်တင်မြှောက်ခြင်း ... ၇၉

၃၄။ အစားထိုးရွေးချယ်ခြင်း ... ... ... ၈၀

၃၅။ အဆင့်တူ ဝိနည်းဓိုရ်သတ်မှတ်ခြင်း .. ... ၈၀

၃၆။ ဝိနည်းဓိုရ် ပြန်တမ်းထုတ်ပြန်ခြင်း ... ... ၈၁

၃၇။ အရည်အချင်း ပျက်ယွင်းခြင်း ... ... ၈၂

၃၈။ နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များ ... ... ၈၂

## အခန်း (၁၅)

၃၉။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော မှုခင်း ... ... ... ၈၅

၄၀။ အနုဝါဒါဓိကရုဏ်းမှု ... ... ... ၈၅

၄၁။ ဝိဝါဒါဓိကရုဏ်းမှု ... ... ... ၈၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁၆)


၄၂။ အထွေထွေ ... ... ... ၈၉


## နောက်ဆက်တွဲ (က)


၄၃။ နေဝသုဒ္ဓနာသုဒ္ဓ ရှင်းလင်းချက် (စသည်များ) ... ၉၃


## နောက်ဆက်တွဲ (ခ)


၄၄။ စောဒက၊ စုဒိတကနှင့် ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့၏
ကျင့်ဝတ်များ ... ... ... ၁၀၀


## နောက်ဆက်တွဲ (ဂ)


၄၅။ တရားဥပဒေရေးရာကောက်နုတ်ချက်များ ... ၁၂၃


## နောက်ဆက်တွဲ (ဃ)


၄၆။ သာသနာ့မြေနှင့် ပတ်သက်၍ သိမှတ်ဖွယ်များ... ၁၃၀


## ထပ်မံပြင်ဆင်ဖြည့်စွက်ချက်


၄၇။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
(ထပ်မံပြင်ဆင်ဖြည့်စွက်ချက်) ... ... ၁


******

ဝိနိစ္ဆယလက်စွဲ

# နိဒါန်း

"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ကို သာသနာတော် ၂၅၂၄-ခုနှစ် ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ (၁၉၈၀)ပြည့်၊ မေလ ၂၇-ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပခဲ့သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈-ပါးတို့ တက်ရောက်သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်ပေါ်လာသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ရာ တွေ့ကြုံရသောအခက်အခဲများကို ပြေလည်စေရန် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးများသို့ တင်ပြ၍ အချို့သော အပိုဒ်များကို တဖြည်းဖြည်း ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ပါသည်။

ယင်းကဲ့သို့ ပြင်ဆင်ဖြည့်စွက်လာခဲ့သော ပြင်ဆင်ဖြည့်စွက်ချက်များမှာ တဖြည်းဖြည်းများပြားလာခဲ့ရာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သံဃာ့အဖွဲ့အစည်းများ ပထမ(၅)နှစ် သက်တမ်းကုန်ဆုံး၍ ဒုတိယ(၅)နှစ် သက်တမ်းအတွက် သံဃာ့အဖွဲ့အစည်းများ အသစ်တဖန် ပြန်လည်ရွေးချယ်ပြီးသောအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ မူလစာကိုယ်နှင့် ပြင်ဆင်ဖြည့်စွက်ချက်များကို ဖြုတ်ပယ်သင့်သည်ကို ဖြုတ်ပယ်ခြင်း၊ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ခြင်းများပြုလုပ်ပြီး အဖန်ဖန် အထပ်ထပ် စိစစ်

ဝေဖန် ညှိနှိုင်းတည်းဖြတ်၍ သာသနာတော် ၂၅၂၉-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် (၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်)နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပခဲ့သော ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးက "ဝိနည်းဓမ္မကံ" အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)အရ ဆောင်ရွက်ကြ ရာ၌ ယေဘုယျအားဖြင့် ဝိနည်းဓိုရ်ဆရာတော်များမှာ အမှုစစ်ဆေး ဆုံးဖြတ်သည့် လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံ မရင့်ကျက်ကြသေး သဖြင့် လက်တွေ့ဆောင်ရွက်ရာတွင် စနစ်မကျမှု၊ မပြည့်စုံမှုများ ရှိနေ သည်ကို တွေ့ရှိရသဖြင့် ယင်း အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို ပြည့်ပြည့်စုံစုံဖြစ်အောင် အကျယ်ချဲ့ ရှင်းလင်းဖွင့်ဆိုပေးရန် လိုအပ်လျှက်ရှိပါသည်။ ထို့အပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အပိုဒ်-၅၀၊ ၅၅-နှင့် ၅၆-တို့တွင် ဝိနိစ္ဆယလက်စွဲဟူသော စကားရပ်အသုံးအနှုန်းများပါရှိပြီး ဖြစ်ပါသည်။ ယင်းစကားရပ်များပါရှိခြင်းမှာ ဝိနိစ္ဆယလက်စွဲ ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသေးပါသဖြင့် ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးက အဖွဲ့ခွဲ တစ်ဖွဲ့လျှင် (၃)ပါး ကျစီဖြင့် (၉)ပါး ပါဝင်သော ဝိနိစ္ဆယလက်စွဲ ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ပေး ရေးဆွဲစေခဲ့ပါသည်။ ဝိနိစ္ဆယလက်စွဲ ပြုစုရေးအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို အခြေခံ၍ ဝိနည်းဓိုရ် သင်တန်းပို့ချချက်များ၊ ဝိနိစ္ဆယ

ပိုင်းဆိုင်ရာ ညွှန်ကြားလွှာများကိုပါ လိုရင်းကိုခြုံကာ ထည့်သွင်းရေးဆွဲခဲ့ကြပါသည်။ ယင်းသို့ ထည့်သွင်းရေးသားလိုက်သဖြင့် ဝိနိစ္ဆယကိစ္စကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ရေးသားပုံ အစီအစဉ်မှာ အမှုစတင်ဖြစ်ပွားသည်မှစ၍ ပြီးဆုံးသည်အထိ ဆောင်ရွက်ရမည့် အစဉ်အတိုင်း ပြုစုစီစဉ်ထားပါသည်။ ဝိနည်းတရားကို အလေးထားသောအားဖြင့် ဝိနည်းလမ်းညွှန်များကိုလည်း သင့်လျော်ရာအခန်းများ၏ အစတွင် ဦးစားပေးဖော်ပြကာ ဝိနိစ္ဆယလက်စွဲ (ပထမမူကြမ်း)ကို ရေးဆွဲခဲ့ကြပါသည်။

ဝိနိစ္ဆယလက်စွဲ (ပထမမူကြမ်း)ကို တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအစည်းအဝေးသို့ တင်ပြခဲ့ရာ ပိုမိုပြည့်စုံကောင်းမွန်သောမူကြမ်း ဖြစ်လာစေရန်အတွက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ အကြံဉာဏ်များတောင်းခံ၍ (ဒုတိယမူကြမ်း) တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတော်တစ်ဝန်းလုံးရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံဉာဏ်များ ရယူခဲ့သည့်အပြင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များနှင့် ပြည်နယ်/တိုင်း သာသနာရေးမှူးများ၏ အကြံဉာဏ်များကိုပါရယူ၍ ပိုမိုပြည့်စုံကောင်းမွန်သော ဝိနိစ္ဆယလက်စွဲ (ဒုတိယမူကြမ်း)ကို ပြုစုခဲ့ကြပါသည်။ ယင်းဝိနိစ္ဆယလက်စွဲ (ဒုတိယမူကြမ်း)ကို တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ၏ ဆုံးဖြတ်ချက်အရ ၁၃၅၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက် (၂၅-၂-၉၁) နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခြင်း ဖြစ်ပါသည်။

* * * * *

# ဝိနည်းသယ်လက်စွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

×××××××××××

## အခန်း (၁)

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ဖြစ်ပွားခြင်း

၁။ ဝိဝါဒါဓိကရုဏ်းမှုခင်းဖြစ်စေ၊ အနုဝါဒါဓိကရုဏ်းမှုခင်းဖြစ်စေ စောဒကပုဂ္ဂိုလ်က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ နည်းလမ်းတကျ တင်သွင်းလာသော စောဒနာလွှာကို ရရှိသည့်နေ့မှစ၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စတင်ဖြစ်ပွားသည်ဟု မှတ်ယူရမည်။

**စောဒနာခြင်း**

၂။ စောဒကပုဂ္ဂိုလ်သည် စုဒိတကပုဂ္ဂိုလ်ကို စောဒနာရာ၌ ဖော်ပြလတ္တံ့ပါ စောဒကပုဂ္ဂိုလ်၏ ကျင့်ဝတ် (၅)ပါးနှင့်အညီ စောဒနာရမည်-

(က) သင့်လျော် လျောက်ပတ်သောအခါ၌ ပြောဆိုရမည်၊ မသင့်လျော်သောအခါ၌ မပြောဆိုရ၊

(ခ) ဟုတ်မှန်သည်ကို ပြောဆိုရမည်၊ မဟုတ်မှန်သည်ကို မပြောဆိုရ၊

(ဂ) သိမ်မွေ့နူးညံ့စွာ ပြောဆိုရမည်၊ ကြမ်းတမ်းစွာ မပြောဆိုရ၊

(ဃ) အကျိုးစီးပွားနှင့်စပ်သဖြင့် ပြောဆိုရမည်၊ အကျိုးစီးပွားနှင့်မစပ်သဖြင့် မပြောဆိုရ၊

(င) မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြောဆိုရမည်၊ ဒေါသစိတ်ဖြင့် မပြောဆိုရ၊ (ဝိ၊ ၅၊ ၂၈၀)

၃။ စောဒကပုဂ္ဂိုလ်သည် ဝိဝါဒါမိကရုဏ်းမှုခင်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်ထားသော ပုံစံ(က)နှင့်အညီ ဖြည့်စွက်၍ စောဒနာလွှာ (၂)စောင်ပြုလုပ်ပြီး သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်။ ပုံစံ(က)နှင့်တကွ စောဒနာလွှာအကျယ်ကို ရေးသားတင်ပြနိုင်သည်။

ဝိ-လုပ်ထုံး/၃ (က)

၄။ အငြင်းပွားပစ္စည်းဘဏ္ဍာသည် မြို့နယ်တစ်ခုတည်း အတွင်း၌သာ တည်ရှိခြင်းမဟုတ်လျှင် စောဒကသည် အငြင်းပွားပစ္စည်းဘဏ္ဍာ အများစု တည်ရှိရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်။ ဝိ-လုပ်ထုံး/၃ (က)

၅။ အငြင်းပွားပစ္စည်းဘဏ္ဍာသည် မြေဖြစ်လျှင် စောဒကသည် သက်ဆိုင်ရာ မြေစာရင်းဌာန၏ တရားဝင်သက်သေခံမြေပုံ၊ မြေရာဇဝင်၊ အကွက်နံပါတ်၊ ဦးပိုင်နံပါတ်၊ ဧရိယာအကျယ်အဝန်း ပိုင်ဆိုင်မှုအဆင့်ဆင့် ပြောင်းလဲခဲ့ပုံများကို ပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါမိကရုဏ်းမှုခင်း ပုံစံ(က)ပါ အချက်အလက်များအတိုင်း ပြည့်စုံအောင် ဖော်ပြရမည်။

ဝိ-လုပ်ထုံး/၃ (ဂ)

၆။ စောဒကသည် သက်သေခံမြေပုံတွင် သက်ဆိုင်ရာမြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း မြေစာရင်းဦးစီးဌာနမှူး၏လက်မှတ်နှင့် ရုံးတံဆိပ်ပါရှိသော တရားဝင်သက်သေခံမြေပုံကို တင်ပြရမည်။

၇။ အငြင်းပွားဝတ္ထုသည် မြေပေါ်ရှိ အဆောက်အအုံ၊ သစ်ပင်စသည်တို့ ဖြစ်လျှင် စောဒကသည် အမျိုးအစား အရေအတွက် မူလအလှူဒါယကာ နှင့် ပိုင်ဆိုင်မှုအဆင့်ဆင့် ပြောင်းလဲဆင်းသက်ခဲ့ပုံများကို စောဒနာလွှာ တွင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြရမည်။ ဝိ-လုပ်ထုံး/၃ (ဃ)

၈။ စောဒကသည် စောဒနာလွှာ၌ မိမိစွဲဆိုချက်နှင့် သက်ဆိုင်သော ရယူလိုသည့် အဆုံးအဖြတ်ကိုသာ တိကျပြတ်သားစွာ ဖော်ပြရမည်။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ညွှန်ကြားချက်မပါဘဲ ထပ်မံဖြည့်စွက် တင်သွင်းခြင်း မပြုရ။ ဝိ-လုပ်ထုံး/၃ (ခ)

၉။ စောဒကသည် အနုဝါဒါမိကရုဏ်းမှုခင်းကို ဝိနည်းမမွကံ အမိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ပုံစံ(ခ)နှင့်အညီ ဖြည့်စွက်၍ စောဒနာလွှာ (၂)စောင် ပြုလုပ်ပြီး သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုနိုင်သည်။ ပုံစံ (ခ)နှင့်တကွ စောဒနာလွှာအကျယ်ကို ရေးသား‌တင်သွင်းနိုင်သည်။ ဝိ-လုပ်ထုံး/၃ (က)

၁၀။ စောဒကသည် အနုဝါဒါမိကရုဏ်းမှုခင်းကို စွဲဆိုရာ၌ မှုခင်းဖြစ်ပွားရာ မြို့နယ်သံဃနာယကအဖွဲ့၌သာ စွဲဆိုရမည်။ ဝိဝါဒါမှုခင်းနှင့် အနုဝါဒမှုခင်းကို ရောစပ်၍ မစွဲဆိုရ။ ဝိ-လုပ်ထုံး/၃ (က)

၁၁။ စောဒကသည် အနုဝါဒါမိကရုဏ်းမှု စောဒနာလွှာ၌ ဝတ္ထုနှင့် အာပတ်နှစ်မျိုးလုံးကိုသော်လည်းကောင်း၊ တစ်ခုခုကိုသော်လည်းကောင်း၊ ဖော်ပြ၍ ဖြစ်ပွားပုံအခြင်းအရာ၊ နေရာဒေသ၊ အချိန်ကာလ၊ ပတ်ဝန်းကျင် အခြေအနေနှင့် သက်သေအထောက်အထားများကို ပြည်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြရမည်။ ဝိ-လုပ်ထုံး/၃ (င)

၁၂။ စောဒကသည် စောဒနာလွှာ၌ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရမည့်အပြင် သာသနာဝင်အမှတ် သာသနာနွယ်ဝင်အမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်ကို ဖော်ပြရမည်။

၁၃။ စောဒကသည် တစ်ဦးတည်းမဟုတ်ဘဲ စောဒကအများဖြစ်ပါက ဦးဆောင်စောဒကကို ခွဲခြားဖော်ပြ၍ ကျန်စောဒကများသည် ကိုယ်တိုင် လက်မှတ်ရေးထိုး၍ဖြစ်စေ၊ ကိုယ်စားလှယ် လက်မှတ်ရေးထိုးလွှဲအပ်၍ ဖြစ်စေ စောဒကအသီးသီး၏ နေရပ်လိပ်စာကိုပါ ဖော်ပြစောဒနာရမည်။

၁၄။ ဂိုဏ်းပိုင်/အသင်းအဖွဲ့ပိုင်အဖြစ် အဆုံးအဖြတ် ရယူလိုသော စောဒနာလွှာကို တင်သွင်းရာ၌ စောဒကသည် ဂိုဏ်း/အသင်းအဖွဲ့က လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာကို စောဒနာလွှာနှင့်အတူ ပူးတွဲ တင်သွင်းရမည်။

၁၅။ စောဒက၏ စောဒနာလွှာသည် နစ်နာသူ စောဒကကိုယ်တိုင် တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ပြစ်မှုဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်ပါက ယင်းအမှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေအရ တရားစွဲဆိုခြင်း ပြုမည်မဟုတ်ပါကြောင်း ဝန်ခံကတိပြုလွှာ ပုံစံ (၃)ကို တစ်ပါတည်း တင်သွင်းရမည်။ ဝိ-လုပ်ထုံး/၂၁ (ဂ)

၁၆။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၂၃)အရ ပြီးငြိမ်းပြီးသောမှုခင်းအဖြစ် သတ်မှတ်ထားသော မှုခင်းများကို မည်သူမျှ ထပ်မံစွဲဆိုခြင်း မပြုရ။

၁၇။ ဝိနည်းဓမ္မကံ မှုခင်းတစ်ခု၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌ အကျိုးတော်ဆောင်/တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် စောဒက၊ သို့မဟုတ် စုဒိတကအဖြစ် ပါဝင်နေပါက စောဒကသည် စောဒနာလွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းရမည်။ ပြည်နယ်/တိုင်း/မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သွင်းခွင့်မရှိ။ ဝိ-လုပ်ထုံး/၂၄ (ဂ/၁)

၁၈။ ဝိနည်းဓမ္မကံ မှုခင်းတစ်ခု၌ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ/အကျိုးတော်ဆောင်/တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် စောဒက၊ သို့မဟုတ် စုဒိတကအဖြစ် ပါဝင်နေပါက စောဒကသည် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းရမည်။ ပြည်နယ်/တိုင်း/မြို့နယ် သံဃနာယကအဖွဲ့သို့ တင်သွင်းခွင့်မရှိ။ ဝိ-လုပ်ထုံး/၂၄ ( င/၁)

## ကျောင်းစည်းကမ်း မလိုက်နာမှု

၁၉။ ညွှန်ကြားလွှာအမှတ်(၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကျောင်းစည်းကမ်း မလိုက်နာမှုဖြင့် ကျောင်းဘုန်းကြီး/ကျောင်းတိုက် နာယကဆရာတော်ကို ခန်းနေရဟန်း၊ သာမဏေက စောဒကပြုလုပ် စွဲဆိုခွင့်မရှိစေရ။

၂၀။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ်(၉၃)အရ အရေးယူခံရမည့်သူသည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ/အကျိုးတော်ဆောင် ဆရာတော်ဖြစ်နေခဲ့သော် မြို့နယ်သံဃနာယကအဖွဲ့က ညွှန်ကြားသော နီးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က စောဒက ပြုလုပ်စွဲဆိုရမည်။

၂၁။ သီးခြားဂိုဏ်းဝင်ကျောင်း/ကျောင်းတိုက် ဆရာတော်များသည် ကျောင်းစည်းကမ်း မလိုက်နာမှုဖြင့် စွဲဆိုလိုပါက သက်ဆိုင်ရာ ဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြစွဲဆိုခွင့်ရှိသည်၊ သက်ဆိုင်ရာ ဂိုဏ်း၏ မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက ယင်းဒေသရှိ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်။

**ရဟန်း သာမဏေများလိုက်နာရန် ညွှန်ကြားလွှာ ၇၂-ပါး စည်းကမ်းကျင့်ဝတ် (၉)ချက်ကို မလိုက်နာမှု**

၂၂။ ကျောင်းထိုင်ဘုန်းကြီး/ကျောင်းတိုက်နာယကဆရာတော်များ ကို စည်းကမ်းမလိုက်နာမှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့က စောဒကပြုလုပ်စွဲဆိုရာတွင် အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကိုယ်စားလှယ်တစ်ပါးအား စောဒကအဖြစ် တာဝန်ပေး၍ စွဲဆိုစေရမည်။

**ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ နေထိုင်မှု**

၂၃။ ကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၊ သို့မဟုတ် ကျူးကျော်ကျောင်း၌နေထိုင်သော ရဟန်း သာမဏေများကို ကျောင်း အဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၊ သို့မဟုတ် ကျူးကျော် ကျောင်းမှ ထွက်ခွါစေရန်အတွက် ပြည်နယ်/တိုင်း သာသနာရေးမှူးက စောဒကပြုလုပ်စွဲဆိုရန် အကြောင်းပေါ်ပေါက်လာပါက ပြည်နယ်/ တိုင်း သာသနာရေးမှူးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကျောင်း အဖြစ် အသိအမှတ်မပြုကြောင်း အတည်ပြုဆုံးဖြတ်ချက်ကို စောဒနာ လွှာနှင့်အတူ ပူးတွဲ၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သင်းရမည်။

၂၄။ အာဇီဝဝိပတ္တိ၊ အာစာရဝိပတ္တိဖြင့် စွပ်စွဲသည့် အနုဝါဒါဓိကရဏ်းမှုကို စွဲဆိုသော စောဒကသည် စောဒနာလွှာ (ပုံစံ ၇၅-က)နှင့်အညီ ဖြည့်စွက်၍ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်သွင်းစွဲဆိုရမည်။

၂၅။ သာသနာတော်တစ်ရပ်လုံးနှင့်သက်ဆိုင်သော ဓမ္မ, အဓမ္မစသည့် မှုခင်းနှင့်ပတ်သက်၍ စောဒနာလိုပါက စောဒကသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့မှ တစ်ဆင့်ဖြစ်စေ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းစွဲဆိုရမည်။

ဝိ-လုပ်ထုံး/၅၇ (င)

၂၆။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်/နိုင်ငံတော် ဩဝါဒါစရိယဆရာတော် တစ်ပါးပါးကို အန္တိမဝတ္ထုဖြင့် စောဒနာရန် အကြောင်းပေါ်ပေါက်ပါက စောဒကသည် စောဒနာလွှာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်တင်သွင်းရမည်။

ဝိ-လုပ်ထုံး/၅၇ (က)

၂၇။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်/နိုင်ငံတော် ဩဝါဒါစရိယဆရာတော် တစ်ပါးပါးကို အန္တိမဝတ္ထုဖြင့် စောဒနာခြင်းမှ တစ်ပါးအခြားသော ဝိနည်းဓမ္မကံမှုဖြင့် စောဒနာခြင်းဖြစ်ပါက ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များ အပိုဒ်(၅၇)မှတစ်ပါး အခြားသတ်မှတ်ချက်များအတိုင်း သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ စောဒနာလွှာ တင်သွင်း စောဒနာနိုင်သည်။ ဝိ-လုပ်ထုံး/၅၇ (ဃ)

၂၈။ သီးခြားဂိုဏ်းဝင် သံဃာများသည် မိမိတို့ ဂိုဏ်းဝင်အချင်းချင်း ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို သက်ဆိုင်ရာဂိုဏ်း၏ သက်ဆိုင်ရာ သံဃနာယကအဖွဲ့၊ သို့မဟုတ် သက်ဆိုင်ရာဂိုဏ်းက သတ်မှတ်သည့်အတိုင်း စွဲဆိုနိုင်သည်။ (အခြေခံစည်းမျဉ်း-၉၂)

၂၉။ သာသနာရေးဦးစီးဌာနက စောဒကပြုလုပ်စွဲဆိုရန် သီးခြားတာဝန်ပေးအပ်သည့် အဓိကရုဏ်းမှုခင်းမှတစ်ပါး အခြားအဓိကရုဏ်းမှုခင်းများ၌ မြို့နယ်သာသနာရေးမှူးသည် စောဒက ပြုလုပ်စွဲဆိုခွင့် မရှိစေရ။

------

# အခန်း (၂)

## ဝိနည်းမမွက် အဓိကရုဏ်းမှုခင်းကို စိစစ်လက်ခံခြင်း

၃၀။ ဝိနည်းမမွက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တင်သွင်းလာသော စောဒနာလွှာကို လက်ခံရန် သတ်မှတ်ထားသော သံဃနာယကအဖွဲ့သည် တင်သွင်းလာသော စောဒနာလွှာအရ ဝိနည်းမမွက်မှုခင်း၌ အကျုံးဝင်သည်၊ အကျုံးမဝင်သည်ကို စိစစ်လက်ခံရမည်။

[သံဃေန ဩတိဏ္ဏာနောတိဏ္ဏံ ဇာနိတဗ္ဗံ]
(ဝိ၊ ၅၊ ၂၈၃)

၃၁။ သံဃနာယကအဖွဲ့သည် စောဒက၏ စောဒနာလွှာ၌ ဝိနည်း မမွက် လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃)နှင့် ယင်းလုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ပုံစံ(က)၊ သို့မဟုတ် (ခ)ပါ သတ်မှတ်ထားသည့် အချက်အလက်များ၊ အထောက်အထားများ၊ သက်သေများ ပြည့်စုံစွာ တင်ပြထားခြင်း ရှိ, မရှိ စောဒကများကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်း ရှိ, မရှိ စိစစ် လက်ခံရမည်။ ဝိ-လုပ်ထုံး/၄၅ (ခ/၁)

၃၂။ အခန်း(၁)တွင် ဖော်ပြထားသည့်အတိုင်း စောဒကပုဂ္ဂိုလ်က စောဒနာလွှာ၌ ပြည့်စုံစွာဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံခြင်း ရှိ, မရှိ စိစစ်၍ လက်ခံရမည်။

၃၃။ သတ်မှတ်ထားသည့် အချက်အလက်များ၊ အထောက်အထား များ မပြည့်မစုံဖြစ်နေပါက လိုအပ်ချက်များကို ထပ်မံဖြည့်စွက် တင်ပြရန် ရှင်းလင်းပြောကြား ညွှန်ကြားရမည်။

၃၄။ စာဒနာလွှာတွင် သက်သေခံ စာရွက်စာတမ်းများကို (က)(ခ) စသည် မှတ်သား၍ ယင်းသက်သေခံ စာရွက်စာတမ်း၏ အကြောင်းအရာ ရွက်ရေတို့ကို ဖော်ပြလျှက် "သက်သေခံ စာရွက်စာတမ်းစာရင်း"နှင့်အတူ ပူးတွဲ တင်ပြခြင်း ရှိ, မရှိ စိစစ်၍ လက်ခံရမည်။

၃၅။ သက်သေခံ စာရွက်စာတမ်းများသည် မူရင်း၊ သို့မဟုတ် မိတ္တူ ခွဲခြားဖော်ပြထားခြင်း ရှိ, မရှိ စိစစ်ရမည်။ မိတ္တူဖြစ်လျှင် အလိုရှိ၍ တောင်းဆိုပါက မူရင်းကို အချိန်မရွေး တင်ပြနိုင်ပါကြောင်း ယင်းစာရွက် ပေါ်တွင် ဝန်ခံလက်မှတ်ရေးထိုးထားခြင်း ရှိ, မရှိ စိစစ်၍ လက်ခံရမည်။

၃၆။ သက်သေစာရင်းကို စိစစ်ရာ၌ သက်သေတို့၏ သာသနာဝင် အမှတ် သာသနာနွယ်ဝင်အမှတ် အမျိုးသားမှတ်ပုံတင်အမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာအပြည့်အစုံ ဖော်ပြထားခြင်း ရှိ, မရှိ စိစစ်၍ လက်ခံရမည်။

၃၇။ သက်သေခံစာရင်းပါ ပုဂ္ဂိုလ်များသည် အမှုနှင့်စပ်လျဉ်း၍ မည်သည့်အကြောင်းအရာကို သိရှိသူဖြစ်ကြောင်း ခွဲခြားသိရှိ စစ်ဆေးနိုင် ရန်အတွက် စာဒနာလွှာ စာပိုဒ်တစ်ခုစီ၏ အဆုံးတွင် သက်ဆိုင်သည့် သက်သေအမည်ကို အသီးသီးခွဲခြား၍ ထပ်မံ ဖော်ပြထားခြင်း ရှိ, မရှိ စိစစ်ရမည်။

၃၈။ စာဒနာလွှာ (၂)စောင် တင်သွင်းရာတွင် စာဒနာလွှာ (၂)စောင်လုံးတွင် သက်သေခံစာရွက်စာတမ်းနှင့် သက်သေခံစာရင်းများ ပါ-မပါကို စိစစ်၍ စုဒိတကထံ ပေးပို့သော စာဒနာလွှာမိတ္တူတွင် သက်သေခံစာရွက်စာတမ်း မိတ္တူကိုပါ ထည့်သွင်းပေးပို့ရမည်။

၃၉။ သံဃနာယကအဖွဲ့သည် စာဒနာလွှာပါ စာရွက်အသီးသီး၏ ကျောဘက်တွင် သံဃနာယကအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ စာမျက်နှာနံပါတ် များကို အစဉ်အတိုင်း ရေးထိုးရမည်။

၄၀။ သံဃနာယကအဖွဲ့သည် အမှုတွဲ မှတ်ပုံတင်စာရင်းစာအုပ် ထားရှိပြီး ယင်းမှတ်ပုံတင် စာရင်းစာအုပ်တွင် ရက်စွဲနှင့် စာနံပါတ်၊ စောဒက၊ စုဒိတကတို့၏ အမည်နှင့်နေရပ်လိပ်စာ အမှုအကြောင်းအရာ များအပြင် စာရွက်အရေအတွက်နှင့် အရေးကြီးသည့် သက်သေခံ စာရွက်စာတမ်းများ၏ အမျိုးအမည်တို့ကို ရေးမှတ်ထားရမည်။

၄၁။ စောဒနာလွှာ၌ ရှေ့ဆုံးစာမျက်နှာတွင် ရက်စွဲနှင့် ဝင်စာနံပါတ်များကို ရေးမှတ်ရမည်။

၄၂။ အမှုလက်ခံရရှိသော သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် စွဲဆိုချက်နှင့် မသက်ဆိုင်သော အဆုံးအဖြတ်ကိုရယူနိုင်ရန် တောင်းခံထားသည့် စောဒနာလွှာ၊ အရေးကြီးသော အချက်အလက် ပြည့်စုံစွာ ဖော်ပြမထားသည့် စောဒနာလွှာ၊ ခိုင်လုံသည့်အထောက်အထား မတင်ပြနိုင်သည့် စောဒနာလွှာကို ပယ်ချရာ၌ ပုံစံ(ဂ)တွင် ချွတ်ယွင်းချက်များကို ဖော်ပြ၍ စောဒနာလွှာရရှိသည့်နေ့မှ ၁၅-ရက်အတွင်း သံဃနာယကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပလပ်ပယ်ချနိုင်သည်။ ယင်းအမိန့်စာ ပုံစံ(ဂ)နှင့်တကွ စောဒနာလွှာကိုပါ စောဒကအား ပြန်ပေးရမည်။ ဝိ-လုပ်ထုံး/၄(က)

၄၃။ စောဒကသည် စောဒနာလွှာ၌ ချွတ်ယွင်းချက်များကို ပြည့်စုံ အောင်ဆောင်ရွက်၍ သက်ဆိုင်သည့် သံဃနာယကအဖွဲ့သို့ ပလပ် ပယ်ချသည့် အမိန့်စာရသည့်နေ့မှ ရက်ပေါင်း ၃၀-အတွင်း ဒုတိယအကြိမ် ပြန်လည်တင်သွင်း စွဲဆိုနိုင်သည်။ ဝိ-လုပ်ထုံး/၄ (ခ)

၄၄။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ဒုတိယအကြိမ် ပြန်လည်တင်ပြသည့် စောဒနာလွှာကို စိစစ်၍ လက်ခံခြင်း၊ ထပ်မံပယ်ချခြင်း ပြုနိုင်သည်။ ဒုတိယအကြိမ် ပယ်ချပါက ထပ်မံပယ်ချသည့် ပုံစံ(ဂ)နှင့်တကွ အမိန့်စာ စောဒနာလွှာကိုပါ စောဒကသို့ ပေးရမည်။ ဝိ-လုပ်ထုံး/၄ (ဂ)

၄၅။ မြို့နယ်သံဃနာယကအဖွဲ့က ဒုတိယအကြိမ် ထပ်မံပယ်ချခြင်းကို မကျေနပ်သော စောဒကသည် ပလပ်ပယ်ချသည့် အမိန့်စာရသည့်နေ့မှ ရက်ပေါင်း ၃၀-အတွင်း သက်ဆိုင်ရာပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ အကြောင်းအကျိုးဖော်ပြ၍ အယူခံဝင်နိုင်သည်။ ဝိ-လုပ်ထုံး/၄(ဃ)

၄၆။ စောဒနာလွှာ ပယ်ချခြင်းကိစ္စနှင့်ပတ်သက်၍ အယူခံစောဒနာဝင်လွှာ တင်သွင်းရာ၌ သက်ဆိုင်ရာ သံဃနာယကဆရာတော် တစ်ပါးပါးကိုဖြစ်စေ၊ ဆရာတော်အများကိုဖြစ်စေ၊ သံဃနာယကတစ်ဖွဲ့လုံးကိုဖြစ်စေ အက္ကောသဝတ္ထုဖြင့် ဆဲရေးခြင်း အာပတ်သို့တင်၍ သို့မဟုတ် ဝတ္ထုကို ပြ၍ စွပ်စွဲခြင်းတို့တွင် တစ်ခုခုကိုသော်မျှ မပြုရ။

၄၇။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာရသည့်နေ့မှ ၁၅-ရက်အတွင်း အယူခံစောဒနာဝင်လွှာကို စိစစ်၍ မြို့နယ်သံဃနာယကအဖွဲ့က ပလပ်ပယ်ချသည့်အမိန့်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုရမည်။

၄၈။ အယူခံစောဒနာဝင်လွှာ၌ ဤလက်စွဲအပိုဒ် (၄၆)ပါ တားမြစ်ချက်တစ်ခုခုပါရှိနေကြောင်း တွေ့ရှိရပါက အကြောင်းပြ၍ ယင်းအယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချရမည်။

၄၉။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့က ပယပ်ပယ်ချသည့်အမိန့်ကို အတည်ပြုလျှင်အတည်ပြုကြောင်း၊ ပယ်ဖျက်လျှင် ပယ်ဖျက်ကြောင်းကို အကြောင်းအကျိုးဖော်ပြ၍ အယူခံဝင်စောဒကသို့ ပေးပို့ရမည်။ မိတ္တူကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည်။

၅၀။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၏ အကြောင်းကြားစာတွင် မြို့နယ်သံဃနာယကအဖွဲ့၏ ပလပ်ပယ်ချသည့်အမိန့်ကို ပယ်ဖျက်လျှင် စောဒက၏ စောဒနာလွှာကိုလက်ခံရန် စောဒနာလွှာ (၂)စောင်နှင့်အတူ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ညွှန်ကြားရမည်။
ဝိ-လုပ်ထုံး/၄ (စ)

၅၁။ မြို့နယ်သံဃနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ညွှန်ကြားစာရရှိပါက စောဒနာလွှာကို လက်ခံ၍ ၁၅-ရက်အတွင်း ဆောင်ရွက်ရမည်။

၅၂။ မူလစောဒကသည် မြို့နယ်သံဃနာယကအဖွဲ့က ပလပ်ပယ်ချသည့် အမိန့်ကို အတည်ပြုကြောင်း ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ထံမှ အမိန့်စာရရှိပါက အမိန့်စာ ရရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ စောဒနာလွှာ အမှုတွဲအပြည့်အစုံနှင့်အတူ အယူခံလွှာ တင်သွင်းနိုင်သည်။ ဝိ-လုပ်ထုံး/၄(င)

၅၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ပလပ်ပယ်ချသည့်အမိန့်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ရမည်။ ဤလက်စွဲ အပိုဒ်(၄၆)ပါ တားမြစ်ချက်တစ်ခုခုသည် အယူခံစောဒနာဝင်လွှာ၌ ပါရှိနေသည်ကို စိစစ်တွေ့ရှိရလျှင် ယင်းအယူခံစောဒနာကို အကြောင်းပြ၍ အပြီးအပြတ် ပလပ်ပယ်ချရမည်။

၅၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ အတည်ပြု ပလပ်ပယ်ချသည့်အမိန့်စာကို စောဒကသို့ ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

၅၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ပလပ်ပယ်ချသည့်အမိန့်ကို ပယ်ဖျက်သည့်အမိန့်စာ မိတ္တူနှင့်အတူ စောဒက၏ စောဒနာလွှာကို လက်ခံရန် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ညွှန်ကြားရမည်။ ဝိ-လုပ်ထုံး/၄(စ)

၅၆။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် စောဒနာလွှာ လက်ခံရန် ညွှန်ကြားစာရလျှင် စောဒကတင်သွင်းသော စောဒနာလွှာကို လက်ခံရမည်။ ဝိ-လုပ်ထုံး/၄(စ)

၅၇။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် စာဒနာလွှာကို လက်ခံပြီးနောက် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း ၄၊ အပိုဒ်(၂၁)အရ ဆောင်ရွက်ဖွယ် ရှိ-မရှိ စိစစ်ရမည်။

ဝိ-လုပ်ထုံး/၅(က)

၅၈။ သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း ၄၊ အပိုဒ်(၂၁) အရ ဆောင်ရွက်ဖွယ်မရှိပါက (၇)ရက်အတွင်း စာဒနာလွှာမိတ္တူတစ်စောင်ကို စုဒိတကထံ ပေးပို့ရမည်။ ဝိ-လုပ်ထုံး/၅(က)

၅၉။ သံဃနာယကအဖွဲ့သည် စုဒိတကထံသို့ စာဒနာလွှာ ပေးပို့ရာတွင် စာဒနာလွှာရသည့်နေ့မှ (၁၅)ရက်အတွင်း သောဓနာလွှာ(၂)စောင် တင်သွင်းစေရန် အကြောင်းကြားစာနှင့်အတူ ပူးတွဲ၍ ပေးပို့ရမည်။

ဝိ-လုပ်ထုံး/၅(က)

# အခန်း (၃)
## သောစနောခြင်း

၆၀။ စုဒိတကပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့ပါ စုဒိတကကျင့်ဝတ်နှစ်ပါးနှင့် အညီ သောစနောရမည်-

(က) စုဒိတကသည် မှန်မှန်ကန်ကန် ပြောဆိုတင်ပြ ဖြေရှင်းရမည်။

(ခ) စုဒိတကသည် စောဒကအပေါ်၌လည်းကောင်း၊ သံဃနာယကဆရာတော်များ အပေါ်၌ လည်းကောင်း၊ ဝိနည်းဓိုရ်ဆရာတော်များအပေါ်၌ လည်းကောင်း၊ အမျက်ဒေါသမထွက်ရန် စောင့်ထိန်းရမည်။

(ဝိ၊ ၅၊ ၂၈၃)

၆၁။ စုဒိတကသည် စောဒနာလွှာတွင် စောဒနာထားသည့် အချက်များကို အစီအစဉ်တကျ တစ်ခုချင်းအလိုက် ဟုတ်မှန်လျှင် ဟုတ်မှန်ကြောင်း ဝန်ခံ၍ လည်းကောင်း၊ မဟုတ်မှန်လျှင် မဟုတ်မှန်ကြောင်း အကြောင်းအကျိုးဖော်ပြလျက် ငြင်းပယ်၍သော် လည်းကောင်း ဖြေရှင်း သောစနောရမည်။

၆၂။ စောဒကတင်ပြသော သက်သေခံ အထောက်အထားများသည် မှန်ကန်လျှင် မှန်ကန်ကြောင်း၊ မမှန်ကန်လျှင် မှန်ကန်မှုမရှိကြောင်းကို သက်သေခံအထောက်အထား တစ်ခုချင်းအလိုက် ရှင်းလင်းချေပ သောစနောရမည်။

၆၃။ စုဒိတကသည် မိမိတင်ပြလိုသော သက်သေခံ စာရွက်စာတမ်း အထောက်အထားကို သောစနောလွှာနှင့်အတူ တင်ပြလိုက တင်ပြနိုင်သည်။

၆၄။ သံဃနာယကအဖွဲ့သည် စုဒိတကထံမှ ရရှိသော သောဓနာလွှာကို စောဒနာနှင့်အလားတူ ပြည့်စုံမှု ရှိ၊ မရှိ စိစစ်၍ ပြည့်စုံမှုမရှိပါက ပြည့်စုံအောင်ဆောင်ရွက်ပေးရန် ရှင်းလင်းပြောဆို ညွှန်ကြားရမည်။

၆၅။ သံဃနာယကအဖွဲ့သည် သောဓနာလွှာကို စိစစ်လက်ခံပြီး နောက်အမှုတွဲမှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်း၍ သောဓနာလွှာ အပေါ် အဖွဲ့တံဆိပ်ရိုက်နှိပ်ပြီး လက်ခံရရှိသည့်ရက်စွဲနှင့် ဝင်စာနံပါတ်များ ကို ရေးမှတ်ရမည်။

၆၆။ သံဃနာယကအဖွဲ့သည် စုဒိတကထံမှ သောဓနာလွှာ (၂)စောင် ရရှိလျှင် သောဓနာလွှာ တစ်စောင်ကို စောဒကသို့ ပေးပို့ရမည်။

၆၇။ သံဃနာယကအဖွဲ့သည် သတ်မှတ်ထားသောရက်အတွင်း သောဓနာလွှာ မရရှိပါက သောဓနာလွှာမရရှိကြောင်း ဖော်ပြသည့်စာကို လက်မှတ်ရေးထိုးပြီးလျှင် သံဃနာယကအဖွဲ့တံဆိပ်ရိုက်နှိပ်ကာ အမှုတွဲ၌ ထည့်သွင်းထားရမည်။

၆၈။ သံဃနာယကအဖွဲ့သည် သက်သေခံစာချုပ်စာတမ်း မြေပုံမူရင်းကို မိတ္တူမှန်နှင့် ပူးတွဲတင်ပြပါက မူရင်းနှင့်မိတ္တူမှန်တို့ကို တိုက်ဆိုင်စစ်ဆေး၍ တူညီပါက မူရင်းနှင့် တိုက်ဆိုင်စိစစ်ပြီးကြောင်း မှတ်ချက်ရေးသားထားပြီး မိတ္တူမှန်ကိုသာ လက်ခံထားရှိပြီး မူရင်းကို စုဒိတကအား ပြန်ပေးရမည်။

၆၉။ သံဃနာယကအဖွဲ့သည် စစ်ဆေးလက်ခံထားသော မိတ္တူမှန် သက်သေခံ စာရွက်စာတမ်းများပေါ်တွင် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီးဟု မှတ်တမ်းရေးခြင်း၊ လက်မှတ်ရေးထိုးခြင်း၊ သံဃနာယကအဖွဲ့တံဆိပ် နှိပ်ခြင်းများပြုလုပ်၍ သက်ဆိုင်ရာ စောဒနာလွှာ/သောဓနာလွှာတွင် ပူးတွဲထားရမည်။

၇၀။ သံဃနာယက အဖွဲ့သည် စောဒနာလွှာ၊ သောခနာလွှာတို့ကို စိစစ်လက်ခံပြီးနောက် မိမိ လက်ခံထားသော ဝိနည်းဓမ္မကံမှုခင်းသည် ဖော်ပြလတ္တံ့ပါ မှုခင်းအမျိုးအစားဖြစ်ပါက သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်း မပြုဘဲ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အမှုတွဲနှင့် အတူလွှဲပြောင်း ပေးပို့ရမည့် [ဝိ-လုပ်ထုံး/၅(ခ)]-

(က) ဂိုဏ်းမတူသည့် ရဟန်း သာမဏေတို့ ဖြစ်ပွားသော၊ သို့မဟုတ် ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော သာသနာရေးဆိုင်ရာ ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊

(ခ) ပြီးငြိမ်းပြီးသောမှုခင်း၊ မပြီးငြိမ်းသော မှုခင်းဟု အငြင်းပွားသည့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း၊

(ဂ) သာသနာ့မြေ ပြင်ပ၌ရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်ခွင့်အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၊

(ဃ) အမွေမှု ရောယှက်ရှုပ်ထွေး ပါဝင်နေသော ဝိဝါဒါဓိကရုဏ်းမှုခင်း၊

၇၁။ စောဒက၏စောဒနာလွှာကိုလက်ခံသော သံဃနာယကအဖွဲ့သည် မိမိ လက်ခံထားသော မှုခင်းတစ်ခု၌ ဖြစ်မှုဆိုင်ရာ ဥပဒေတစ်ခုခုနှင့် ငြိစွန်းခြင်းရှိသည်ဟု သံသယရှိလျှင် သက်ဆိုင်ရာ တရားရေးဦးစီးဌာနမှူးသို့ မည်သည့်ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မများနှင့် ငြိစွန်းကြောင်းကို မေတ္တာရပ်ခံ မေးမြန်းစုံစမ်းရမည်။ ဝိ-လုပ်ထုံး/၂၁ (က)

၇၂။ နိုင်ငံတော်က တရားလိုပြုလုပ် စွဲဆိုရမည့် ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်နေပါက တရားရုံးများ၌ စစ်ဆေးဆုံးဖြတ် ဆောင်ရွက်မှုပြီးပြတ်မှသာ လုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ရမည်။ ဝိ-လုပ်ထုံး/၂၁ (ခ)

၇၃။ ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ပတ်သက်၍ ရာဇဝတ်တရားရုံးများက ဆုံးဖြတ်ပြီးသော်လည်း သုဒ္ဓ, အသုဒ္ဓ စသည်တို့ကို စိစစ်ရန် လိုအပ်၍ တင်ပြစွဲဆိုလာလျှင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအခန်း(၂) ပုဒ်မ(၃)အရ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သည်။

၇၄။ ပြစ်မှုဆိုင်ရာ ဥပဒေတစ်စုံတစ်ရာကို ကျူးလွန်သော ရဟန်းသာမဏေများအား ရှေးဦးစွာ ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ပြီးနောက် အပြစ်ဒဏ် ချမှတ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ တရားရုံး၏ ဆုံးဖြတ်ချက်ကို ရရှိပြီးမှသာလျှင် သက်ဆိုင်ရာ သံဃနာယက အဖွဲ့က ဝိနည်းတရားတော်နှင့်အညီ လိုအပ်သလို လက်ခံ စစ်ဆေးဆောင်ရွက်ရမည်။

၇၅။ နိုင်ငံတော်က တရားလိုမပြုနိုင်ဘဲ နစ်နာသူ ကိုယ်တိုင်က တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုရမည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ခုခုနှင့် သက်ဆိုင်ပါက တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုလိုခြင်း ရှိ-မရှိ မေးမြန်းစစ်ဆေးရမည်။ ဝိ-လုပ်ထုံး/၂၁ (ဂ)

၇၆။ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်း မပြုတော့ပါကြောင်း သတ်မှတ်သည့် နောက်ဆက်တွဲပုံစံ(၃)ဖြင့် ဝန်ခံကတိပြုသော စောဒက၏ စောဒနာလွှာကိုသာ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေး ဆုံးဖြတ်ရမည်။

ဝိ-လုပ်ထုံး/၂၁ (ဂ)

၇၇။ သံဃနာယကအဖွဲ့သည် ပုံစံ(၃)ဖြင့် ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုခြင်း ပြုမည်မဟုတ်ပါကြောင်း စောဒက၏ ဝန်ခံကတိပြုလွှာ မိတ္တူမှန်ကို စုဒိတကထံသို့ စောဒနာလွှာနှင့်အတူ ပေးပို့ရမည်။

၇၈။ ဝန်ခံကတိပြုလွှာကို စုဒိတကအား မပေးဘဲ ဆောင်ရွက်သော သံဃနာယကအဖွဲ့ အဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် သံဃဝိနိစ္ဆယ အဖွဲ့ အဆင့်ဆင့်တို့၏ ဆောင်ရွက်ချက် အားလုံးသည် တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီးသည်ဟု မှတ်ယူရမည်။

၇၉။ သံဃနာယကအဖွဲ့သည် သာသနာ့မြေ ပြင်ပ၌ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကို ရဟန်း၊ သာမဏေ ဂိုဏ်း၊ သံဃာ၊ စေတီ၊ ကျောင်း၊ ကျောင်းတိုက်၊ နဝကမ္မ၊ ဗုဒ္ဓသာသနာရေးဆိုင်ရာ အသင်းအဖွဲ့များအား လှူဒါန်းရာ၌ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌မှတ်ပုံတင်၍ ယင်းစာချုပ်စာတမ်း များကို လက်ရောက်ပေးအပ်ခြင်း ရှိ-မရှိ စိစစ်၍ ယင်းသို့ပြုလုပ် ဆောင်ရွက်ထားသော သာသနာ့မြေ ပြင်ပရှိ မရွှေ့ပြောင်းနိုင်သော ပစ္စည်းဘဏ္ဍာများနှင့်စပ်လျဉ်းသော ပိုင်ဆိုင်ခွင့်အငြင်းပွားမှုကိုသာလျှင် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။ (ဝိ၊ လုပ်ထုံး ၆၀)

၈၀။ သံဃနာယကအဖွဲ့သည် သတ်မှတ်ရက်အတွင်း ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ပြည်နယ်/တိုင်း ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့မဟုတ် ဥပဋ္ဌာကအဖြစ် ဆောင်ရွက်သော သက်ဆိုင်ရာ သာသနာရေးမှူးနှင့် ညှိနှိုင်း၍ ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းရန်ရက်ကို သတ်မှတ်ပေးရမည်။

-----------

# အခန်း(၄)

## သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း

၈၁။ မြို့နယ်သံဃနာယကအဖွဲ့သည် စုဒိတကအား သောမနဿ တင်ရန် ခွင့်ပြုရက်ကုန်ဆုံးပြီးနောက် သောမနဿ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ၁၅ ရက် အတွင်း သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၈၂။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ်အရ အလှည့်ကျ ဝိနည်းဓိုရ်(၃)ပါး၊ သို့မဟုတ် (၅)ပါးနှင့် အရန်(၂)ပါး ပါဝင်သော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(၄)ဖြင့် ဖွဲ့စည်း၍ အမှုတွဲကို ချက်ချင်း လွှဲပြောင်း ပေးရမည်။ ဝိ-လုပ်ထုံး/၂၄ (က)

၈၃။ အရန် ဝိနည်းဓိုရ်များသည် ဆောင်ရွက်ဆဲ မှုခင်း၌ ပြီးဆုံးသည့် တိုင်အောင် ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ မပြုရပါက နောက်တစ်မှုတွင် ယင်းဝိနည်းဓိုရ်ကို အလှည့်ကျ ဝိနည်းဓိုရ်အစဉ်၌ ထည့်သွင်း ဖွဲ့စည်းရမည်။

၈၄။ အရန် ဝိနည်းဓိုရ်များသည် မူလဝိနည်းဓိုရ်များ ပျက်ကွက်ခြင်း မရှိပါက ဟရားခွင်သို့ ဝိနည်းဓိုရ်အဖြစ် လာရောက် ဆောင်ရွက်ခြင်း မပြုရ။

၈၅။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကို သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖွဲ့စည်းမိန့်ကို သဘာပတိ ဆရာတော်က ဖတ်ကြားကြေညာ၍ အမှုတွဲ၌ တွဲထားရမည်။ ဝိ-လုပ်ထုံး/၂၄ (က)

၈၆။ မြို့နယ် သံဃနာယကအဖွဲ့သည် စောဒနာလွှာနှင့် သောခနာလွှာများ ပါဝင်သည့် အမှုတွဲကို စာတွဲအရေအတွက်နှင့် ယင်း စာတွဲအသီးသီးတွင် ပါရှိသည့် စာရွက်ရွက်ရေတို့ကို ကျောဘက်တွင် သံဃ-နာယကအဖွဲ့ တံဆိပ် ရိုက်နှိပ် နံပါတ်ရေးသွင်းပြီး စာရင်းနှစ်စောင်ပြုလုပ်လျက် တစ်စောင်ကို သံဃဝိနိစ္ဆယအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်။ လွှဲပြောင်း လက်ခံသည့် စာရွက်ပေါ်၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်တို့ လက်မှတ် ရေးထိုးထားရမည်။

၈၇။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုတွဲပါစောဒနာ သောခနာလွှာတို့တွင် လွှဲပြောင်း အပ်နှံပေးသည့် စာရင်းအတိုင်း ပြည့်စုံစွာ ပါဝင်ခြင်း ရှိ-မရှိ စိစစ်လက်ခံခြင်း ပြုရမည်။

၈၈။ မြို့နယ် သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့သို့ အမှုတွဲလွှဲအပ်ရာ၌ ဖော်ပြလတ္တံ့ပါ စာရွက်စာတန်းများကို တစ်ပါတည်း ပေးအပ်ရမည်–

(က) သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ပုံစံ (၄)၊
(ခ) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ ပုံစံ(ဂ) (ရှစ်) (အမှု နေ့စဉ်မှတ်တမ်း)၊
(ဂ) စောဒက စုဒိတက ဆင့်ခေါ်စာ ပုံစံ(၅)၊
(ဃ) သက်သေဆင့်ခေါ်စာပုံစံ (၆)၊
(င) သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် ပုံစံ(၇)၊
(စ) သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံးနှင့် လိုအပ်သော စက္ကူနှင့် စာရေးကိရိယာများ၊

၈၉။ ဝိနည်းမိုရ်များသည် ဖော်ပြလတ္တံ့ပါ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ပတ်သက်၍ ဖြစ်ပွားလာသော မှုခင်းများကို လက်ခံစစ်ဆေး ဆုံးဖြတ်နိုင်သည်–

(၁) သက်ဆိုင်ရာ ဥပဒေနှင့်အညီအာဏာပိုင် တစ်ရပ်ရပ်က သာသနာ့မြေအဖြစ် သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ အများက လက်ခံထားသည့် သာသနာ့မြေ၊

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ်လှူဒါန်းထားသော သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်စသော အဆောက်အအုံများ၊

(၄) ရဟန်းသံဃာနှင့် အပ်စပ်သည့် ရဟန်းသံဃာအား လှူဒါန်းထားသော အသုံးအဆောင်ပစ္စည်းများ၊

(၅) စေတီတော်အားလည်းကောင်း၊ ကျောင်းအားလည်းကောင်း၊ ကျောင်းတိုက်အားလည်းကောင်း၊ နဝကမ္မအားလည်းကောင်း၊ လှူဒါန်းထားသော ရတနာ, ရွှေ, ငွေ, ကြေးနှင့် ဂရုဘဏ် လဟုဘဏ်ပစ္စည်းများ။ ဝိ-လုပ်ထုံး/၂(ဆ)

၉၀။ ဝိနည်းမိုရ်များသည် ဖော်ပြလတ္တံ့ပါ မှုခင်းများကို လက်ခံစစ်ဆေးဆုံးဖြတ်ခြင်းမပြုရ-

(၁) လူသတ်မှု၊

(၂) ဓားပြတိုက်မှု၊ လုယက်မှု၊

(၃) တိုင်းပြည်ပုန်ကန်မှု၊ သူပုန်မှု၊

(၄) ရန်သူတို့၏သူလျှိုလုပ်မှု၊

(၅) ရန်သူတို့၏ဝါဒဖြန့်မှု၊

(၆) အုပ်ချုပ်ရေးပျက်ပြားအောင်အားထုတ်မှု၊

(၇) စစ်ကိုအရေးနိမ့်အောင်အားထုတ်မှု

(၈) အမွေရလိုမှု၊

(၉) လယ်ယာကိုင်းကျွန်းခသည်ကိုမအပ်သော အလှူခံမှု၊

(၁၀) ဘိန်းစသော မူးယစ်ဆေးဝါးမှု၊ သေရည်အရက်မှု၊

(၁၁) အပေါင်းအနှံခံမှု၊

(၁၂) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဝိဝါဒါဓိကရုဏ်းမှုခင်းများ၊

(၁၃) အကပ္ပိယရွှေငွေစသည်ကို လျော်ကြေးတောင်းမှု

(၁၄) ဗုဒ္ဓဘာသာ သာသနာတော်နှင့် မစပ်သော ပစ္စည်း တစ်စုံ တစ်ရာနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အဓိကရုဏ်းမှု၊

(၁၅) အထောက်အထားခိုင်လုံသော မုဒိန်းမှု။

၉၁။ (က) အထက်အပိုဒ်(၉၀)ပါ (၁) လူသတ်မှု၊ (၂)ဓားပြတိုက်မှု၊ လုယက်မှု၊ (၃) အထောက်အထားခိုင်လုံသော မုဒိန်းမှုတို့ကို လူတရားရုံးများ၌ စစ်ဆေးဆုံးဖြတ်ကိစ္စ ပြီးစီးပါက သံဃဝိနိစ္ဆယ အဖွဲ့ဖြင့် ဆုံးဖြတ်ခံယူခွင့်ရှိသည်။

(ခ) အထက် အပိုဒ်(၉၀)ပါ မှုခင်းများမှတစ်ပါး ကျန်ပြစ်မှုများကို သံဃဝိနိစ္ဆယရုံး၌သာ လက်ခံစစ်ဆေးရမည်၊

၉၂။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃ နာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကို သက်ဆိုင်ရာ မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း သာသနာရေးမှူးနှင့် သက်ဆိုင်ရာ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့(ဥပတ္ထမ္ဘကအဖွဲ့)ဥက္ကဋ္ဌသို့ လိုအပ်သည်တို့ကို စီစဉ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာနှင့်အတူ ပူးတွဲပေးပို့ရမည်။

ဝိ-လုပ်ထုံး/၂၄

**သံဃဝိနိစ္ဆယအဖွဲ့ တာဝန်ယူခြင်း**

၉၃။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့အထဲမှ သင့်လျော်ရာတစ်ပါးကို သဘာပတိအဖြစ် ရွေးချယ်ကြရမည်။

ဝိ-လုပ်ထုံး/၂၅

၉၄။ သံဃဝိနိစ္ဆယအဖွဲ့ဝင် သဘာပတိဆရာတော်သည် အမှုစစ်ဆေးသော အခါများ၌ အဖွဲ့သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကျန်ဆရာတော် များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရမည်။

ဝိ-လုပ်ထုံး/၂၅

၉၅။ သဘာပတိဆရာတော်သည် မကျန်းမာခြင်းစသော အကြောင်းတစ်ခုခုကြောင့် တာဝန်ကို ဆက်လက်မဆောင်ရွက်နိုင်သော် သံဃဝိနိစ္ဆယအဖွဲ့ ဝိနည်းဓိုရ်ဆရာတော်များထံမှ သဘာပတိဆရာတော် တစ်ပါးကို များရာဆန္ဒဖြင့် အစားထိုးရွေးချယ်ရမည်။ ဝိ-လုပ်ထုံး/၂၅

၉၆။ သဘာပတိဆရာတော် အစားထိုးရွေးချယ် ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြား လျှောက်ထား၍ အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။ အကြောင်းကြားစာ မိတ္တူကို သက်ဆိုင်ရာ သာသနာရေးမှူးအား ပေးရမည်။

ဝိ-လုပ်ထုံး/၂၅၊ ဝိ-လုပ်ထုံး/၁၀/(ခ)(က)

၉၇။ ဖွဲ့စည်းပြီးသော သံဃဝိနိစ္ဆယအဖွဲ့သည် ဖွဲ့စည်းသည့်နေ့မှ ၁၅-ရက်အတွင်း ဝိနိစ္ဆယကိစ္စများကို စတင်ဆောင်ရွက်ရမည်။

ဝိ-လုပ်ထုံး/၂၆(က)

၉၈။ မြို့နယ်မြေစာရင်းဌာနမှ ထုတ်ပေးသည့် ဦးပိုင်အတ္ထုပ္ပတ္တိဇယား၊ သို့မဟုတ် မြို့နယ်မြေစာရင်းဦးစီးဌာန အမှုတွဲထိန်းကိုယ်တိုင်လက်မှတ်ရေးထိုး၍ မြေစာရင်းဌာန ဦးစီးမှူးက ထပ်ဆင့် လက်မှတ်ရေးထိုးပြီး ရုံးတံဆိပ် ရိုက်နှိပ်ထားသော ဦးပိုင်အမည် အဆင့်ဆင့် ပြောင်းလဲလာပုံ စာတမ်းကိုသာ တရားဝင်မြေစာရင်း ရာဇဝင်အဖြစ် စိစစ်လက်ခံရမည်။

၉၉။ အမှုတွဲလွှဲပြောင်းရာ၌ မြေပုံ၊ မြေရာဇဝင်၊ စာချုပ်၊ စာတမ်း အထောက်အထား မူရင်းများပါရှိနေပါက အဆိုပါ အရေးကြီးသည့် စာရွက်စာတမ်းများ၏ စာရင်းတစ်ခု ပူးတွဲပါရှိစေရမည်။

၁၀၀။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း တစ်ခုခုကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀-အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ဝိ-လုပ်ထုံး/၂၆(ခ)

၁၀၁။ သံဃဝိနိစ္ဆယအဖွဲ့သည် ရက်ပေါင်း ၆၀-အတွင်း မပြီးပြတ်ခဲ့သော် ခွင့်ပြုရက်မကုန်မီ အကျိုးအကြောင်း ဖော်ပြလျက် တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀-ထက် မကျော်လွန်သော လိုအပ်သည့်ရက်များကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ နှစ်ကြိမ်ထက် မပိုစေဘဲ စာဖြင့်တင်ပြ၍ ဆက်လက်ဆောင်ရွက်ရမည်။ ဝိ-လုပ်ထုံး/၂၆(ခ)

၁၀၂။ ခွင့်ပြုရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ ဆောင်ရွက်ချက်အားလုံးကို တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဝိ-လုပ်ထုံး/၂၆(ခ)

၁၀၃။ တရားမဝင် ပျက်ပြယ်ပြီးဖြစ်သော ဆောင်ရွက်ချက် စစ်မေး ချက် အစစ်ခံ ထွက်ဆိုချက်တို့ကို တရားဝင်ဖြစ်အောင် မဆောင်ရွက်ဘဲ ယူငင်လျက် ဝိနိစ္ဆယအမိန့်ချသည့် မြို့နယ်/ပြည်နယ်/တိုင်း/နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ထိုတရားမဝင်သော သုံးသပ် ဆုံးဖြတ်ချက်ကို အတည်ပြုသည့်၊ သို့မဟုတ် အတည်ပြုရာ ရောက်စေသည့် ဆောင်ရွက်ချက် အားလုံးကိုလည်း တရားမဝင် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ဝိ-လုပ်ထုံး/၂၆(ခ)

၁၀၄။ သတ်မှတ်ရက်ထက် ကျော်လွန်သော သံဃဝိနိစ္ဆယအဖွဲ့၏ သဘာပတိဆရာတော်သည် ရက်လွန်ခြင်း၏ အကြောင်းမှန်ကို ဖော်ပြသော အစီရင်ခံစာကို အမှုတွဲနှင့်တကွ သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ ရက်လွန်သည့်နေ့မှ ၇-ရက်အတွင်း၌ လက်ရောက် အပ်နှံပေးရမည်။
ဝိ-လုပ်ထုံး/၂၆(ဂ)

၁၀၅။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် သတ်မှတ်ရက်အတွင်း ဝိနိစ္ဆယဆုံးဖြတ်ချက်ချခြင်း/ရက်တိုးတောင်းခံခြင်း/အမှုတွဲကိုပြန်လည် ပေးအပ်ခြင်းမပြုသည့် ရက်လွန်သံဃဝိနိစ္ဆယအဖွဲ့၏ တာဝန်ပျက်ကွက် မှုကို လိုအပ်သလို အရေးယူနိုင်ရန် အမှုတွဲကို တောင်းယူရမည်။
ဝိ-လုပ်ထုံး/၂၆(ဃ

၁၀၆။ အမှုတွဲ ပြန်လည်ရရှိပြီးနောက် ၁၅-ရက်အတွင်း၌ ထိုမှုခင်းကို အဆင့်တူ သံဃဝိနိစ္ဆယအဖွဲ့သစ်ဖြင့် စစ်ဆေးဆုံးဖြတ်စေရေး အတွက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည်။

ဝိ-လုပ်ထုံး/၂၆(ဃ)

၁၀၇။ စစ်ဆေးဆဲ သံဃဝိနိစ္ဆယအဖွဲ့သည် သတ်မှတ်ရက်အတွင်း ပြီးပြတ်အောင် မဆောင်ရွက်နိုင်၍ နောက်ထပ် သံဃဝိနိစ္ဆယအဖွဲ့ သစ်ဖြင့် ဆက်လက်စစ်ဆေးရာ၌ မူလစစ်ဆေးပြီးသော စစ်ဆေးချက် ထွက်ဆိုချက် စသည်များကို တရားဝင်ဖြစ်စေရန်အတွက် ဆက်လက် စစ်ဆေးသော သံဃဝိနိစ္ဆယအဖွဲ့က စောဒက စုဒိတကတို့အား အမှု မစစ်ဆေးမီ မူလစစ်ချက်အတိုင်း ဆက်လက် စစ်ဆေးရန် သဘော တူကြောင်းလက်မှတ်ရေးထိုးစေ၍ တရားဝင်ဖြစ်အောင် ဆောင်ရွက်ရမည်။

၁၀၈။ သံဃဝိနိစ္ဆယအဖွဲ့သစ်သည် အမှုတွဲ လွှဲပြောင်းလက်ခံပြီးနောက် အဖွဲ့အစည်းအဝေးပြုလုပ်၍ သံဃဝိနိစ္ဆယရုံးတည်ရာဌာန သတ်မှတ်ခြင်း၊ သံဃဝိနိစ္ဆယအဖွဲ့ရုံး စတင်ဖွင့်လှစ်မည့် နေ့ရက်၊ အချိန်နာရီ သတ်မှတ် ဆုံးဖြတ်ခြင်းများကို ပြုလုပ်ရမည်။

၁၀၉။ သံဃဝိနိစ္ဆယအဖွဲ့၏ သတ်မှတ်ဆုံးဖြတ် ဆောင်ရွက်ချက်များကို ပုံစံ(ဂ)ပါ သဘာပတိ၏ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ထားရမည်။

ဝိ-လုပ်ထုံး/၄၄

၁၁၀။ ဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆောင်ရွက်မှု မှန်သမျှကို မှုခင်းမှတ်တမ်း၌ ရေးသွင်း၍ ရက်စွဲတပ်ပြီး လက်မှတ်ရေးထိုးထားရမည်။

၁၁၁။ သံဃဝိနိစ္ဆယအဖွဲ့သည် ရုံးစတင်ဖွင့်လှစ်သည့်နေ့တွင် မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း သာသနာရေးမှူး ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ (ဥပတ္ထမ္ဘကအဖွဲ့) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာနသို့ ပေါ်ရောက်ရန် မေတ္တာရပ်ခံဖိတ်ကြားရမည်။

ဝိ-လုပ်ထုံး/၃၅(က)

၁၁၂။ သံဃဝိနိစ္ဆယအဖွဲ့သည် သံဃဝိနိစ္ဆယရုံး စတင်ဖွင့်လှစ်သည့်နေ့တွင် သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာနသို့ လာရောက်ရန် စောဒက, စုဒိတကတို့ကို သတ်မှတ်ထားသော ပုံစံ (၅)ဖြင့် အနည်းဆုံး ၇-ရက်ကြိုတင်၍ ဆင့်ခေါ်ရမည်။

၁၁၃။ သံဃဝိနိစ္ဆယအဖွဲ့သည် မိမိတို့ဝိနိစ္ဆယကိစ္စ စတင်ဆောင်ရွက်မည့်အကြောင်းကို သက်ဆိုင်ရာ မြို့နယ်၊ သို့မဟုတ် ပြည်နယ်/ တိုင်း သာသနာရေးမှူးသို့ တရားဝင် အကြောင်းကြားရမည်။

ဝိ-လုပ်ထုံး/ ၂၇

၁၁၄။ သံဃဝိနိစ္ဆယအဖွဲ့၏ အကြောင်းကြားစာကို လက်ခံရရှိသော သာသနာရေးမှူးသည် သင့်လျော်သော ဝိနိစ္ဆယဌာနကို စီစဉ်ပေး၍ အခြား လိုအပ်သောအကူအညီများကိုလည်း ဆောင်ရွက်ပေးရမည်။

ဝိ-လုပ်ထုံး/ ၂၇

------------

# အခန်း(၅)

## အမှုစစ်ဆေးခြင်း

### သံဃဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်ခြင်း

၁၁၅။ သံဃဝိနိစ္ဆယရုံး ဖွင့်လှစ်သည့်နေ့တွင် ဖိတ်ကြားထားသူများ တက်ရောက်ခြင်း ရှိ-မရှိ၊ စောဒက၊ စုဒိတကများ တက်ရောက်ခြင်း ရှိ-မရှိ မှုခင်းမှတ်တမ်းတွင် ရေးမှတ်၍သဘာပတိဆရာတော်က လက်မှတ်ရေးထိုးရမည်။

၁၁၆။ သံဃဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်စစ်ဆေးသည့်အခါ စောဒကကို ဝိနည်းဓိုရ်ဆရာတော်များနှင့် မျက်နှာခြင်းဆိုင်ပြု၍ ဝိနည်းဓိုရ်ဆရာတော်များ၏ လက်ယာဘက်တွင်နေရာချထားမည်။ စုဒိတကကို ဝိနည်းဓိုရ်ဆရာတော်များ၏ လက်ဝဲဘက်တွင် နေရာချထားရမည်။ နမူနာပုံစံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်–

မြို့နယ်သံဃနာယကအဖွဲ့

စောဒက　　　　　　　　စုဒိတက

၁၁၇။ သံဃဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်ပွဲတွင် ရှေးဦးစွာ သဘာပတိဆရာတော်က ဩဝါဒကထာ မြွက်ကြားခြင်း၊ သက်ဆိုင်ရာ သာသနာရေးမှူးက သာသနာရေးရာ လျှောက်ထားခြင်းများ အစီအစဉ်ပြုလုပ်ဖွင့်လှစ်ရမည်။

၁၁၈။ သဘာပတိဆရာတော်က စောဒက စုဒိတကတို့အား သံဃဝိနိစ္ဆယအဖွဲ့နှင့် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များကို ကန့်ကွက်ရန် ရှိ-မရှိ မေးမြန်းရမည်။

၁၁၉။ စောဒက စုဒိတကသည် သံဃဝိနိစ္ဆယအဖွဲ့ တစ်ဖွဲ့လုံးကို သော်လည်းကောင်း အဖွဲ့ဝင်ဆရာတော်တစ်ပါး၊ သို့မဟုတ် အများကို သော်လည်းကောင်း ကန့်ကွက်ရန်ရှိသော အချက်များကို အကြောင်းပြ၍ ကန့်ကွက်နိုင်သည်။

၁၂၀။ စောဒက/စုဒိတကများက နှုတ်ဖြင့် ကန့်ကွက်ပါလျှင် သဘာပတိဆရာတော်က သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့စာဖြင့် ရေးသား၍ ကန့်ကွက်ရန် ညွှန်ကြားရမည်။ မှုခင်းမှတ်တမ်းတွင် စောဒက/စုဒိတက ကန့်ကွက်ကြောင်း မှတ်တမ်းတင်ထားရမည်။

၁၂၁။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက စုဒိတကတို့ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ တင်သွင်းသော ကန့်ကွက်လွှာ မိတ္တူကို လက်ခံပြီးနောက် အမှုစစ်ဆေးခြင်း ရပ်စဲကြောင်း သဘာပတိက ကြေညာ၍ မှုခင်းမှတ်တမ်းတွင် ရေးသွင်းထားရမည်၊ ကန့်ကွက်လွှာ မိတ္တူကို အမှုတွဲတွင် တွဲထားရမည်။

၁၂၂။ ကန့်ကွက်ခြင်း မရှိပါလျှင် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များက စောဒနာလွှာနှင့် သောခနာလွှာတို့ကို စိစစ်အတည်ပြုချက် ရယူရမည်။ စုဒိတကဘက်မှ သောခနာလွှာမတင်ရသေးပါက သောခနာလွှာ တင်သွင်းရန် ၇-ရက်ထက် မများသောရက်ကို ကန့်သတ်ခွင့်ပြုနိုင်သည်။

၁၂၃။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှု မစစ်ဆေးမီ စောဒက/စုဒိတကတို့အား သက်သေစာရင်းများ ဖြည့်စွက်/နုတ်ပယ်ပြင်ဆင်လိုမှု ရှိ-မရှိ မေးမြန်း၍ မရှိပါက မရှိကြောင်း မှုခင်းမှတ်တမ်းတွင် ရေးမှတ်ရမည်။

၁၂၄။ သက်သေ စာရင်းများ ဖြည့်စွက်/နုတ်ပယ် ပြင်ဆင်လိုပါက စာဖြင့် ထည့်သွင်း လျှောက်ထားစေ၍ ပြင်ဆင်/ဖြည့်စွက်/နုတ်ပယ်သော သက်သေစာရင်းကို အမှုတွဲတွင် တွဲထားခြင်း၊ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ခြင်းပြု၍ အမှုစစ်မည့်နေ့ကို ချိန်းဆိုရမည်။

၁၂၅။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား ကန့်ကွက်သော စောဒက/စုဒိတကသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၈)ရှိ ဖော်ပြလတ္တံ့ပါ အချက်(၃)ချက်ကို ဂရုပြု၍ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်ရမည် –

(က) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၇)ပါ အရည်အချင်း ပျက်ယွင်းမှုရှိခြင်း၊

(ခ) စောဒက/စုဒိတကနှင့် ပဗ္ဗဇ္ဇာစရိယ၊ ဥပသမ္ပဒါစရိယ၊ နိဿယာစရိယ၊ ဥပဇ္ဈာစရိယ၊ ပဗ္ဗဇ္ဇန္တေဝါသိက၊ ဥပသမ္ပဒန္တေဝါသိက၊ နိဿယန္တေဝါသိက၊ သဒ္ဓိဝိဟာရိက၊ သမာနုပဇ္ဈာယက အဖြစ် ရင်းနှီးဆက်စပ်မှုရှိခြင်း၊

(ဂ) စောဒက/စုဒိတကနှင့် ဆွေမျိုးတော်စပ်ခြင်း။

၁၂၆။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၄(က)၊ ၂၈၊ ၄၉ တို့အရတင်ပြ ကန့်ကွက်လွှာကို လက်ခံ၍ အထောက်အထားခိုင်လုံမှု ရှိ-မရှိကို စိစစ်ရမည်။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၄(က) ၂၈၊ ၄၉ တို့အရ မဟုတ်သည့်တင်ပြကန့်ကွက်လွှာကို လက်ခံစိစစ်ခြင်း မပြုဘဲ ပယ်ချရမည်။

၁၂၇။ သံဃနာယကအဖွဲ့သည် ကန့်ကွက်လွှာကို လက်ခံ စိစစ်ရာ၌ အထောက်အထား ခိုင်လုံမှု မရှိကြောင်း တွေ့ရှိရပါက ကန့်ကွက်လွှာကို ပယ်ချ၍ အမှုစစ်ဆေးခြင်းကို ဆက်လက် ဆောင်ရွက်ရန် သံဃဝိနိစ္ဆယအဖွဲ့သို့ အကြောင်းကြားရမည်။ ဝိ-လုပ်ထုံး/၂၉(က)

၁၂၈။ သံဃနာယကအဖွဲ့သည် ကန့်ကွက်လွှာကို လက်ခံ စိစစ်ရာ၌ အထောက်အထား ခိုင်လုံစွာ ရှိ၍ အပြစ်ရှိကြောင်း တွေ့ရှိရပါက သံဃဝိနိစ္ဆယအဖွဲ့ဝင် တစ်ပါးပါးကိုသော်လည်းကောင်း၊ သံဃဝိနိစ္ဆယ တစ်ဖွဲ့လုံးကိုသော်လည်းကောင်း တာဝန်မှ ရုပ်သိမ်း၍ အမှတ်စဉ်အတိုင်း အစားထိုးခန့်အပ်ခြင်း/ပြန်လည်ဖွဲ့စည်းခြင်းကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။ ဝိ-လုပ်ထုံး/၂၉(က)

၁၂၉။ စောဒက/စုဒိတကတို့၏ တင်ပြကန့်ကွက်ချက်သည် အထောက်အထား မခိုင်လုံ၍ သံဃနာယကအဖွဲ့၏ပယ်ချခြင်းကို ခံရလျှင် ကန့်ကွက်သူသည် ကန့်ကွက်ခံရသော ဝိနည်းဓိုရ်ဆရာတော်/သံဃဝိနိစ္ဆယအဖွဲ့အား သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ ရှေ့မှောက်၌ မိမိ မှားယွင်းမိပါကြောင်းကို နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း တောင်းပန်ဝန်ခံရမည်။ ဝိ-လုပ်ထုံး/၂၉(ခ)

၁၃၀။ ဝန်ချတောင်းပန်လွှာကို အမှုတွဲတွင် တွဲ၍ မှုခင်းမှတ်တမ်းတွင် ရေးမှတ်ထားရမည်။

၁၃၁။ ဝန်ချတောင်းပန်ခြင်း မပြုသော ကန့်ကွက်သူ စောဒက၊ စုဒိတကအား သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံရမည်။
ဝိ-လုပ်ထုံး/၂၉(ဂ)

၁၃၂။ ဝိနိစ္ဆယအဖွဲ့ရုံး တည်ရှိရာ မြို့/တည်ရှိရာ ဒေသ၌ နေထိုင်သော စောဒက၊ စုဒိတကတို့ကို ဆင့်ခေါ် ပင့်လျှောက်ရာ၌ ဆင့်ခေါ်စာ ရရှိကြောင်း စာပေးစာယူ စာအုပ်၌ လက်မှတ်ရေးထိုးပြီး ယူစေရမည်။

၁၃၃။ စောဒက/စုဒိတကတို့၏ ကိုယ်စား တစ်စုံတစ်ဦးက ဆင့်ခေါ်စာကို လက်ခံ၍ လက်မှတ်ရေးထိုးယူလျှင် လက်ခံယူသူ၏ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်တို့ကို ရေးမှတ်ရမည့်အပြင် စောဒက/စုဒိတကနှင့်မည်သို့ ရင်းနှီးတော်စပ်သည်ကိုပါ မေးမြန်း၍ ရေးမှတ်ထားရမည်။

၁၃၄။ သက်သေများကို ဆင့်ခေါ် ပင့်လျှောက်ရာ၌ သက်ဆိုင်ရာ စောဒက၊ စုဒိတကတို့အား တာဝန်ပေး၍ ဆင့်ခေါ် ပင့်လျှောက် စေနိုင်သည်။ (ဝိ-လုပ်ထုံး/၃၈)

၁၃၅။ သံဃဝိနိစ္ဆယအဖွဲ့သည် နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူရာ၌ အခက်အခဲရှိပါက သက်ဆိုင်ရာ သာသနာရေးမှူးအား လိုအပ်သလို ကူညီဆောင်ရွက်ပေးရန် အကြောင်း ကြားရမည်။ (ဝိ-လုပ်ထုံး ၃၈)

၁၃၆။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အလို့ငှာ သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ သာသနာရေးမှူး အား ကူညီဆောင်ရွက်ပေးရန် အကြောင်းကြားရမည်။ (ဝိ-လုပ်ထုံး/၃၉)

၁၃၇။ သက်ဆိုင်ရာ သာသနာရေးမှူးသည် ၇-ရက်ခြား (၃)ကြိမ် ပင့်လျှောက်/ဆင့်ခေါ်ရမည်။ (ဝိ-လုပ်ထုံး/၃၉)

၁၃၈။ သာသနာရေးမှူးက ၃-ကြိမ်ပင့်လျှောက်/ ဆင့်ခေါ်ပါလျက် မလာမရောက် ပျက်ကွက်သော စောဒက/စုဒိတကတို့၏ မျက်ကွယ်၌ပင် ဖြစ်စေကာမူ ယင်းတို့၏မျက်မှောက်၌စစ်ဆေးဆုံးဖြတ်သကဲ့သို့ ဆက်လက် စစ်ဆေး ဆုံးဖြတ်နိုင်သည်။ (ဝိ-လုပ်ထုံး/၃၉)

၁၃၉။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အမှုစတင် မစစ်ဆေးမီ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၅)ပါ စောဒက/ စုဒိတကတို့၏ အခွင့်အရေးများကို အမှုသည်တို့အား ရှင်းလင်းပြောကြား ရမည်။ (ဝိ-လုပ်ထုံး/၃၆(က)

၁၄၀။ သဘာပတိဆရာတော်သည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၅၊ ၃၆)ပါ ရှောင်ကြဉ်ရမည့်အချက်များ လိုက်နာရမည့်အချက်များကို အမှုသည်တို့အား ရှင်းလင်းပြောကြားရမည်။

၁၄၁။ သဘာပတိဆရာတော်သည် ဤလက်စွဲအပိုဒ်(၁၄၁)(၁၄၂)တို့အရ ရှင်းလင်းပြောကြားသော အခွင့်အရေးများကို အမှုသည်တို့ ရရှိကြအောင် တာဝန်ခံ ဆောင်ရွက်ပေးရမည်။

၁၄၂။ စောဒက/ စုဒိတကတို့သည် မိမိတို့တင်ပြသော သက်သေများ/ သက်သေထွက်ချက်များ ဆုံးရှုံးနစ်နာမှု မရှိစေရန်အတွက် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း(၄၁)အရ သဘာပတိဆရာတော်၏ ရှင်းလင်းပြောကြားချက်ကို ဂရုပြု၍ မိမိတို့၏သက်သေများကို မိမိတို့ကိုယ်တိုင် တာဝန်ယူရမည်။

## အမှုပိတ်ခြင်း

၁၄၃။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုစစ်ဆေးခြင်းမပြုမီ စောဒကအား မိမိ၏စောဒနာလွှာကို ပြန်လည်ရုတ်သိမ်းလိုခြင်း ရှိ-မရှိ မေးမြန်းရမည်။

၁၄၄။ ဝိနည်းဓမ္မကံအဓိကရဏ်း မူလမှုခင်း၌ အမှုစတင်မစစ်ဆေးမီဖြစ်စေ၊ စစ်ဆေးနေဆဲဖြစ်စေ စောဒကပုဂ္ဂိုလ်က မိမိ၏စောဒနာလွှာကို ပြန်လည်ရုပ်သိမ်းလိုကြောင်း စာဖြင့်လျှောက်ထားလျှင် လူတရားရုံး၌ လည်းကောင်း၊ သံဃနာယကအဖွဲ့၌ လည်းကောင်း ယခုစွဲဆိုချက် အကြောင်းခြင်းရာများနှင့်ပတ်သက်၍ နောင်အခါတွင် စွဲဆိုခြင်းမပြုတော့ပါဟု ဝန်ခံကတိပြုစာကို လက်မှတ်ရေးထိုးစေပြီး ရုပ်သိမ်းခွင့်ပြု၍ အမှုပိတ်ကြောင်း ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်။

ဝိ-လုပ်ထုံး/၃၇ (ဂ)

၁၄၅။ သံဃဝိနိစ္ဆယအဖွဲ့သည် အနုဝါဒါဓိကရဏ်းမှုခင်းတစ်ခု၌ စောဒက၏စွဲဆိုချက်ကို စုဒိတက ဝန်ခံလျှင် ယင်း၏ဝန်ခံချက် အပြည့်အစုံကို ရေးမှတ်၍ လက်မှတ်ရေးထိုးစေပြီး ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်နိုင်သည်၊ နှစ်ဘက်သက်သေများကို စစ်ဆေးကြားနာရန်မလို။

ဝိ-လုပ်ထုံး/၃၇ (က)

၁၄၆။ ပစ္စည်းပိုင်ဆိုင်ခွင့် အငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်းမှုခင်း၌ စောဒကနှင့် စုဒိတကတို့ကို စေ့စပ်ညှိနှိုင်းပေးသင့်သည်ဟု ယူဆပါလျှင် သံဃဝိနိစ္ဆယအဖွဲ့သည် အမှုမစစ်ဆေးမီ အများဆုံး (၃)ကြိမ်အထိ စေ့စပ်ညှိနှိုင်းပေးနိုင်သည်။ ယင်းညှိနှိုင်းကာလသည် ကန့်သတ်ရက်(၆၀) အတွင်း အကျုံးဝင်ခြင်း မရှိစေရ။ ဝိ-လုပ်ထုံး/၃၇ (ခ)

၁၄၇။ သံဃဝိနိစ္ဆယအဖွဲ့၏ စေ့စပ်ညှိနှိုင်းပေးချက်ကို သဘောတူညီချက်ရရှိပါက ယင်းသဘောတူညီချက်ကို စောဒက၊ စုဒိတကတို့ကို ဝန်ခံလက်မှတ် ရေးထိုးစေပြီး ယင်းသဘောတူညီချက်ကိုပင် ဝိနိစ္ဆယဆုံးဖြတ်ချက်အဖြစ်ဖြင့် ဆုံးဖြတ်ချက်ချနိုင်သည်။ ဝိ-လုပ်ထုံး/၃၇ (ခ)

၁၄၈။ သံဃနာယကအဖွဲ့ ရှေ့မှောက်တွင် စေ့စပ်ညှိနှိုင်းရရှိချက်သည် စောဒက၊ စုဒိတကတို့က ဝန်ခံလက်မှတ်ရေးထိုးပါသော်လည်း သံဃဝိနိစ္ဆယဆုံးဖြတ်ချက် မဟုတ်သဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အကျိုးသက်ရောက်မှု မရှိနိုင်သဖြင့် သံဃနာယကအဖွဲ့သည် မိမိတို့ ရှေ့မှောက်တွင် စေ့စပ်ညှိနှိုင်းရရှိသော သဘောတူဝန်ခံကတိပြုချက်ကို အကျိုးသက်ရောက်မှု ရှိစေရန်အတွက် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ပေးရမည်။

၁၄၉။ သံဃဝိနိစ္ဆယအဖွဲ့သည် သံဃနာယကအဖွဲ့ ရှေ့မှောက်တွင် စေ့စပ်ညှိနှိုင်းရရှိသော သဘောတူ ဝန်ခံကတိပြုချက်ကို အခြေခံထား၍ မိမိအဖွဲ့၏ရှေ့မှောက်တွင် ထပ်မံ၍ သဘောတူဝန်ခံကတိပြု လက်မှတ် ရေးထိုးစေ၍ ယင်းသဘောတူညီချက်အတိုင်း ဆုံးဖြတ်ချက်ချမှတ် နိုင်သည်။

၁၅၀။ သံဃဝိနိစ္ဆယအဖွဲ့သည် စေ့စပ်ညှိနှိုင်း သဘောတူညီချက်ကို ဝိနိစ္ဆယဆုံးဖြတ်ချက်ချမှတ်ရာ၌ ဖော်ပြလတ္တံ့ပါအချက်များကို ဂရုပြု ရမည် –

(က) စာေဒကအများ/စုဒိတကအများ ဖြစ်ပါက စာေဒက၊ စုဒိတကအားလုံး လက်မှတ်ရေးထိုးရမည်။

(ခ) စာေဒကအများ/စုဒိတကအများပင် ဖြစ်စေကာမူ ဦးဆောင်စာေဒက/ဦးဆောင်စုဒိတက၏ဆောင်ရွက်ချက်ကို သဘောတူကြောင်း၊ ကျန်စာေဒက/ စုဒိတကတို့က လက်မှတ်ရေးထိုး လွှဲအပ်ထားခြင်း ဖြစ်ပါက ဦးဆောင်စာေဒက/ဦးဆောင်စုဒိတကတို့၏သဘောတူညီချက်ကို လက်ခံဆုံးဖြတ်နိုင်သည်။

၁၅၁။ စေ့စပ်ညှိနှိုင်းပေးသော သံဃဝိနိစ္ဆယအဖွဲ့သည် စေ့စပ်ညှိနှိုင်းရာတွင် တစ်ဘက်နှင့်တစ်ဘက် အလျှော့အတင်း ပြုလုပ်ချက်များကို၊ သို့မဟုတ် လိုက်လျောချက်များကို အမှုတွင် ထည့်သွင်းသုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်း မပြုရ၊ ယင်းသို့ ထည့်သွင်းသုံးသပ်ခြင်း ဆုံးဖြတ်ခြင်းများကို ပြုမည်မဟုတ်ကြောင်းကို (စေ့စပ်ညှိနှိုင်းမှု အောင်မြင်စေရန်အလို့ငှာ) စာေဒက၊ စုဒိတကတို့အား ကြိုတင်ပြောကြားထားရမည်။

## ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်ခွင့်

၁၅၂။ ရဟန်း/သာမဏေ စာေဒက/စုဒိတကသည် သံဃဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်လာရောက်နိုင်ရန် မစွမ်းနိုင်အောင် နာမကျန်းဖြစ်နေလျှင် မိမိနှင့်ရင်းနှီးဆက်စပ်သည့် ဂိုဏ်းတူရဟန်း/သာမဏေ တစ်ပါးပါးကိုသာ ကိုယ်စားလှယ်အဖြစ်လွှဲအပ်ဆောင်ရွက်စေခွင့်ရှိသည်။ ဝိ-လုပ်ထုံး/၃၇/(ဃ)

၁၅၃။ စစ်ဆေးနေဆဲ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းပေးသော သံဃနာယကအဖွဲ့ဝင် ဆရာတော်ကိုသော်လည်းကောင်း၊ နိုင်ငံတော်အဆင့် ဆရာတော်များကိုသော်လည်းကောင်း၊ ရဟန်းသာမဏေ မဟုတ်သူကိုသော်လည်းကောင်း ကိုယ်စားလှယ်အဖြစ် လွှဲအပ်ဆောင်ရွက်ခွင့် မရှိစေရ။
ဝိ-လုပ်ထုံး/၃၇ (ဃ)

၁၅၄။ ရဟန်း/သာမဏေ မဟုတ်သော ဧဝဒက/စုဒိတကသည် သံဃဝိနိစ္ဆယသို့ ကိုယ်တိုင်လာရောက်ရန် မစွမ်းဆောင်နိုင်အောင် နာမကျန်းဖြစ်နေလျှင် မှတ်ပုံတင်စာချုပ်အရ တရားဝင်ကိတ္တိမသားသမီး အပါအဝင် နှစ်ဝမ်းကွဲအထိ ဆွေမျိုးတော်စပ်သော ရဟန်း/သာမဏေ မဟုတ်သူ တစ်ဦးဦးကို ကိုယ်စားလှယ်လွှဲအပ် ဆောင်ရွက်စေခွင့်ရှိသည်။

ဝိ-လုပ်ထုံး/၃၇ (င)

၁၅၅။ စောဒက/စုဒိတကသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၃၇(ဃ)(င)တို့အရ ကိုယ်စားလှယ်စေလွှတ်ခွင့်ရှိသော်လည်း စောဒက/စုဒိတကကို စစ်ဆေးရာ၌မူ ကိုယ်တိုင်သာလျှင် စစ်ဆေးခံရမည်။

ဝိ-လုပ်ထုံး/၃၇ (စ)

၁၅၆။ စောဒက/စုဒိတကတို့သည် ကိုယ်တိုင်မလာဘဲ ကိုယ်စားလှယ် လွှဲအပ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသန္တရကျန်းမာရေးဆရာဝန်၏ သံဃဝိနိစ္ဆယအဖွဲ့သို့ ကိုယ်တိုင်မလာရောက်နိုင်ကြောင်း ဆေးစာပါရှိမှ သာ ကိုယ်စားလှယ်လွှဲစာကို လက်ခံရမည်။ ကိုယ်စားလှယ်များ၏ တာဝန် ဝတ္တရားများကိုလည်း ရှင်းလင်းပြောကြားရမည်။

## ကိုယ်တိုင်ကြွရောက်စစ်ဆေးခြင်း

၁၅၇။ စောဒက/စုဒိတကနှင့် ယင်းတို့၏ သက်သေတစ်ဦးဦးသည် သံဃဝိနိစ္ဆယဌာနသို့ လာရောက်အစစ်မခံနိုင်လောက်အောင် နာမကျန်း/ အိုမင်းမစွမ်းရှိခဲ့သော် ယင်းတို့ထံ အနည်းဆုံး ဝိနည်းဓိုရ်ဆရာတော်(၂) ပါးက ကိုယ်တိုင်ကြွရောက် စစ်ဆေးနိုင်သည်။ ဝိ-လုပ်ထုံး/၄၀

၁၅၈။ အခြားမြို့နယ်မှ မှုခင်းဖြစ်လျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သို့မဟုတ် မြို့နယ်သာသနာရေးမှူးသို့ ယင်းတို့ဒေသရှိ သင့်လျော်ရာ ဝိနည်းဓိုရ် ဆရာတော်များအား စစ်ဆေးပေးရန် အကြောင်းအရာ အပြည့် အစုံပါရှိသော မေတ္တာရပ်ခံစာပေးပို့၍ စစ်ဆေးချက်အားလုံးကို မိမိတို့၏ ဝိနိစ္ဆယဌာနသို့ ပြန်လည်ပေးပို့စေနိုင်သည်။ ဝိ-လုပ်ထုံး/၄၀

၁၅၉။ ဝိနိစ္ဆယအဖွဲ့သည် အငြင်းပွားအဆောက်အအုံ ပစ္စည်းများကို လေ့လာခြင်း၊ အခင်းဖြစ်နေရာဒေသများကို လေ့လာခြင်းမျိုးမှတစ်ပါး ကွင်းဆင်းစုံစမ်း လေ့လာခြင်း စသည်များကို ရှောင်ရှားရမည်၊ အကယ်၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ဖွယ်ရှိပါက စောဒက၊ စုဒိတကနှင့် သက်ဆိုင်ရာအာဏာပိုင် ပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌သာ ပြုလုပ်ဆောင်ရွက်ရမည်။

## ဝိနည်းမိုရ်ဆရာတော်များ လိုက်နာရန်အချက်များ

၁၆၀။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် အဖွဲ့သဘာပတိဆရာတော်၏ ချိန်းဆိုသည့်နေ့ရက်တွင် ပျက်ကွက်မှုမရှိစေရန် အထူးဂရုပြုကြရမည်၊ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင်မူ မပျက်မကွက် ကြွရောက်ကြရမည်။

၁၆၁။ ဝိနည်းမိုရ်ဆရာတော် တစ်ပါးပါးသည် မိမိအားပေးအပ်သောတာဝန်ကို မထမ်းဆောင်နိုင်သော်လည်းကောင်း၊ မိမိ၌ဝိနည်းမိုရ်အင်္ဂါချို့ယွင်းခြင်းရှိသော်လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြားရမည်၊ မိတ္တူကို သက်ဆိုင်ရာဝိနိစ္ဆယအဖွဲ့သို့ ပေးရမည်။
ဝိ-လုပ်ထုံး/၃၀ (က)

၁၆၂။ ဝိနည်းမိုရ်ဆရာတော်သည် မိမိအား ပေးအပ်ထားသော တာဝန်ကို အခြားမည်သူကိုမျှ လွှဲပြောင်းဆောင်ရွက်စေခြင်း မပြုရ။

၁၆၃။ ဝိနည်းမိုရ်ဆရာတော်များသည် အချင်းချင်း လေးစားကြ၍ ဓမ္မဝိနယကိုသာ ရှေ့တန်းတင်ပြီး အကျေအလည် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရမည်။

၁၆၄။ ဝိနည်းမိုရ်ဆရာတော်များသည် ဝိနိစ္ဆယကိစ္စနှင့်ပတ်သက်၍ သဘောထား မညီမျှခဲ့သော် အဖွဲ့ဝင်အများစု၏ ယူဆချက်ကို အနည်းစုက လေးစားလိုက်လျှောခြင်းဖြင့်လည်းကောင်း၊ အများစု၏ တင်ပြချက်ကို သံသယကင်းရှင်းသည်အထိ ပြန်လည်စစ်ဆေးမှု ဝေဖန်သုံးသပ်မှု စသည်ဖြင့်လည်းကောင်း ပြေလည်မှုရရှိအောင် ညှိနှိုင်းဆောင်ရွက်ကြရမည်။

၁၆၅။ ဝိနည်းမိုရ်ဆရာတော်များသည် အကျေအလည် ညှိနှိုင်းပါလျက်မည်သို့မျှ ညှိနှိုင်းမရနိုင်လောက်အောင် သဘောထား ကွဲပြားခြားနားနေပါက အဖွဲ့ဝင်အများစုသဘောဆန္ဒအရသာ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်ရေး၍ ဝိနည်းမိုရ်ဆရာတော်များအားလုံး လက်မှတ်ရေးထိုးပြီး ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်ရမည်။ အရန်ဝိနည်းမိုရ် ဆရာတော်များအား ထည့်သွင်း လက်မှတ်ရေးထိုးစေခြင်း မပြုရ။ ဝိ-လုပ်ထုံး ၄၂ (င)

၁၆၆။ အများစုသဘောအရ ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်နှစ်သက်မှုမရှိသော အဖွဲ့ဝင်ဝိနည်းမိုရ် ဆရာတော်သည် ယင်းဆုံးဖြတ်ချက်အပေါ်၌သာလျှင် ဆုံးဖြတ်ချက်ကို သဘောမတူကြောင်း ဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။ ဝိ-လုပ်ထုံး/၄၂ (စ)

၁၆၇။ အများစုသဘောအရ ဆုံးဖြတ်ချက်ကို ကျေနပ်နှစ်သက်မှုမရှိ သော ဝိနည်းမိုရ်ဆရာတော်သည် သီးခြားအားဖြင့် သုံးသပ်ခြင်း၊ ဆုံးဖြတ် ခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း၊ ဝိနိစ္ဆယဌာနသို့ မလာမရောက်ဘဲ နေခြင်းများကို လုံးဝရှောင်ရှားရမည်။

၁၆၈။ ဝိနိစ္ဆယအဖွဲ့သည် မူလစောဒနာလွှာ၊ သောဓနာလွှာတို့၌ ဖော်ပြတောင်းခံထားသည် ရယူလိုသောအဆုံးအဖြတ်တွင် အငြင်းပွားဝတ္ထု၌မပါဝင်သည့် ပစ္စည်းဘဏ္ဍာနှင့်ပုဂ္ဂိုလ်ကို ထည့်သွင်းဆုံးဖြတ်ခြင်း မပြုရ။ ဝိ-လုပ်ထုံး/၄၂(ဂ)

၁၆၉။ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့လိုက်နာဆောင်ရွက်ရမည့် အချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဝိနည်းမိုရ်အဖြစ်မှလည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ အရွေးအချယ်ခံပိုင်ခွင့်မှလည်းကောင်း ရပ်စဲသည်အထိ အရေးယူခြင်းခံရမည်။ ညွှန်/၅၈

၁၇၀။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက/စုဒိတကနှင့် ယင်းတို့တင်ပြသော နှစ်ဖက်သက်သေများကို စုံလင်စွာ ကြားနာစစ်ဆေးပြီးနောက် စောဒက၏ နောက်ဆုံးစောဒနာလွှာ (၂)စောင်ကို ၅-ရက်အတွင်း တင်သွင်းစေ၍ မိတ္တူ(၁)စောင်ကို စုဒိတကအား ပေးရမည်၊ စုဒိတက၏ သောဓနာလွှာ (၂)စောင်ကို နောက်ဆုံးစောဒနာလွှာရသည့်နေ့မှစ၍ ၅-ရက်အတွင်း တင်သွင်းစေ၍ မိတ္တူ(၁)စောင်ကို စောဒကအား ပေးရမည်။

ဝိ-လုပ်ထုံး/၄၂ (ခ)

## သံဃဝိနိစ္ဆယအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၁၇၁။ သက်ဆိုင်ရာ သံဃနာယကဆရာတော်များသည် အမှုတွဲလွှဲပြောင်းအပ်နှံပြီးနောက် ဝိနိစ္ဆယဆုံးဖြတ်ချက် မချမှတ်နိုင်မီကာလအတွင်း မိမိတို့ဖွဲ့စည်းပေးလိုက်သော သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များနှင့် တွေ့ဆုံပြီး အမှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ တရားခွင်သို့ ကြွရောက်ခြင်း မပြုရ။

၁၇၂။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ သံဃနာယကအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကိစ္စများကို စာဖြင့် ရေးသားတင်ပြဆက်သွယ်ရမည်။

၁၇၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းမိုရ်ဆရာတော်များ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျော့နည်းသွားသောအခါ အရန်ဝိနည်းမိုရ်ဖြင့် ဖြည့်စွက်စစ်ဆေးရမည်။ ယင်းသို့ ဖြည့်စွက် ဆောင်ရွက်ကြောင်းကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အကြောင်းကြား လျှောက်ထားရမည်။

ဝိ-လုပ်ထုံး/၃၀(ခ)

၁၇၄။ အရန်ဝိနည်းဓိုရ်ဖြင့် အစားထိုးဆောင်ရွက်ရန် မလုံလောက်ပါက အခြေအနေကို သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ လျှောက်ထားရမည်၊ သက်ဆိုင်ရာသံဃနာယကအဖွဲ့သည် အမှတ်စဉ်ကျရာ ဝိနည်းဓိုရ်များဖြင့် အစားထိုးဖွဲ့စည်းပေးရမည်။ ဝိ-လုပ်ထုံး/၃၀(ဂ) (ဃ)

၁၇၅။ ယင်းသို့ အစားထိုးဖွဲ့စည်းသော သံဃဝိနိစ္ဆယအဖွဲ့၏ အဖွဲ့အမှတ်ကို မူလဝိနိစ္ဆယအဖွဲ့၏ အမှတ်အတိုင်း သတ်မှတ်ပေးရမည်။

၁၇၆။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း မကျွမ်းကျင်၍ မေးမြန်းလိုသော်လည်းကောင်း၊ လိုအပ်သော အထောက်အပံ့ အကူအညီရယူလိုသော်လည်းကောင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ စာဖြင့်သာ ဆက်သွယ်ဆောင်ရွက်ရမည်။

## ယေဘုယျအမှုစစ်ဆေးခြင်း

၁၇၇။ သံဃဝိနိစ္ဆယအဖွဲ့ အနုဝိဇ္ဇကဆရာတော်သည် စောဒကနှင့် စောဒကပြု သက်သေ၊ စုဒိတကနှင့် စုဒိတကပြုသက်သေများကို အစဉ်အတိုင်း စစ်ဆေးရမည်။ ဝိ-လုပ်ထုံး/၃၅ (ခ)

၁၇၈။ သံဃဝိနိစ္ဆယအဖွဲ့၌ အမှုနှင့်စပ်ဆိုင်သော ထွက်ဆိုချက်များကို အပြည့်အစုံ ရေးမှတ်ရမည်။ အစစ်ခံထွက်ဆိုချက် မှတ်တမ်းရေးသူ လိုက်လံရေးမှတ်နိုင်စေရန်အတွက် ဖြည်းဖြည်းမှန်မှန် စစ်ဆေးရမည်။ မှတ်တမ်းတင်ရာတွင် သဘာပတိမေး၊ စောဒကမေး၊ စုဒိတကမေး စသည်ဖြင့် ခွဲခြား မှတ်တမ်းတင်ရမည်။

၁၇၉။ ထွက်ဆိုချက် မှတ်တမ်းရေးသူ (လက်နှိပ်စက်ရိုက်သူ)သည် ထွက်ဆိုချက်ကို မီအောင် ရေးမှတ်နိုင်ခြင်း မရှိပါက အသံဖမ်းကြိုးခွေ (ကက်ဆက်ခွေ)ကို အသုံးပြု၍ မှတ်တမ်းပြုစုခွင့်ရှိသည်။

၁၈၀။ စောဒကသည် စုဒိတကကိုလည်းကောင်း၊ နှစ်ဘက်သက်သေနှင့် ရုံးခေါ် သက်သေကိုလည်းကောင်း သဘာပတိဆရာတော်မှ တစ်ဆင့် မေးမြန်းခွင့်ရှိသည်။ ဝိ-လုပ်ထုံး/၃၅ (ဃ)

၁၈၁။ စုဒိတကသည် စောဒကကိုလည်းကောင်း၊ နှစ်ဘက်သက်သေနှင့် ရုံးခေါ် သက်သေကိုလည်းကောင်း သဘာပတိ ဆရာတော်မှတစ်ဆင့် မေးမြန်းခွင့်ရှိသည်။ ဝိ-လုပ်ထုံး/၃၅ (ဃ)

၁၈၂။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုနှင့်စပ်ဆိုင်ရာကိုသာ အစီအစဉ် စနစ်တကျ ထွက်ဆိုတတ်သော စောဒက၊ စုဒိတကနှင့် သက်သေများကို သဘာပတိ၏ ခွင့်ပြုချက်ဖြင့် လွတ်လပ်စွာ ထွက်ဆိုစေ၍ မှတ်တမ်းရေး သူအား ရေးမှတ်စေရမည်။

၁၈၃။ စောဒက၊ စုဒိတကတို့သည် မိမိတို့၏ စောဒနာလွှာ၊ သောမနော လွှာတွင် ရေးသားဖော်ပြပြီးသော အချက်ကို ထပ်မံတင်ပြထွက်ဆိုရန်မလို၊ ဝိနည်းဓိုရ်ဆရာတော်များ၏ မေးမြန်းချက်နှင့် စောဒက/စုဒိတက၏ မေး မြန်းချက်ကိုသာ မေးမြန်းချက်နှင့် လိုက်လျောညီသော စပ်ဆိုင်သော အချက်များကိုသာ ထွက်ဆိုရမည်။

၁၈၄။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက/စုဒိတကနှင့် နှစ်ဘက်သက် သေများကို စစ်ဆေးပြီးတိုင်း ၎င်းတို့ထွက်ဆို အစစ်ခံချက်များကို ပြန်လည် ဖတ်ကြားပြပြီး မှန်ကန်ပါက စစ်ချက် စာရွက်တိုင်းတွင် လက်မှတ်ရေးထိုး စေရမည်။

၁၈၅။ အစစ်ခံထွက်ဆိုသူသည် အမှုနှင့်မစပ်ဆိုင်သော အထောက် အကူ မပြုသော အကြောင်းအရာများကို ထွက်ဆိုနေပါက အမှုနှင့်စပ် ဆိုင်သည်ကိုသာ ထွက်ဆိုရန်နှင့် မဆိုင်သည်ကို မထွက်ဆိုရန် သဘာပတိ ဆရာတော်က တားမြစ်ရမည်။

၁၈၆။ စောဒက၊ စုဒိတကတို့သည် မိမိတို့၏ မူလစောဒနာလွှာ၊ သောမနောလွှာတွင် မပါဝင်သေးဘဲ အခြားအရေးကြီးသည့် အမှုနှင့်သက် ဆိုင်သော တင်ပြချက်ကျန်ရှိနေပါက သဘာပတိ၏ ခွင့်ပြုချက်ကိုယူ၍ ထပ်မံဖြည့်စွက် ထွက်ဆိုနိုင်သည်။

၁၈၇။ စောဒကအများ/စုဒိတကအများဖြစ်ပါက ဦးဆောင်စောဒက/စုဒိတကတစ်ဦးကသာ မေးမြန်းခွင့်ရှိသည်တို့ကို မေးမြန်းနိုင်သည်။

၁၈၈။ စောဒကသက်သေ/စုဒိတက သက်သေများ၏ လွတ်လပ်စွာ ထွက်ဆိုပြီးဆုံးသောအခါ ထပ်မံမေးမြန်းရန် လိုအပ်ပါက ဝိနည်းဓိုရ်ဆရာတော်များက စစ်ဆေးမေးမြန်းရမည်။ ဝိနည်းဓိုရ်ဆရာတော်များ မေးပြီးနောက် စောဒက၊ စုဒိတကတို့က ဆက်လက်မေးမြန်းနိုင်သည်။

၁၈၉။ သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက/စုဒိတကနှင့် ယင်းတို့တင်ပြသော နှစ်ဘက်သက်သေများကို စုံလင်စွာ ကြားနာစစ်ဆေးပြီးနောက် မူလသက်သေကိုသော်လည်းကောင်း၊ စစ်ဆေးရာမှ ထွက်ပေါ်လာသော အမှုနှင့် သက်ဆိုင်သည်ဟု ယူဆထိုက်သော အခြားသက်သေကိုသော်လည်းကောင်း ခေါ်ယူစစ်ဆေးနိုင်သည်။ ဝိ-လုပ်ထုံး/၄၂ (က)

၁၉၀။ စောဒက/စုဒိတကသည် စာရွက်စာတမ်း သက်သေခံတင်ပြီးသော အချက်များကို နှုတ်သက်သေခံ တင်ပြထွက်ဆိုခြင်း မပြုရ၊ စာချုပ်စာတမ်း စစ်မှန်ခြင်း ရှိ-မရှိ၊ စာချုပ်စာတမ်းပါ လက်မှတ်မှန်ကန်ခြင်း ရှိမရှိကိုမူ နှုတ်သက်သေ တင်ပြထွက်ဆိုနိုင်သည်။

၁၉၁။ စောဒက/စုဒိတက/သက်သေတို့သည် အမှုနှင့်စပ်ဆိုင်သော အကြောင်းအရာကို အစီအစဉ် စနစ်တကျ မထွက်ဆိုတတ်ကြောင်း တွေ့ရှိပါက အဖြစ်အပျက်များ အစီအစဉ်တကျ ထွက်ပေါ်လာစေရန် သဘာပတိဆရာတော်က ကျွမ်းကျင်လိမ္မာစွာ မေးမြန်းစစ်ဆေးရမည်။

၁၉၂။ စောဒက/စုဒိတက/သက်သေတို့သည် အပြည့်အစုံ အသင့်ရေးသားယူဆောင်လာသော ထွက်ဆိုချက်ကို ဖတ်ကြားထွက်ဆိုခွင့် မရှိ၊ သို့ရာတွင် အတိုကောက် အမှတ်အသားများ၊ နေ့စဉ်မှတ်တမ်းများ၊ သက်သေခံ စာရွက်စာတမ်းများကို ကြည့်ရှုကိုးကား၍ အစစ်ခံထွက်ဆိုခွင့်ရှိသည်။

၁၉၃။ သဘာပတိ ဆရာတော်သည် အမှုမှန် ပေါ်ထွက်ရေးအတွက် မေးသင့်မေးထိုက်သည့် အချက်များကို ကြိုတင်လေ့လာထားပြီး ဟာကွက်၊ ပျော့ကွက်များ မရှိအောင် မေးမြန်းစစ်ဆေးရမည်။

၁၉၄။ စစ်ဆေးမေးမြန်းသူသည် အစစ်ဆေးခံရသူ၏ ဂုဏ်သိက္ခာကို ထိပါးစေလိုသောအားဖြင့် အမှုအတွက် အထောက်အကူမပြုသော မေးခွန်းမျိုးကို မေးစစ်ခြင်းမပြုရ။

၁၉၅။ စောဒကပြသက်သေ၊ စုဒိတကပြသက်သေတို့ကို တရားခွင်တွင် စစ်ဆေးရာ၌ တစ်ဦးချင်းကိုသာ စစ်ဆေးရမည်။ သက်သေစာရင်းပါ ပုဂ္ဂိုလ်များကို ယင်းတို့အား မစစ်ဆေးမီ တရားခွင်၌ နားထောင်ခွင့်မပြုရန်နှင့် စစ်ဆေးပြီးသောသက်သေကို မစစ်ဆေးရသေးသော သက်သေများနှင့် တွေ့ဆုံစကားပြောခွင့် မပြုဘဲ သီးခြားခွဲထားရမည်။

၁၉၆။ ပထမပါရာဇိက အနုဝါဒါဓိကရုဏ်း မှုခင်းတွင် စောဒက၊ စုဒိတကနှင့် ယင်းတို့၏သက်သေများကို စစ်မေးရာ၌ စောဒက၊ စုဒိတက နှင့် တာဝန်ရှိသူ ရုံးဝန်ထမ်းများမှတစ်ပါး အခြားပုဂ္ဂိုလ်များကို လေ့လာ နားထောင်ခွင့် အသံဖမ်းယူခွင့် မပြုရ ။

-------

# အခန်း (၆)

## မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း စစ်ဆေးကြားနာရန် နည်းလမ်းများ

၁၉၇။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အမှုစတင် စစ်ဆေးခြင်းမပြုမီ ရဟန်း၊ သာမဏေ၊ စောဒက၊ စုဒိတကနှင့် သက်သေဖြစ်ပါက မိမိသီလကို ဆင်ခြင်စေပြီးမှ လူစောဒက၊ စုဒိတကနှင့် သက်သေဖြစ်ပါက မုသာဝါဒ ဝိရတီသိက္ခာပုဒ်ကို ဆောက်တည်စေပြီးမှ စစ်ဆေးရမည်။ အခြားဘာသာဝင်ဖြစ်ပါက မိမိတို့၏ ဘာသာအရ မှန်ရာကိုထွက်ဆိုပါမည်ဟူသော ကတိဝန်ခံချက်ကို ပေးစေ၍ စစ်ဆေးနိုင်သည်။
ဝိ-လုပ်ထုံး/၃၆ (ခ)

၁၉၈။ စစ်ဆေးကြားနာရန် ချိန်းဆိုသောနေ့တွင် သံဃဝိနိစ္ဆယအဖွဲ့ စုံညီစွာ ရောက်ရှိသည့်အခါ စောဒကကို ရှေးဦးစွာ စစ်ဆေးရမည်၊ ထို့နောက် စောဒက၏သက်သေများကို စစ်ဆေးရမည်၊ အချိန်ရှိလျှင် စုဒိတကကို စစ်ဆေး၍ စုဒိတက၏သက်သေများကို ဆက်လက်စစ်ဆေးရမည်။
ဝိ-လုပ်ထုံး/၃၅ (ခ)

၁၉၉။ နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် သံဃဝိနိစ္ဆယအဖွဲ့က ပြန်ခေါ်၍ ထပ်မံစစ်ဆေးလိုသော၊ သို့မဟုတ် ရုံးခေါ်သက်သေအဖြစ် စစ်ဆေးလိုသော သက်သေများရှိပါက စစ်ဆေးနိုင်သည်၊ စစ်ဆေးရန်ရှိပါက ရက်ချိန်းပေးခြင်း၊ သို့မဟုတ် ဆင့်ခေါ်ခြင်း ပြုလုပ်ရမည်။

၂၀၀။ ပြန်ခေါ်သက်သေ ရုံးခေါ်သက်သေကို ချိန်းဆိုသည့်နေ့၌ စစ်ဆေးရန်ဖြစ်သည်၊ ထို့နောက် စောဒကနှင့် စုဒိတကတို့အား နောက်ဆုံးတင်သွင်းလွှာများ တင်သွင်းကြရန် ရက်ချိန်းပေးရမည်။

၂၀၁။ နောက်ဆုံးတင်သွင်းချက်များ ပြည့်စုံပါက ဆုံးဖြတ်ချက်ချမှတ် ရန် ရက်ချိန်းပေးရမည်။

၂၀၂။ ဆုံးဖြတ်ချက်ချရန် ရက်ချိန်းပေးသောရက်တွင် ဆုံးဖြတ်ချက်မချနိုင်ပါက ထပ်မံရက်ချိန်းပေး၍ ဆင့်ခေါ်စာကိုပါ ထုတ်ပေးလိုက်ရမည်။

၂၀၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ပထမချိန်းဆိုရက်တွင် ဆုံးဖြတ်ချက်မချနိုင်ပါက ဒုတိယအကြိမ် ချိန်းဆိုရက်တွင် ဆုံးဖြတ်ချက်ချနိုင်အောင် ဆောင်ရွက်ရမည်။

၂၀၄။ စောဒက/စုဒိတကသည် ဆုံးဖြတ်ချက်ချမှတ်သည့်ရက်တွင် သံဃဝိနိစ္ဆယရုံးသို့ လာရောက်ရမည်။

၂၀၅။ သံဃဝိနိစ္ဆယအဖွဲ့သည် ဆင့်ခေါ်စာပေးပြီးပါက စောဒက/စုဒိတက စုံညီလာရောက်သည်ဖြစ်စေ၊ မလာရောက်သည်ဖြစ်စေ ဝိနိစ္ဆယဆုံးဖြတ်ချက်ချမှတ်ရမည်။ စောဒက/စုဒိတက မလာရောက်ပါက ပုံစံ(၇)ကိုသာ ဖတ်ကြားကြေညာ၍ လာရောက်ပါက ဆုံးဖြတ်ချက်အပြည့်အစုံကို ဖတ်ကြားကြေညာရမည်။

၂၀၆။ မူလမှုခင်း၌ အစစ်မခံလိုပါဟု ငြင်းပယ်ခြင်းမပြုသော စောဒက စုဒိတကများနှင့် နှစ်ဖက်သက်သေများကို လုံးဝခေါ်ယူစစ်ဆေးခြင်း မပြုဘဲ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုရ။ ပြုခဲ့လျှင် တွေ့ရှိရာ ပြည်နယ်/တိုင်း၊ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်၍ ခေါ်ယူစစ်ဆေးရမည်။ မစစ်ဆေးဘဲ ဆုံးဖြတ်ခဲ့လျှင် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ဆောင်ရွက်ချက်အားလုံးသည် တရားမဝင် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၂၀၇။ သံဃဝိနိစ္ဆယဆုံးဖြတ်ချက်ချပြီးနောက် မည်သည့်ဝိနိစ္ဆယ စီရင်ချက်ကိုမျှ ပယ်ဖျက်ခြင်း၊ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုရ။ ဝိ-လုပ်ထုံး/၄၂ (ဃ)

၂၀၈။ သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးချိန်တွင် လာရောက်သည့် စောဒက၊ စုဒိတကတို့အား အယူခံ/မခံ အစဉ်အတိုင်း မေးမြန်း၍ ယင်းတို့ ဖြေကြားသည့်အတိုင်း မှတ်တမ်းတင်ရေးသားပြီး စောဒက၊ စုဒိတကတို့အား လက်မှတ်ရေးထိုးစေ၍ နေ့စဉ်မှတ်တမ်း၌လည်း ရေးသွင်းလက်မှတ် ရေးထိုးထားရမည်။

၂၀၉။ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင် မလာရောက်သော စောဒက၊ စုဒိတကသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅-ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ လာရောက်၍ ဆုံးဖြတ်ချက် ပုံစံ(၇)ကို ထုတ်ယူရမည်။

၂၁၀။ ဆုံးဖြတ်ချက်ပုံစံ(၇)ကို သတ်မှတ်ရက်အတွင်း ရရှိအောင် ဆောင်ရွက်ရန်မှာ သက်ဆိုင်ရာ စောဒက၊ စုဒိတက၏ တာဝန်သာဖြစ်သည်။

၂၁၁။ သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် အယူခံဝင်ရောက်မည့် စောဒက၊ စုဒိတကအား ဆုံးဖြတ်ချက်ချသည့်နေ့အပါအဝင် သတ်မှတ်ရက်အတွင်း (ပြည်နယ်/တိုင်း ရက်-၃၀၊ နိုင်ငံတော် ၄၅-ရက်) အယူခံဝင်ရောက်ရမည်ဟု ရှင်းလင်းပြောကြားရမည်။

၂၁၂။ သံဃဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သည့် ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းဆိုင်ရာအမှုတွဲကို စာရွက်တိုင်း၏ နောက်ကျောဘက်၌ သံဃဝိနိစ္ဆယအဖွဲ့ရုံးတံဆိပ် ရိုက်နှိပ်၍ ယင်းတံဆိပ်အတွင်း၌ စာမျက်နှာနံပါတ်တပ်လျက် ကြိုးဖြင့် ဖိုင်တွဲပြုလုပ်ပြီးလျှင် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ ဆုံးဖြတ်ချက်ချသည့်နေ့မှ ၅-ရက်အတွင်း စနစ်တကျ လက်ရောက်ပေးအပ်ရမည်။ ဝိ-လုပ်ထုံး/၄၅ (၃)

၂၁၃။ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လိုသော စောဒက၊ စုဒိတကသည် စီရင်ချက်ကို မိတ္တူကူးယူလိုပါက သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ အယူခံ သံဃဝိနိစ္ဆယအဖွဲ့ အတွက်သာ အသုံးပြုပါ မည်ဟူသော ဝန်ခံချက်ဖြင့် မိတ္တူကူးယူခွင့် လျှောက်ထားရမည်။

၂၁၄။ မြို့နယ်သံဃနာယကအဖွဲ့သည် လျှောက်ထားသည့်အတိုင်း သက်ဆိုင်ရာ သာသနာရေးမှူးအား သုံးရက်အတွင်း စတင်မိတ္တူကူးပေး ရန် အကြောင်းကြားရမည်။ ဝိ-လုပ်ထုံး/၄၅ (ခ/၂)

၂၁၅။ စီရင်ချက် မိတ္တူမှန်တွင် မြို့နယ်သံဃနာယကအဖွဲ့က မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုး၍ အဖွဲ့တံဆိပ်နှိပ်ပေးရမည်။
ဝိ-လုပ်ထုံး/၄၅ (ခ/၂)

----------

# အခန်း (၇)

## အယူခံစောဒနာဝင်ခြင်း

၂၁၆။ မူလစစ်ဆေးသော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက/စုဒိတကသည် ဝိနည်းတရားတော်နှင့်သော်လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ဝိနိစ္ဆယလက်စွဲနှင့်သော်လည်းကောင်း မညီညွတ်သော အချက်များကို ခိုင်လုံစွာ အကြောင်းပြရေးသားလျက် သတ်မှတ်ထားသော နောက်ဆက်တွဲ ပုံစံ(၉)ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း ၃၀-အတွင်း အယူခံစောဒနာဝင်လွှာ (၂)စောင် တင်သွင်းနိုင်သည် ။ ဝိ-လုပ်ထုံး/၄၆ (က)

၂၁၇။ အယူခံစောဒနာဝင်လွှာ တင်သွင်းရာတွင် မူလစစ်ဆေးသော မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ပုံစံ(၇) မိတ္တူမှန်တစ်စောင်ကို အယူခံစောဒနာဝင်လွှာ (၂)စောင်နှင့်အတူ ပူးတွဲတင်သွင်းရမည်။

ဝိ-လုပ်ထုံး/၄၆ (က)

၂၁၈။ အယူခံစောဒကသည် မိမိအယူခံ တင်သွင်းသည့် အကြောင်းကို မြို့နယ် သံဃနာယကအဖွဲ့သို့ စာဖြင့် အသိပေး လျှောက်ထားရမည်။

ဝိ-လုပ်ထုံး/၄၆ (က)

၂၁၉။ အယူခံစောဒနာမဝင်ဟု လက်မှတ်ရေးထိုးထားပါက သို့မဟုတ် အယူခံရက် ကုန်ဆုံးပါက မြို့နယ်သံဃနာယကအဖွဲ့သည် အမှုတွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အကျိုးအကြောင်း ဖော်ပြကာ တိုက်ရိုက်ပေးပို့ရမည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ ပြည်နယ်/တိုင်း သာသနာရေးမှူးတို့အား အမှုတွဲပေးပို့သည့်စာ မိတ္တူ ပေးရမည်။

၂၂၀။ အယူခံစောဒနာဝင်လွှာ၌ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ်တစ်ပါးပါးကိုဖြစ်စေ၊ သံဃဝိနိစ္ဆယတစ်ဖွဲ့လုံးကိုဖြစ်စေ အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်း၊ ရင့်သီးစွာ ထိပါးပုတ်ခတ်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ အာပတ်သို့ တင်၍ဖြစ်စေ၊ ဝတ္ထုကိုပြ၍ဖြစ်စေ စွပ်စွဲခြင်းတို့ကို ဖော်ပြခြင်းမပြုရ ။

ဝိ-လုပ်ထုံး/၄၆ (ခ)

၂၂၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို စိစစ်၍ သတ်မှတ်သည့် ပုံစံ(၁၀)ဖြင့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း အယူခံစောဒနာဝင်ဆိုင်ရာ မှတ်ပုံတင်စာရင်း၌ ရေးသွင်းမှတ်ပုံတင်ရမည်။

ဝိ-လုပ်ထုံး/၄၈ (က)

၂၂၂။ အယူခံစောဒနာဝင်လွှာ၌ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း-၄၆ (ခ)အရ တားမြစ်သောအချက်များ ပါရှိနေကြောင်း စိစစ်တွေ့ရှိရလျှင် အယူခံစောဒနာဝင်လွှာ ရရှိသည့်နေ့မှ ၁၅-ရက်အတွင်း ယင်းအယူခံစောဒနာဝင်လွှာကို အကြောင်းပြခိုင်လုံစွာဖြင့် ပလပ်ပယ်ချရမည်။

ဝိ-လုပ်ထုံး/၄၈ (ခ)

၂၂၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချကြောင်း ဆုံးဖြတ်ချက်ကို ဆုံးဖြတ်သည့်နေ့မှ ၇-ရက်အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံစာတင်ပြ၍ မိတ္တူကို သက်ဆိုင်ရာ အယူခံစောဒနာဝင်သူထံ ပေးပို့ရမည်။

ဝိ-လုပ်ထုံး/၄၈ (ဂ)

၂၂၄။ အယူခံစောဒကသည် ပလပ်ပယ်ချခြင်းကို မကျေနပ်လျှင် ပလပ်ပယ်ချသည့်နေ့မှ ရက်ပေါင်း ၃၀-အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပလပ်ပယ်ချခံရသည့် အယူခံစောဒနာဝင်လွှာ မိတ္တူမှန်နှင့်တကွ အယူခံစောဒနာဝင်လွှာ တင်သွင်းနိုင်သည်။ ဝိ-လုပ်ထုံး/၄၈ (ဃ)

၂၂၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုရမည်။

ဝိ-လုပ်ထုံး/၄၈ (င)

၂၂၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် အတည်ပြုကြောင်း ပြန်ကြား၍ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ပယ်ဖျက်ကြောင်း ပြန်ကြားသည့်အခါ အယူခံစောဒနာဝင်လွှာအမှုကို လက်ခံဆောင်ရွက်ရန်ကိုပါ ညွှန်ကြားပေးရမည်။

၂၂၇။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ်(၄၈)အရ ဆောင်ရွက်ဖွယ်မရှိပါက အယူခံ စောဒနာဝင်လွှာကို လက်ခံပြီး အယူခံစောဒနာဝင်လွှာရရှိသည့်နေ့မှ ၁၅-ရက်အတွင်း၌လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်အရ လက်ခံရလျှင် ညွှန်ကြားစာရရှိသည့်နေ့မှ ၁၅-ရက်အတွင်း၌လည်းကောင်း အယူခံစောဒနာဝင်လွှာ (၁)စောင်ကို တစ်ဖက်အမှုသည်ထံသို့ ပေးပို့၍ ၁၅-ရက်အတွင်း သောခနောလွှာ (၂)စောင် တင်သွင်းရန် ညွှန်ကြားရမည်။ ဝိ-လုပ်ထုံး/၄၉

၂၂၈။ သောခနောလွှာ (၂)စောင်ကို ရရှိပါက တစ်စောင်ကို အယူခံဝင်စောဒကသို့ပေးပို့ရမည်။ သောခနောလွှာ မရပါက သောခနောလွှာမရကြောင်း ဖော်ပြသည့်စာကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့တံဆိပ်ရိုက်နှိပ်၍ အမှုတွဲ၌ ထည့်သွင်းထားရမည်။

၂၂၉။ သောခနောလွှာ တင်သွင်းရန် ခွင့်ပြုရက် ကုန်ဆုံးပြီးနောက် သောခနောလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြို့နယ်သံဃနာယကအဖွဲ့က လွှဲပြောင်းပေးထားသော အမှုတွဲကို လက်ခံရရှိသည့်နေ့မှ ၁၅-ရက်အတွင်း (ပြည်နယ်/တိုင်း ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သာသနာရေးမှူးက အထူးလျှောက် ထားချက်မရှိပါလျှင်) မိမိ ပြည်နယ်/တိုင်းအတွင်း မူလဆုံးဖြတ်သည့် မြို့နယ်မှ အခြားမြို့နယ်များရှိ ရွေးချယ်စဉ် ကျရာ ဝိနည်းဓိုရ်ဆရာတော်(၃)ပါး/၅-ပါးနှင့် အရန်

(၂)ပါး ပါဝင်သော အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ကို သတ်မှတ်သည့် ပုံစံ(၁၁)ဖြင့် ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး ဖွဲ့စည်းရမည်။

၂၃၀။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းမိန့်နှင့်အတူ အမှုတွဲ ကို သက်ဆိုင်ရာမြို့နယ်သို့ ပြည်နယ်/တိုင်းသံဃနာယက ဆရာတော် ကိုယ်တိုင် ကြွရောက်လွှဲပြောင်း ပေးအပ်ရမည်။

၂၃၁။ အမှုတွဲ လွှဲပြောင်းပေးအပ်ရာ၌ အခြားလိုအပ်သောပုံစံများ၊ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံးကိုပါ တစ်ပါတည်း ပေးအပ် ရမည်။

၂၃၂။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် မိမိအဖွဲ့တည်ရာဌာန မြို့နယ်ရှိ ဝိနည်းဓိုရ်များဖြင့် အယူခံစောဒနာဝင် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်းဖြစ်ပါက ယင်း သံဃဝိနိစ္ဆယအဖွဲ့၏ လိုအပ်သော အကူအညီ များ ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးအား လိုအပ်သလို အကြောင်းကြားပေးရမည်။

၂၃၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မိမိအဖွဲ့ တည်ရာဌာန မြို့နယ်မှတစ်ပါး အခြားသောမြို့နယ်များသို့ သွားရောက်၍ ယင်းမြို့နယ် များမှ ဝိနည်းဓိုရ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ပါက သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့အား ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ကိုယ်စား ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ပေးရန် လွှဲအပ်နိုင်သည်။

--------

# အခန်း (၈)

## အယူခံစောဒနာဝင်မှုခင်းကို စစ်ဆေးကြားနာခြင်း

၂၃၄။ အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် အမှုတွဲကို စိစစ်ရာတွင် မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးချက်များ ပြည့်စုံမှု ရှိ-မရှိ စစ်ဆေးသင့်သော သက်သေများ ကျန်-မကျန် စိစစ်ရမည်။

၂၃၅။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် လိုအပ်ပါက ရုံးဖွင့်လှစ်သော နေ့တွင် စောဒက/စုဒိတကတို့ လာရောက်ရန် သတ်မှတ်ထားသော ပုံစံ(၅)ဖြင့် ဆင့်ခေါ်ရမည်။

၂၃၆။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်သောအခါ စောဒနာဝင်လွှာ သောခနာဝင်လွှာကို စိစစ်အတည်ပြုချက်ရယူရမည်။ အယူခံသောခနာလွှာ မတင်သွင်းရသေးပါက သောခနာလွှာတင်ရန် ၇-ရက်ထက် မများသောရက်ကို ကန့်သတ်ခွင့်ပြုနိုင်သည်။

၂၃၇။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် သက်သေများစစ်ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာ စောဒက၊ စုဒိတကတို့အား ဆင့်ခေါ်စာ ပုံစံ(၆)ကိုပေး၍ ဆင့်ခေါ်စေနိုင်သည်။

၂၃၈။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးချက်သည် ပြည့်စုံကြောင်း တွေ့ရှိရပါက စောဒက/စုဒိတကနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ သုံးသပ်ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

ဝိ-လုပ်ထုံး/၅၀ (က)

၂၃၉။ စောဒက၊ စုဒိတကနှင့် သက်သေများကို စစ်ဆေးရန် လိုအပ်သော အယူခံမှုတွင် ဝိ-လုပ်ထုံး-၃၅ ပါ စောဒက၊ စုဒိတကတို့၏ အခွင့်အရေးများကို အမှုသည်တို့အား ရှင်းလင်းပြောကြားရမည်။

၂၄၀။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် မူလမှုခင်းစစ်ဆေး သော သံဃဝိနိစ္ဆယအဖွဲ့ရှေ့မှောက်၌ အစစ်မခံလိုကြောင်း သက်သေခံ ပစ္စည်း မတင်ပြလိုကြောင်း ငြင်းဆိုခဲ့သော စောဒက၊ စုဒိတက နှစ်ဖက် သက်သေများကို စစ်ဆေးခြင်းမပြုရ၊ ယင်းစောဒက၊ စုဒိတကတို့ တင်သွင်းလာသော သက်သေခံပစ္စည်းများကိုလည်း လက်ခံခြင်းမပြုရ။

ဝိ-လုပ်ထုံး/၅၂ (က)

၂၄၁။ မူလမှုခင်းစစ်ဆေးသော မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ ထွက်ဆိုတင်ပြချက်နှင့်ဆီလျော် စပ်ဆိုင်မှုမရှိသော ထွက်ဆိုချက်အသစ်၊ သက်သေအသစ် သက်သေခံပစ္စည်း အသစ်တို့ကို လက်ခံသုံးသပ်ဆုံးဖြတ်ခြင်း မပြုရ။

ဝိ-လုပ်ထုံး/၅၂(ခ)

၂၄၂။ စောဒက၊ စုဒိတကတို့၏ သက်သေစာရင်းပါ ပုဂ္ဂိုလ်များနှင့် သက်သေခံ စာချုပ်စာတမ်းတွင် ဖော်ပြထားသော သက်သေများကို မူလစစ်ဆေးသော သံဃဝိနိစ္ဆယအဖွဲ့က အကြောင်းခိုင်လုံစွာ မပြမူ၍ မစစ်ဆေးဘဲ ချန်ထားခဲ့ပါလျှင် လိုအပ်သလို ခေါ်ယူစစ်ဆေးနိုင်သည်။

ဝိ-လုပ်ထုံး/၅၂ (ဂ)

၂၄၃။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စီရင်ချက်သည်ဝိနည်းတရားတော်နှင့်လည်းကောင်း၊ ဝိနည်းမဝွက် လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့နှင့်လည်းကောင်း ညီညွတ်စွာ ဆောင်ရွက် ဆုံးဖြတ်ထားကြောင်း တွေ့ရှိရပါက အယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချ၍ မူလ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ သို့မဟုတ် ပြင်ဆင်အမိန့်၊ ဖြည့်စွက်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

ဝိ-လုပ်ထုံး/၅၀ (က)

၂၄၄။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ စီရင်ချက်သည် ဝိနည်းတရားတော်နှင့်သော်လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ဝိနိစ္ဆယလက်စွဲနှင့်သော်လည်းကောင်း မညီညွတ်ကြောင်းတွေ့ရှိပါက အယူခံစောဒက၊ စုဒိတကနှင့် သက်ဆိုင်ရာသက်သေများကို မခေါ်ယူဘဲသော်လည်းကောင်း၊ လိုအပ်ပါက ခေါ်ယူ၍သော်လည်းကောင်း စစ်ဆေးဆုံးဖြတ်နိုင်သည်။ ဝိ-လုပ်ထုံး/၅၀ (ခ)

၂၄၅။ စောဒက၊ စုဒိတကနှင့် သက်သေများကို လိုအပ်၍ ခေါ်ယူစစ်ဆေးပါက မူလသံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးချက်တွင် လိုအပ်ချက်နှင့် မရှင်းလင်းသည့် အချက်များကိုသာ စစ်ဆေးရမည်။ မူလသံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးပြီးသည်တို့ကို ထပ်မံ စစ်ဆေးခြင်းမပြုရ။

၂၄၆။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့တွင် မိမိတို့အဖွဲ့ စုံညီစွာရောက်ရှိပြီး ကိုယ်တိုင်လက်မှတ်ရေးထိုး ဆုံးဖြတ်ချက် ချမှတ်ကြောင်းကိုလည်းကောင်း၊ အယူခံစောဒက၊ စုဒိတကနှင့် တာဝန်ရှိသူများ တက်ရောက်ခြင်း ရှိ-မရှိကိုလည်းကောင်း မှုခင်းမှတ်တမ်းတွင် ရေးမှတ်ရမည်။

၂၄၇။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီးသောအခါ နိုင်ငံတော်သို့ အယူခံလိုခြင်း ရှိ-မရှိ မေးမြန်း၍ အယူခံဝင်လိုပါက ဆုံးဖြတ်ချက်ချသည့်နေ့မှ ၄၅-ရက်အတွင်း နိုင်ငံတော်သို့ အယူခံဝင်ရန် ပြောကြားပြီး မှတ်တမ်းတင်ရမည်၊ အယူခံစောဒက၊ စုဒိတကနှင့် သဘာပတိဆရာတော်တို့က လက်မှတ်ရေးထိုးရမည်။

၂၄၈။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီး နောက်ဆုံးဖြတ်ချက် ပုံစံ(၇)ကို အယူခံစောဒက၊ စုဒိတကတို့အား ပေးရ မည်။

၂၄၉။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သည့် အမှုတွဲပါစာရွက်တိုင်း၏နောက်ကျောဘက်၌ သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ ယင်းတံဆိပ်ဝိုင်းအတွင်း၌ စာမျက်နှာ နံပါတ်တပ်ပြီးလျှင် သက်ဆိုင်ရာပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ဆုံးဖြတ်သည့်နေ့မှ ၁၀-ရက်အတွင်း စနစ်တကျ လက်ရောက်ပေးအပ်ရမည်။

## အမှုတွဲ လွှဲပြောင်းပေးပို့ခြင်း

၂၅၀။ ဆုံးဖြတ်ချက်ချသည့်နေ့တွင် စောဒက၊ စုဒိတက မတက်ရောက်၍ ဆုံးဖြတ်ချက်ပုံစံ(၇)ပေးအပ်နိုင်ခြင်း မရှိပါက ယင်းပုံစံ(၇)ကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ လွှဲအပ်သောအမှုတွဲနှင့်အတူ ပေးအပ်ရမည်။

၂၅၁။ ဆုံးဖြတ်ချက် ချသည့်နေ့တွင် မတက်ရောက်သော စောဒက၊ စုဒိတကသည် ဆုံးဖြတ်ချက်ချသည့်နေ့မှ ၁၅-ရက်အတွင်း သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ သွားရောက်၍ ဆုံးဖြတ်ချက်ပုံစံ(၇)ကို ထုတ်ယူရမည်။ ယင်းဆုံးဖြတ်ချက်ပုံစံ(၇)ရရှိသည့်နေ့မှစ၍ အယူခံရက်ကို သတ်မှတ်ရေတွက်ရမည်။

၂၅၂။ အယူခံကိစ္စ လျှောက်ထားလွှာတွင် အယူခံ စောဒက၊ စုဒိတကသည် သက်ဆိုင်ရာသံဃနာယကအဖွဲ့သို့ ကူးယူလိုသောအမှုတွဲနှင့်တကွ စီရင်ချက်ကို အချိန်မီကူးယူနိုင်ရေးအတွက် လျှောက်ထားကူးယူနိုင်သည်။ ယင်းလျှောက်လွှာတွင် အယူခံသံဃဝိနိစ္ဆယကိစ္စအတွက်သာ အသုံးပြုပါမည်ဟူသော ဝန်ခံချက်ပါရှိရမည်။

၂၅၃။ အမှုတွဲနှင့်တကွ စီရင်ချက်မိတ္တူမှန်၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးရမည်။

၂၅၄။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံဝင်ရောက်သည်ဖြစ်စေ၊ အယူခံမဝင်ရောက်သည်ဖြစ်စေ အမှုတွဲအပြည့်အစုံကို အယူခံဝင်/မဂင်ဖော်ပြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ စာရင်းဇယားနှင့်အတူ ပေးပို့ရမည်။

၂၅၅။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံဝင်မည့်အမှု တွင် စောဒက၊ စုဒိတကတို့အား စီရင်ချက်အကျယ် ကူးယူထုတ်ပေးပြီး နောက်သို့မဟုတ် စီရင်ချက်ကူးရန် သတ်မှတ်ရက် ကုန်ဆုံးပြီးနောက် အမှုတွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ (ပြည်နယ်/တိုင်း သာသနာရေးမှူး၏ အကူအညီဖြင့်) ပေးပို့ရမည်။

--------

အခန်း (၉)

## နိုင်ငံတော်အဆင့် အယူခံဝင်ခြင်းနှင့် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆုံးဖြတ်ခြင်း

၂၅၆။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက၊ စုဒိတကသည် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက်ချသည့် နေ့မှစ၍ ၄၅-ရက်အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံဝင်ရောက်နိုင်သည်။ ဝိ-လုပ်ထုံး/၅၁

၂၅၇။ အယူခံစောဒနာဝင်လွှာကို သတ်မှတ်ထားသော ပုံစံ (၁၂)ဖြင့် (၂)စောင် တင်သွင်းရမည်။ စောဒနာဝင်လွှာနှင့်အတူ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် ပုံစံ (၇)မိတ္တူမှန် (၁)စောင်ကို ပူးတွဲတင်သွင်းရမည်။ ဝိ-လုပ်ထုံး/၅၁

၂၅၈။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တင်သွင်းလာသော အယူခံစောဒနာလွှာကို စိစစ်လက်ခံ၍ သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁၃)ဖြင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း အယူခံစောဒနာဆိုင်ရာ မှတ်ပုံတင်စာရင်း၌ ရေးသွင်းမှတ်ပုံတင်ထားရမည်။ ဝိ-လုပ်ထုံး/၅၃(က)

၂၅၉။ အယူခံစောဒနာဝင်လွှာ၌ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၆(ခ)(ဂ)တို့အရ တားမြစ်ထားသော အချက်များပါရှိကြောင်း စိစစ်တွေ့ရှိရပါက ယင်းအယူခံ စောဒနာဝင်လွှာကို အပြီးအပြတ် ပလပ်ပယ်ချရမည်။ ဝိ-လုပ်ထုံး/၅၃ (က)

၂၆၀။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အပိုဒ် ၂၅၉-အရ အပြီးအပြတ် ပယ်ချလျှင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံပြီးပြတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂၆၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာကို လက်ခံလျှင် လက်ခံသည့်နေ့မှ ၂၁-ရက်အတွင်း တစ်ဘက်စုဒိတကထံသို့ စောဒနာလွှာ လာရောက်ထုတ်ယူရန် စာဖြင့် အကြောင်းကြားရမည်။ စုဒိတကသည် စောဒနာလွှာ(၁)စောင် ရရှိပါက ၂၁-ရက်အတွင်း သောခနာလွှာ (၂)စောင် တင်သွင်းရမည်။ ဝိ-လုပ်ထုံး/၅၄(က)

၂၆၂။ သောခနာလွှာ (၂)စောင်ကို ရရှိပါက (၁)စောင်ကို အယူခံစောဒကသို့ ပေးရမည်။ သောခနာလွှာ မရရှိပါက သောခနာလွှာ မရကြောင်း ဖော်ပြသည့်စာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တံဆိပ်နှိပ်၍ အမှုတွဲ၌ ထည့်သွင်းရမည်။

၂၆၃။ သောခနာလွှာ တင်သွင်းရန် ခွင့်ပြုရက် ကုန်ဆုံးပြီးနောက် သောခနာလွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။ ဝိ-လုပ်ထုံး/၅၄ (ခ)

၂၆၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် အယူခံသံဃဝိနိစ္ဆယအဖွဲ့ကို (၁)ဖွဲ့ထက် ပို၍ ဖွဲ့စည်းပါက အလှည့်ကျ အဖွဲ့ခွဲ၏ ဒုတိယ ဥက္ကဋ္ဌ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် (၂)ပါးတို့က အမှုတွဲကို မဲစနစ်ဖြင့် လွှဲအပ်ပေးရမည်။ ဝိ-လုပ်ထုံး/၅၄ (ခ)

၂၆၅။ နိုင်ငံတော် အယူခံမှုခင်းသည် နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များ နေထိုင်ရာ အခြေခံဒေသ နေထိုင်ရာ မြို့နယ်အတွင်း၌ ဖြစ်ပွားသောမှုခင်းဖြစ်လျှင်သော်လည်းကောင်း၊ အချင်းဖြစ်မှုခင်းတွင် ပါဝင်သောစောဒက၊ စုဒိတကတို့သည် မိမိနှင့် သိက္ခမ်းခင်မင် ရင်းနှီးဆက်စပ်မှုရှိနေသဖြင့် မှုခင်းနှင့်ပတ်သက်၍ သံသယရှိခဲ့လျှင်သော်လည်းကောင်း အမှုတွဲကို ပြန်လည်ပေးအပ်၍ အခြားသံသယကင်းရှင်းသည့် အမှုတွဲနှင့် လဲလှယ်ရမည်။ ဝိ-လုပ်ထုံး/၅၄ (ခ)

၂၆၆။ အယူခံ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းရာတွင် မူလမှုခင်းဖြစ်ပွားရာ ဆုံးဖြတ်ရာ အခြေခံဒေသရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ မပါဝင်စေဘဲ အခြားသင့်လျော်သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၃)ပါး၊ (၅)ပါးနှင့် အရန် (၂)ပါးတို့ ပါဝင်သော အယူခံစောဒနာဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်သည့် ပုံစံ (၁၄)ဖြင့် အလှည့်ကျအဖွဲ့ခွဲ၍ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုး ဖွဲ့စည်း၍ အမှုတွဲကို ချက်ချင်းလွှဲပြောင်းပေးအပ်ရမည်။ ဝိ-လုပ်ထုံး/၅၄ (ခ)

၂၆၇။ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့သည် စစ်ဆေးရန် လိုအပ်နေသော စောဒက၊ စုဒိတကနှင့် သက်သေများကို ခေါ်ယူစစ်ဆေးနိုင်ခွင့်ရှိသည်။ ဝိ-လုပ်ထုံး/၅၅ (ခ)

၂၆၈။ အယူခံ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၅၂)အရ တားမြစ်ချက်များကို ဂရုပြု၍ စောဒက / စုဒိတက သက်သေများ စစ်ဆေးခြင်းကို လည်းကောင်း၊ သက်သေခံပစ္စည်း လက်ခံခြင်းကို လည်းကောင်း၊ သုံးသပ်ခြင်းကို လည်းကောင်း ဆောင်ရွက်ရမည်။

၂၆၉။ အယူခံဝင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ချက်ချရာတွင် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၅၅)နှင့်လည်း ညီညွတ်စေရမည်။

၂၇၀။ အယူခံ စောဒနာဝင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ နိုင်ငံတော်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့တို့၏ ဆုံးဖြတ်ချက်ကို အယူခံ စောဒနာဝင်ခွင့် မရှိစေရ။ ဝိ-လုပ်ထုံး/၅၆ (က)

၂၇၁။ မည်သည့် သံဃဝိနိစ္ဆယအဆင့်တွင် ဖြစ်စေ၊ အယူခံ မဝင်သော သို့မဟုတ် အယူခံရက် ကုန်ဆုံးပြီးဖြစ်သော ဝိနိစ္ဆယဆုံးဖြတ်ချက်တို့သည် အယူခံပြီးပြတ်ပြီး ဖြစ်ကြသည်ဟု မှတ်ယူရမည်။ ဝိ-လုပ်ထုံး/၅၆ (ခ)

၂၇၂။ သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်က ဆုံးဖြတ်ချက် ချမှတ်ရာတွင် သက်ဆိုင်ရာက အာဏာစက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လွယ်ကူချောမောစေရန် ရှင်းလင်းပေါ်လွင်သည့် စကားလုံး အသုံးအနှုန်းများဖြင့် တိကျပြတ်သားစွာ ရေးသား ဆုံးဖြတ်ရမည်။ [နိုင်သည်/သင့်သည်/ထိုက်သည်ဟူသော အသုံးအနှုန်းများဖြင့် ဆုံးဖြတ်ခြင်း မပြုရ။]

၂၇၃။ သံဃဝိနိစ္ဆယအဖွဲ့ ဝိနိစ္ဆယချမှတ်ရာသို့ လာရောက်သော စောဒက၊ စုဒိတကတို့သည် (ဗုဒ္ဓေန သယံ နိသီဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ- ဝိ၊ ၄၊ ၄။ ၂၀၂။ ဝိ၊ သင်္ဂဟ။ ၃၂၅ ဟူသော ဒေသနာတော်အရ) ဝိနိစ္ဆယရုံးတော်နှင့် ဝိနည်းမိုရ်ဆရာတော်များအား ရိုသေလေးစားစွာ နားထောင်ကြရမည်၊ ဝိနိစ္ဆယဆုံးဖြတ်ချက်အပေါ် မကျေနပ်၍ ထပြန်သွားခြင်း၊ ဝိနည်းမိုရ်ဆရာတော်များအား မချေမင် ပြောဆိုခြင်းများကို ရှောင်ကြဉ်ကြရမည်။

------

## အခန်း (၁၀)

## ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း

၂၇၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနိစ္ဆယ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါက စောဒက/စုဒိတက တို့က အသနားခံလွှာ တင်သွင်းသည်ဖြစ်စေ၊ မတင်သွင်းသည်ဖြစ်စေ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၆ (ဂ)နှင့် အညီ ဆောင်ရွက်ရမည်။ ဝိ-လုပ်ထုံး/၅၆ (ဂ)

၂၇၅။ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် သိမြင်လွယ်၍ လွဲမှားမှုမရှိနိုင်သော မဲပေးပုံစံကို ပြုလုပ်ထားရမည်။

၂၇၆။ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ပယ်ဖျက်လျှင် ဝိနိစ္ဆယအဖွဲ့သစ်ဖြင့် စစ်ဆေးရမည်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို ဖြုတ်ပယ်ခြင်းများ ပြုလုပ်ဆောင်ရွက်မည်ကိုလည်း တပါတည်း ဆုံးဖြတ်ရမည်။ ဝိ-လုပ်ထုံး/၅၆(ဂ)

၂၇၇။ ဆုံးဖြတ်ချက်ကို ဖြုတ်ပယ်ခြင်း ပြုပါက ဖြုတ်ပယ်လိုသည့် အချက်များကို ယင်းအစည်းအဝေးသို့ တင်၍ အတည်ပြုချက်ရယူရမည်။

၂၇၈။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၇(င)အရ ဖွဲ့စည်းသော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဖြစ်လျှင် ပယ်ဖျက်ခြင်း လုံးဝမပြုရ။

၂၇၉။ ဝိနည်းမမွက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်နှင့် ဝိနိစ္ဆယလက်စွဲတွင် မူလကပင် ပျက်ပြယ်ကြောင်း၊ သို့မဟုတ် အလိုအလျောက် ပျက်ပြယ်ကြောင်း အတိအလင်း ဖော်ပြထားခြင်းမရှိ၍ **အဆုံးအဖြတ်ပေးရန် လိုအပ်သည့် မြို့နယ်၊ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးက လျှို့ဝှက်မဲများရာ ဆန္ဒဖြင့် ဆုံးဖြတ်ပေးရမည်။**

## အခန်း (၁၁)

## သံဃဝိနိစ္ဆယဌာနၶ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း စစ်ဆေးနေစဉ် ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၂၈၀။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီကာလၶ အငြင်းပွားသော သာသနိကအဆောက်အအုံနှင့် ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များကို ဖယ်ရှား၍ ချိပ်ပိတ်စေခြင်း၊ သို့မဟုတ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးသို့ အပ်နှံထိန်းသိမ်းစေခြင်း မပြုရ။

၂၈၁။ စာဒက၊ သို့မဟုတ် စုဒိတကသည် အချင်းဖြစ် အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်၏ ပြင်ပၶ နေထိုင်၍ အမှုဆိုင်ပါက သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုရသေးမီကာလၶ ဖြစ်စေ၊ သံဃဝိနိစ္ဆယ ဖွဲ့စည်းစစ်ဆေးနေစဉ်ကာလၶ ဖြစ်စေ အငြင်းပွားအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက် ချိပ်ပိတ်စေခြင်း မပြုရ။

၂၈၂။ စာဒက၊ စုဒိတကတို့သည် အငြင်းပွားအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်းၶ အတူတကွ နေထိုင်လျက်ရှိကြသော်လည်း အချင်းချင်း ပဋိပက္ခ ဖြစ်ပွားမှုကို ရှောင်ကြဉ်၍ အေးချမ်းငြိမ်သက်စွာ နေထိုင်ကြပါမည်ဟု မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် သံဃဝိနိစ္ဆယအဖွဲ့၏ ရှေ့မှောက်ၶ ဝန်ခံကတိ လက်မှတ်ရေးထိုးပါကယင်းအဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ချိပ်ပိတ်စေခြင်း မပြုရ။

၂၈၃။ မူလစာေဒနာလွှာ၌ ဖော်ပြထားသည့် အငြင်းပွားဝတ္ထုတွင် မပါဝင်သော ကျောင်း/ကျောင်းတိုက်/အဆောက်အအုံကို ချိပ်ပိတ်စေခြင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ထိန်းသိမ်းခြင်း မပြုလုပ်ရ။

၂၈၄။ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်နေစဉ် ကာလအတွင်း စာေဒက စုဒိတကတို့သည် အငြင်းပွား အဆောက်အအုံ/ကျောင်း၊ သို့မဟုတ် ကျောင်းတိုက်အတွင်း အတူတကွနေထိုင်လျက် ပဋိပက္ခပြင်းထန်လာ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တို့က ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်နိုင်သည့် အခြေအနေရှိပါကြောင်း တင်ပြလာလျှင် သော်လည်းကောင်း၊ အတူနေ စာေဒက၊ စုဒိတကတို့သည် ပဋိပက္ခဖြစ်ပွားမှုကို ရှောင်ရှား၍ အေးချမ်းစွာ နေထိုင်ပါမည်ဟု ဝန်ခံကတိ လက်မှတ်ရေးထိုးခြင်း မပြုလျှင်သော်လည်းကောင်း၊ အတူနေ စာေဒက၊ စုဒိတကတို့ အချင်းချင်းခိုက်ရန်ဖြစ်ပွားလျှင် သော်လည်းကောင်း အငြင်းပွား အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များ ဖယ်ရှားပေးရေး၊ ယင်း အဆောက်အအုံကျောင်း၊ သို့မဟုတ် ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်လျှင် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်၊ သို့မဟုတ် ပြည်နယ်/တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန် အကြောင်းကြား မေတ္တာရပ်ခံရမည်။

ဝိ-လုပ်ထုံး/၃၁

၂၈၅။ ယင်းအငြင်းပွား အဆောက်အအုံကျောင်း၊ သို့မပဟုတ် ကျောင်းတိုက်မှ ပုဂ္ဂိုလ်များကို ဖယ်ရှားရသည့်အခါ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးသည် အဆောက်အအုံ ကျောင်းသုံးပရိဘောဂ ပစ္စည်းစာရင်း သစ်ပင်ပန်းပင်စာရင်းများကို ပြုစု၍ ထိန်းသိမ်းထားရမည်၊ ယင်းစာရင်း တစ်စောင်စီကို စာေဒက၊ စုဒိတကနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့ထံ ပေးအပ်ရမည်။ ဝိ/လုပ်ထုံး/၃၂၊ ၃၃

၂၈၆။ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဝိနည်းမဲ့မှုကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၃၃)ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန်နှင့် လက်ရှိပုဂ္ဂိုလ်က ထိန်းသိမ်းစောင့်ရှောက်ရန် ငြင်းဆန် မှသာလျှင် ယင်းပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး က ထိန်းသိမ်းစောင့်ရှောက်ရမည်။

၂၈၇။ စောဒက၊ စုဒိတကနှစ်ဘက်တို့ ပဋိပက္ခဖြစ်ပွားသဖြင့် ငြိမ်ဝပ် ပိပြားမှုကို ထိခိုက်ရန်အကြောင်းရှိ၍ အချိန်မီတားဆီးနိုင်ရန် အတွက် အဆောက်အအုံကို ချိပ်ပိတ်ခြင်း၊ ပုဂ္ဂိုလ်များအား ဖယ်ရှားခြင်း၊ ပစ္စည်း အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကို သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ သံဃနာယက အဖွဲ့၏ အကြောင်းကြားစာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆောင်ရွက် နိုင်သည်။

၂၈၈။ အပိုဒ် ၂၈၇-အရ ဆောင်ရွက်ချက်ကို ယင်းသို့ ဆောင်ရွက်ပြီး နောက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ မိမိ၏ဆောင်ရွက်ချက်ကို တင်ပြလျှောက်ထားရမည်။

၂၈၉။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းမဲ့မှုကံအဓိကရုဏ်းမှုခင်း စစ်ဆေး နေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်း စောင့် ရှောက်ရန်အတွက် အဆုံးအဖြတ်ပေးရန် လိုအပ်ပါက ထိန်းသိမ်းစောင့် ရှောက်ရန် ကြားဖြတ် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

၂၉၀။ သံဃဝိနိစ္ဆယအဖွဲ့၏ ကြားဖြတ် ဆုံးဖြတ်ချက်ကို ဝိနည်းမဲ့မှုကံ အဓိကရုဏ်းမှုခင်းများ ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း များအရ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးက အလျင်အမြန် ဆောင်ရွက်ပေးရမည်။

------

# အခန်း (၁၂)

## သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း

၂၉၁။ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်းမှတစ်ပါး အခြားသော သံဃဝိနိစ္ဆယ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၂၉၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် **မူရင်းနှင့်အမှုတွဲအပြည့်အစုံကို** ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သို့ ပေးပို့၍ ဆောင်ရွက်ချက် အပြည့်အစုံကို တင်ပြအစီရင်ခံရမည်။

၂၉၃။ **ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည်** မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကိုမူ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်စေရန် ဆုံးဖြတ်ချက်မူရင်းနှင့်တကွ ပြည်နယ်/တိုင်း သာသနာရေးမှူးသို့ အကြောင်းကြားရမည်။

၂၉၄။ သတ်မှတ်ခွင့်ပြုထားသော အယူခံရက် ကုန်ဆုံးသော်လည်း အယူခံဝင်ရောက်ခြင်း မရှိသော အမှုများကို ချက်ချင်းအကောင်အထည်ဖော်ခြင်း မပြုရ၊ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် အယူခံဝင်ရောက်ခြင်း မရှိကြောင်းကို ဖော်ပြလျက် အမှုတွဲနှင့်တကွ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့အစီရင်ခံရမည်။

၂၉၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျ အဖွဲ့ခွဲသည် အယူခံပြီးပြတ်သော အမှုများကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၆(ဂ) အရ ဆောင်ရွက်ဖွယ်ရှိ-မရှိ စိစစ်၍ အပိုဒ် ၅၆ (ဂ) အရ ဆောင်ရွက်ဖွယ် မရှိပါက ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ညွှန်ကြားရမည်။

၂၉၆။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့အား ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားရာတွင် "ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲတို့နှင့်အညီ လိုအပ်သလို အကောင်အထည်ဖော် ဆောင်ရွက်ရန်"ဟုသာ ဖော်ပြညွှန်ကြားရမည်။ ဝိနိစ္ဆယဆုံးဖြတ်ချက် အပေါ် တစ်စုံတစ်ရာ စိစစ်ဝေဖန်ခြင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖြည့်စွက်ညွှန်ကြားခြင်း စသည်မပြုလုပ်ရ။

၂၉၇။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးအား ညွှန်ကြားရမည်။

၂၉၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်မှု ရှိစေရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အား မေတ္တာရပ်ခံရမည်။

၂၉၉။ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် အမှုသည်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အသနားခံလွှာ တင်သွင်းထားသည်ဟူသော အကြောင်းကြောင့် ရပ်ဆိုင်းထားခြင်း မပြုရ။

၃၀၀။ သက်ဆိုင်ရာ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အကောင်အထည်ဖော် ဆောင်ရွက်ရန် မဖြစ်နိုင်သော အခြေအနေမျိုး မရှိလျှင် ပြည်နယ်/တိုင်း သာသနာရေးမှူးအား အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူညီချက်ပေး၍ လိုအပ်သော အကူအညီများကို လည်း ပေးရမည်။

၃၀၁။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်သည် ရှင်းလင်းတိကျမှုမရှိ၍ မည်သို့ ဆောင်ရွက် ရမည်ကို လမ်းညွှန်မှုတောင်းခံလိုပါက နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်၊ မိတ္တူကို သက်ဆိုင်ရာ သံဃ နာယကအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့နိုင်သည်။

၃၀၂။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရှင်းလင်းတိကျမှုမရှိ၍ အကောင်အထည်ဖော်ရန် ခက်ခဲသဖြင့် လမ်းညွှန်မှုတောင်းခံလာပါက အနီးကပ်ဆုံး အပတ်စဉ် အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် စီရင်ချက် နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆို ပြန်ကြား လမ်းညွှန်ပေးရမည်။

၃၀၃။ ဝိနိစ္ဆယဆုံးဖြတ်ချက် အကောင်အထည်ဖော်ရာတွင် ကြန့်ကြာမှု မရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများသည် အကြောင်း ကြားစာ၊ ညွှန်ကြားစာ ရသည်မှ ၇-ရက်အတွင်း စတင်ဆောင်ရွက်ကြရမည်။

၃၀၄။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရှင်းလင်းပြတ်သားသော အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်ကို ထုတ်ပြန်၍ သက်ဆိုင်သူထံ အရောက်ပို့ပေးရမည်။

၃၀၅။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် အမိန့်/ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ရန် မလိုဘဲ အလွယ်တကူ လိုက်နာပြီးစီးခြင်း ဖြစ်ပါက မည်သို့ အကောင်အထည်ဖော်ပြီးသည်ကို အစီရင်ခံရမည်။

၃၀၆။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် အမိန့်/ညွှန်ကြားချက် ကို မလိုက်နာသော ပုဂ္ဂိုလ်အား ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

၃၀၇။ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် ဝိနိစ္ဆယဆုံးဖြတ်ချက် အကောင်အထည်ဖော် ပြီးစီးမှု၊ သို့မဟုတ် ကြန့်ကြာနေမှုကို အခါအား လျော်စွာ သာသနာရေးဦးစီးဌာနသို့ အစီရင်ခံ၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ မိတ္တူပေးပို့ရမည်။

၃၀၈။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော်တစ်ရပ် လုံးနှင့် သက်ဆိုင်သော ဓမ္မ၊ အဓမ္မစသည် အငြင်းပွားသည့် မှုခင်းများကို ဖွဲ့စည်းဆုံးဖြတ်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဆုံးဖြတ်ချက် ကို အကောင်အထည်ဖော်ရာတွင် ပဋိညာဉ်ပြုခြင်း စသည်ကို မိမိအဖွဲ့က တိုက်ရိုက်ဆောင်ရွက်ခြင်း၊ သံဃနာယကအဖွဲ့များအား ညွှန်ကြားလွှာ ထုတ်ပြန်ညွှန်ကြားခြင်း ပြုလုပ်ရမည်။

၃၀၉။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့က ဆုံးဖြတ်ထားသော အဓမ္မဝါဒကို မပြန့်ပွားစေရန် လိုအပ်သလို အမိန့်ထုတ်ပြန် တားဆီးနိုင်ရေးအတွက် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ပူးတွဲပေးပို့ မေတ္တာ ရပ်ခံရမည်။

------

## အခန်း (၁၃)

## သီးခြားသံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များ

၃၁၀။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့နှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်သည် -

(က) မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့

(ခ) သီးခြားသံဃဝိနိစ္ဆယအဖွဲ့၊ ဝိ-လုပ်ထုံး / ၅၇ (က)

(ဂ) နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၊ ဝိ-လုပ်ထုံး/၅၇(ဂ)

(ဃ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၊ ဝိ-လုပ်ထုံး/၅၆(ဃ)၊ ၅၇(င)

### မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၁၁။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၄၇ (ခ) ညွှန်ကြားလွှာ-၇၅ တို့အရ စောဒနာလာပါက အကျဉ်း နည်းဖြင့် စစ်ဆေးဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သံဃ နာယကအဖွဲ့က သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက် ရမည်။

၃၁၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းရာတွင် မြို့နယ်ဝိနည်းဓိုရ်စာရင်းမှ ရွေးချယ်စဉ်အရဖြစ်စေ၊ ရွေးချယ်စဉ်အရ မဟုတ်ဘဲဖြစ်စေ သင့်လျော်သလို ဖွဲ့စည်းနိုင်သည်။

၃၁၃။ မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့သည် အကျဉ်းနည်းအားဖြင့် ၃-ရက်အတွင်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့်အညီ စစ်ဆေးဆုံးဖြတ်ချက် ချမှတ်ရမည်။ ဝိ-လုပ်ထုံး/၄၇(ဂ)

၃၁၄။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သီးခြား သံဃဝိနိစ္ဆယ အဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ချက် အပြည့်အစုံကို အမှုတွဲနှင့်တကွ **ပြည်နယ်/ကိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့အစီရင်ခံရမည်။**

၃၁၅။ မြို့နယ်သံဃနာယကအဖွဲ့သည် ပါရာဇိကလောက်သော အနုဝါဒါ ဓိကရုဏ်းမှုကို မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ် စေခြင်း မပြုရ။

## သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၁၆။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်/နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် တစ်ပါးပါးသည် အန္တိမဝတ္ထုဖြင့် စွပ်စွဲခံရသော စုဒိတက ဖြစ်လျှင် မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/ တိုင်း သံဃနာယက အဖွဲ့များက လက်ခံဆောင်ရွက်ခြင်း မပြုရ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကသာ လက်ခံဆောင်ရွက်ရမည်။ ဝိ-လုပ်ထုံး / ၅၇ (က)

၃၁၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျအဖွဲ့ခွဲသည် အပိုဒ် (၃၁၆)အရ လက်ခံဆောင်ရွက်သော အနုဝါဒါဓိကရုဏ်းမှုကို ဝိနည်းဓမ္မ ကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၅၇ (က) အရ သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ကို ပုံစံ (၁၆)ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။ ဝိ-လုပ်ထုံး / ၅၇ (က)

၃၁၈။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် မူလမှု ဖြစ်သည့်အားလျော်စွာ စောဒက၊ စုဒိတကနှင့် နှစ်ဖက်သက်သေများကို ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်း၊ ဝိနိစ္ဆယလက်စွဲတို့နှင့်အညီ ခေါ်ယူစစ်ဆေးဆုံးဖြတ်ရမည်။

၃၁၉။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်သော စောဒက/စုဒိတကသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အယူခံ ဝင်ရောက်နိုင်သည်။

## နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယအဖွဲ့

၃၂၀။ သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံ ဝင်ရောက်လာပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အလျှဉ့်ကျ အဖွဲ့ခွဲသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း ၅၇ (ဂ)နှင့်အညီ နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ကို သတ်မှတ်ထားသော ပုံစံ (၁၈)ဖြင့် ဖွဲ့စည်း ပေးရမည်။ ဝိ-လုပ်ထုံး / ၅၇ (ခ)

၃၂၁။ နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံ စောဒနာဝင်ခွင့် မရှိစေရ။ ဝိ-လုပ်ထုံး /၅၆ (က)

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

၃၂၂။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အောက်ဖော်ပြပါ နိုင်ငံ တော် သီးခြားဝိနည်းဓိုရ်အဖွဲ့များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့်သာ ဖွဲ့စည်းရမည် -

(က) ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အပိုဒ်-၅၆ (ဃ)အရ သတ်မှတ်ထားသော ပုံစံ (၁၅)ဖြင့် ဖွဲ့စည်းသော နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့။

(ခ) ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၅၇ (င)အရ သတ်မှတ်ထားသော ပုံစံ (၁၉)ဖြင့် ဖွဲ့စည်းသော နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့။

------

## အခန်း (၁၄)

## ဝိနည်းဓိုရ်များ ရွေးချယ်တင်မြှောက်ခြင်း

၃၂၃။ ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ ရွေးချယ်ခြင်းကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အခန်း (၃)တွင် သတ်မှတ်ပြဋ္ဌာန်းထားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၂၄။ မြို့နယ်သံဃနာယကအဖွဲ့သည် ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ ရွေးချယ်ခြင်းကို မိမိအဖွဲ့ စုံညီကြီးကြပ်၍သော်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် အနည်းဆုံး ၃-ပါး ပါဝင်သောကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍သော် လည်းကောင်း ဆောင်ရွက်နိုင်သည်။

၃၂၅။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အချိုးကျ ခွဲဝေဖွဲ့စည်းသည့် စနစ်ကို အသုံးမပြုဘဲ ဝိနည်းဓိုရ်ဂုဏ်အင်္ဂါနှင့် ညီညွတ်၍ စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ကြရေးအတွက် တိုက်တွန်းဆောင်ရွက်ရမည်။

၃၂၆။ ရွေးချယ်စဉ်အလိုက် ပုံစံ (၂)တွင် ရေးသွင်းရမည်ဖြစ်ရာ ဝိနိစ္ဆယလုပ်ငန်းကို ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ ရွေးချယ်စဉ်နံပါတ်တွင် မျှမျှတတ ပါဝင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

၃၂၇။ မြို့နယ်သံဃနာယကအဖွဲ့၊ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် အရည်အချင်းရှိသော ဝိနည်းဓိုရ်များရရှိအောင် ကြီးကြပ်ဆောင်ရွက်ရမည်၊ အရည်အချင်းပြည့်မီသော အရေအတွက် လုံလောက်အောင် မရ

ရှိပါက ရရှိသော အရေအတွက် အချိုးအစား ပြည့်မီအောင် ဖွဲ့စည်းပေးရန် မလိုဘဲ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၃)တွင် အများဆုံး သတ်မှတ်ထားသော အရေအတွက်အောက် လျှော့နည်း၍ ဖွဲ့စည်းနိုင်သည်။

၃၂၈။ ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ၏ သက်တမ်းသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ သက်တမ်းအတိုင်း ဖြစ်သည်။

## အစားထိုး ရွေးချယ်ခြင်း

၃၂၉။ မြို့နယ်သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ်များ လစ်လပ်ပါက လစ်လပ်သော ဝိနည်းဓိုရ်ဆရာတော်၏ နေရာတွင် အစားထိုး ရွေးချယ်ပွဲကို မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ပြုလုပ်ရမည်။

ဝိ-လုပ်ထုံး /၁၉

၃၃၀။ အစားထိုး ရွေးချယ်ရာတွင် သံဃာ့ဝန်ဆောင် ဆရာတော် (၇၅) ရာခိုင်နှုန်း အစည်းအဝေး တက်ရောက်မှသာ အထမြောက်သည်။

၃၃၁။ ရွေးချယ်ခံရသော ဝိနည်းဓိုရ်ဆရာတော်၏ ရွေးချယ်စဉ် အမှတ်မှာ လစ်လပ်သွားသော ဝိနည်းဓိုရ်ဆရာတော်၏ ရွေးချယ်စဉ် အတိုင်း သတ်မှတ်ပေးရမည်။

## အဆင့်တူ ဝိနည်းဓိုရ် သတ်မှတ်ခြင်း

၃၃၂။ သီးခြားဂိုဏ်းများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၈)တွင် ဖော်ပြထားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသော ဝိနည်းဓိုရ်များကို သတ်မှတ်ထားသော ပုံစံ (၂)တွင် ဖြည့်သွင်း၍ အဆင့်တူ ဝိနည်းဓိုရ်များအဖြစ် သတ်မှတ်နိုင်သည်။

၃၃၃။ သီးခြားဂိုဏ်းများသည် အဆင့်တူ သတ်မှတ်ထားသော ဝိနည်းဓိုရ်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးအား မိတ္တူပေးပို့ရမည်။

## ဝိနည်းဓိုရ်ပြန်တမ်း ထုတ်ပြန်ခြင်း

၃၃၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်းနှင့် မြို့နယ်ဝိနည်းဓိုရ်များ၏ ဘွဲ့အမည်စာရင်းကို ပြန်တမ်းထုတ်ပြန်ရမည်။

၃၃၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြို့နယ်တစ်ခုချင်းအလိုက် ပြန်တမ်း ထုတ်ပြန်နိုင်ခြင်း မရှိသေးပါက သင့်လျော်သောရက်ကို သတ်မှတ်၍ ရွေးချယ်အတည်ပြုထားသော မူလရွေးချယ်စဉ်အတိုင်း အတည်ပြုကြောင်း ပြန်တမ်း ထုတ်ပြန်နိုင်သည်။ တစ်မြို့နယ်ချင်း အတည်ပြုပြန်တမ်းကိုလည်း ထုတ်ပြန်ရမည်။

၃၃၆။ မြို့နယ် သံဃနာယကအဖွဲ့သည် အစားထိုးရွေးချယ်သော ဝိနည်းဓိုရ်စာရင်းကို ရွေးချယ်စဉ်နှင့်တကွ ဖော်ပြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည်။

၃၃၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့က ပေးပို့သော အစားထိုးရွေးချယ်ခံရသည့် ဝိနည်းဓိုရ်ဘွဲ့အမည်စာရင်းကိုလည်း အတည်ပြု ပြန်တမ်းထုတ်ပြန်ပေးရမည်။

၃၃၈။ မြို့နယ် သံဃနာယကအဖွဲ့သည် ဝိနည်းဓိုရ် လစ်လပ်နေချိန်တွင်သော်လည်းကောင်း၊ အစားထိုး ရွေးချယ်ပြီးသော်လည်း ပြန်တမ်းထုတ်ပြန်ခြင်း မပြုရသေးချိန်တွင်သော်လည်းကောင်း သံဃဝိနိစ္ဆယအဖွဲ့ဖွဲ့စည်းရန် ပေါ်ပေါက်လာပါက လစ်လပ်နေသော အမှတ်စဉ်ကို ကျော်၍ သံဃဝိနိစ္ဆယဖွဲ့စည်းခြင်း ပြုနိုင်သည်။

**အရည်အချင်း ပျက်ယွင်းခြင်း**

၃၃၉။ ဝိနည်းဓိုရ်စာရင်းဝင် ဆရာတော်တစ်ပါးပါးသည် လုပ်ထုံးအပိုဒ်(၁၇)တွင် ဖော်ပြထားသည့် (က)မှ (တ)အထိ အကြောင်း တစ်ခုခုကြောင့် အရည်အချင်း ပျက်ယွင်းကြောင်း ထင်ရှားလျှင် ဝိနည်းဓိုရ်အဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်ရမည်။ ဝိ-လုပ်ထုံး/၁၇

၃၄၀။ ပြည်နယ်/တိုင်း/မြို့နယ် ဝိနည်းဓိုရ်ဆရာတော်များနှင့် ပတ်သက်၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်(၁၇)ပါ အရည်အချင်း ပျက်ယွင်းမှုရှိခဲ့သော် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သည် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြရမည်။ ဝိ-လုပ်ထုံး/၁၈ (က)

၃၄၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာမြို့နယ်သံဃနာယကထံမှ တင်ပြစာရရှိပါက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်(၁၇)၊ အပိုဒ်ခွဲ(ဈ) (ည) (ဋ) (ဌ) (ဍ)မှတစ်ပါး အခြားပျက်ယွင်းခြင်းဖြစ်ပါက လက်ခံစိစစ်ပြီး မှန်ကန်ပါက ဝိနည်းဓိုရ်စာရင်းမှ ပယ်ဖျက်ရမည်။ ဝိ-လုပ်ထုံး/(ခ)

**နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များ**

၃၄၂။ နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များမှာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များဖြစ်သဖြင့် အထူးရွေးချယ်ရန် မလို။

၃၄၃။ နိုင်ငံတော်အဆင့် ဝိနည်းဓိုရ်များကို အမှုကိစ္စရပ်အလိုက် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၆(ခ)အရ အခါအားလျော်စွာ ဖွဲ့စည်း၍ ပြန်တမ်းများ ထုတ်ပြန်ရမည်။

၃၄၄။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၀)အရ ကန့်သတ်တားမြစ်ထားသော ဆရာတော်များအား ဝိနည်းဓိုရ်အဖြစ် ရွေးချယ်ခြင်း မပြုရ။

၃၄၅။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း အပိုဒ်(၁၇)၊ အပိုဒ်ခွဲ (ဈ) (ည) (ဋ) (ဌ) (ဍ)အရ ပျက်ယွင်းခြင်းဖြစ်ခဲ့လျှင် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသော ဝိနည်းမိုရ်ဆရာတော်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေရမည်။ ဝိ-လုပ်ထုံး/၁၈(ခ)

၃၄၆။ စစ်ဆေးရေးအဖွဲ့က စစ်ဆေးသည့် ဆုံးဖြတ်ချက် အစီရင်ခံစာအရ စွပ်စွဲသည့်အတိုင်း အရည်အချင်းပျက်ယွင်းကြောင်း ထင်ရှားပါက ဝိနည်းမိုရ်စာရင်းမှ ပယ်ဖျက်ရမည်။

၃၄၇။ ဝိနည်းမိုရ်ဆရာတော်အား ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ် (၁၇) (၁၈)အရ အရည်အချင်း ပျက်ယွင်းမှုကြောင့် ဝိနည်းမိုရ်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံစာ တင်ပြပြီး မိတ္တူများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ရမည်။
ဝိ-လုပ်ထုံး/၁၈(ဂ)

------

# အခန်း(၁၅)

## ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသောမှုခင်း

၃၄၈။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသောမှုခင်းများ အနက် အနုဝါဒါဓိကရဏ်းမှုခင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃ နာယကအဖွဲ့များက လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃဝိနိစ္ဆယဖွဲ့စည်း ဆောင်ရွက်ရမည်။ ဝိဝါဒါ ဓိကရဏ်းမှုခင်းများကို ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်းများ အပိုဒ်(၂၄)အရ သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့များက စောဒနာလွှာ, သောဓနာလွှာကို စိစစ်လက်ခံ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ သံဃဝိနိစ္ဆယအဖွဲ့ လျာထားဆောင်ရွက်နိုင် ရန် လွှဲပြောင်းပေးပို့ရမည်။ ဝိ-လုပ်ထုံး/၂၄(ခ)

**အနုဝါဒါဓိကရဏ်း**

၃၄၉။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ဖြစ်ပွားသော အနုဝါဒါဓိ ကရဏ်းမှု (အာဇီဝဝိပ္ပတ္တိ၊ အာစာရဝိပ္ပတ္တိအမှုများ အပါအဝင်)ကို သက်ဆိုင်ရာမြို့နယ်ရှိ သက်ဆိုင်ရာ ဂိုဏ်းသံဃနာယကအဖွဲ့က အမှုကို လက်ခံပြီး သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၅၀။ သက်ဆိုင်ရာ အစိုးရဌာနသည် ပထမပါရာဇိကနှင့်ပတ်သက်၍ တိုင်ကြားစာရရှိလျှင် ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သတင်းရရှိခြင်းနှင့် သက်သေများ စုဆောင်းခြင်း၊

(ခ) သက်သေခိုင်လုံပါက ဝတ္ထုသည်မကို စစ်ဆေးခြင်း၊

(ဂ) ဝတ္ထုသည်မက ဝန်ခံထွက်ဆိုပါက သက်ဆိုင်ရာ စုဒိတက ရဟန်းကို စစ်ဆေးခြင်း၊

(ဃ) ဝတ္ထုသည်မနှင့် ဓုဒိတကတို့က ဝန်ခံထွက်ဆိုပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ လျှောက်ထား၍ ဝန်ခံလက်မှတ်ရေးထိုး ပရိသုဒ္ဓိပြု လူဝတ်လဲစေခြင်း၊

(င) ဝတ္ထုသည်မက ဝန်ခံ၍ သက်သေ အထောက်အထား ခိုင်လုံပါလျက် ဓုဒိတကရဟန်းက ဝန်မခံလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

၃၅၁။ သက်ဆိုင်ရာမြို့နယ်တွင် သက်ဆိုင်ရာဂိုဏ်း၏ သံဃနာယကအဖွဲ့ မရှိလျှင် သုမ္မောသံဃနာယကအဖွဲ့က အမှုကို စိစစ်လက်ခံပြီး သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း ပြုရမည်။

၃၅၂။ ပြည်နယ်/တိုင်းအဆင့်သို့ အယူခံ ဝင်ရောက်ရာတွင် မူလမှုခင်းကို လက်ခံစစ်ဆေးသော မြို့နယ်သံဃနာယကအဖွဲ့နှင့် ဂိုဏ်းတူ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့က အယူခံဝင် စောဒနာလွှာကို စိစစ်လက်ခံ၍ တိုင်းအဆင့် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၅၃။ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ ဝင်ရောက်နိုင်သည်။

**ဝိဝါဒါဓိကရုဏ်းမှု**

၃၅၄။ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုခင်းကို သက်ဆိုင်ရာမြို့နယ်ရှိ သက်ဆိုင်ရာ ဂိုဏ်းသံဃနာယကအဖွဲ့က စောဒနာလွှာ, သောဓနာလွှာတွင် လိုအပ်သော အချက်အလက်များ စုံလင်စွာ ပါ-မပါ စိစစ်လက်ခံပြီး အမှုတွဲကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ သက်ဆိုင်ရာ သာသနာရေးမှူး၏ အကူအညီဖြင့် ပေးပို့ရမည်။

၃၅၅။ သက်ဆိုင်ရာမြို့နယ်၌ သက်ဆိုင်ရာဂိုဏ်း၏ သံဃနာယကအဖွဲ့ မရှိလျှင် သုဓမ္မာသံဃနာယကအဖွဲ့က စောဒနာလွှာ, သောဓနာလွှာ စသည်တို့ကို စိစစ်လက်ခံပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ပေးပို့ရမည်။

၃၅၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အပိုဒ် ၃၅၄၊ ၃၅၅တို့အရ ပေးပို့လာသော အမှုတွဲကို ပြည့်စုံမှု ရှိ-မရှိ စိစစ်လက်ခံ၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၄(ခ)အရ ဂိုဏ်းပေါင်းစုံပါဝင်သော ဝိနည်းဓိုရ်ဆရာတော်များကို ရွေးချယ်လျာထားပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးပို့၍ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားရမည်။

## အခန်း(၁၆)

## အထွေထွေ

၃၅၇။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုဖြင့် စွဲဆိုလိုသော စောဒကသည် သက်ဆိုင်ရာ မြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့ မရှိလျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၌ စွဲဆိုနိုင်သည်။

၃၅၈။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အပိုဒ်(၃၅၇)အရ စွဲဆိုလာသော အမှုကို မိမိတို့ ပြည်နယ်/တိုင်း အတွင်းရှိ နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့အား သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် အမှုတွဲကို လွှဲပြောင်း ပေးအပ်ဆောင်ရွက်စေရမည်။

၃၅၉။ သက်ဆိုင်ရာ မြို့နယ်တွင် သံဃနာယကအဖွဲ့ရှိသော်လည်း ဝိနည်းဓိုရ် မရှိလျှင်၊ သို့မဟုတ် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းနိုင်လောက်အောင် ဝိနည်းဓိုရ် မရှိလျှင် သံဃနာယကအဖွဲ့သည် အမှုကို စိစစ်လက်ခံပြီး ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အခြေအနေကို လျှောက်ထား၍ အမှုတွဲကို လွှဲပြောင်း ပေးပို့ရမည်။

၃၆၀။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့သည် အပိုဒ် (၃၅၉)အရ လွှဲပြောင်းပေးပို့လာသော အမှုတွဲကို စိစစ်လက်ခံ၍ မိမိ ပြည်နယ်/တိုင်း အတွင်းရှိ နီးစပ်သင့်တော်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် အမှုတွဲကို လွှဲပြောင်းပေးပို့ ဆောင်ရွက်စေရမည်။

၃၆၁။ သာသနာရေးဆိုင်ရာ ပစ္စည်းများကို လူပုဂ္ဂိုလ်/လူပုဂ္ဂိုလ် အဖွဲ့အစည်းက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်-၃၇(ဆ)အရ စောဒကပြုလုပ်၍ စွဲဆိုရာတွင် သံဃိကပိုင်အဖြစ် ဆုံးဖြတ်ပေးရန် စွဲဆိုသော စောဒနာလွှာဖြစ်ပါက လက်ခံခြင်း မပြုရ။ ရက္ခကဂေါပကအဖြစ် စွဲဆို ခြင်း ဖြစ်ပါက လက်ခံရမည်။

၃၆၂။ သာသနာ့မြေ ပြင်ပ၌ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း ဘဏ္ဍာများကို တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည် ပြောင်းခြင်းများ မပြုလုပ်ရသေး၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ်(၆၀)အရ ပယ်ချခြင်း ခံရသော် လည်း တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည် ပြောင်းခြင်းများ ပြုလုပ်ပြီး သောအခါ အသစ်တစ်ဖန် စွဲဆိုခွင့်ရှိသည်။

၃၆၃။ သံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၂(ဃ)အရ စီရင်ဆုံးဖြတ်ချက်ကို ဖျက်ခြင်း၊ ပြင်ခြင်းစသည် လုပ်နိုင်ခွင့် မရှိ။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို ထိခိုက်ခြင်းမရှိသော လုပ်ထုံး လုပ်နည်းဆိုင်ရာ လိုအပ်ချက်များကို အယူခံမှု လက်ခံသော သံဃနာယက အဖွဲ့က တောင်းခံလာပါက ချို့ယွင်းချက်၊ လိုအပ်ချက်များကို ပုံစံကျ အောင် သဘာပတိဆရာတော်က ပြုပြင်ပေးရမည်။

၃၆၄။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ်များကို စောဒက, စုဒိတကများသည် တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဖြစ်ပေါ်လာသော နစ်နာမှုများအတွက် မိမိတို့တာဝန်ဟု မှတ်ယူရမည်။

၃၆၅။ ကာလစည်းကမ်းသတ်ရက်ကို ရေတွက်ရာတွင် သံဃဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက်ချသည့်ရက်ကို ထည့်သွင်း ရေတွက်ရမည်။

၃၆၆။ သတ်မှတ်ထားသော ရက်ပြည့်သည့်နေ့ ရုံးဖွင့်ချိန်အတွင်း (ညနေ ၄-နာရီ ၃၀-မိနစ်)ကာလကို နောက်ဆုံး အချိန်အဖြစ် သတ်မှတ်ရမည်။

၃၆၇။ ကာလစည်းကမ်းသတ်ရက် ကုန်ဆုံးပြည့်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်နေပါက ယင်းရုံးပိတ်ရက်နှင့် ကပ်လျက်ရှိသော ပြန်လည်ရုံးဖွင့်ရက်ကို ကာလစည်းကမ်းသတ် ပြည့်မြောက်သည့် နောက်ဆုံးနေ့ဟု မှတ်ယူရမည်။

၃၆၈။ သံဃနာယကအဖွဲ့ အဆင့်ဆင့်အတွက် သတ်မှတ်ထားသော ကာလစည်းကမ်းသတ် ရက်လွန်ခြင်းများကြောင့် ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ထိခိုက်ပျက်ပြားခြင်း မရှိစေရ။ ရက်လွန်ရခြင်းအကြောင်းကို ပြည့်စုံစွာ ဖော်ပြ၍ အထက်သံဃနာယကအဖွဲ့သို့ အစီရင်ခံရမည်။

၃၆၉။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း၌ သံဃဝိနိစ္ဆယဖွဲ့စည်း ဆုံးဖြတ်ခြင်း ပြုရာတွင် ကုန်ကျစရိတ် ကျခံသုံးစွဲနိုင်ရန်အတွက် မြို့နယ် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၊ ပြည်နယ်/တိုင်း ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့များ၊ သို့မဟုတ် အမှုစစ်ဆေးနိုင်ရန် တာဝန်ခံ ဆောင်ရွက်ပေးသော ဥပဋ္ဌာကမှူး/သာသနာရေးမှူးသည် သံဃဝိနိစ္ဆယအဖွဲ့ မဖွဲ့စည်းမီ စောဒက, စုဒိတကတို့မှ အလှူငွေများ သတ်မှတ်ကောက်ခံဆောင်ရွက် နိုင်သည်။ ဝိ-လုပ်ထုံး/၆၁

၃၇၀။ ယင်းသို့ အလှူခံရာတွင် စုဒိတကထံမှ စေတနာအလျောက် လှူဒါန်းငွေကို ကောက်ခံရန်နှင့် လိုအပ်သော ငွေအားလုံးကို စောဒက ထံမှ အလှူငွေ ကောက်ခံဆောင်ရွက်ရမည်။

၃၇၁။ အနုဝါဒါဓိကရုဏ်းအတွက် အလှူခံရာ၌ သက်ဆိုင်ရာသာသနာ ရေးမှူးက အမှုအလိုက် ချင့်ချိန်၍ သင့်လျော်သလို အလှူငွေကောက်ခံ ရမည်။ ပထမပါရာဇိက အနုဝါဒါဓိကရုဏ်းမှုတွင် ဝတ္ထုသည်မကိုယ်တိုင် စွဲဆိုပါက အလှူငွေ မကောက်ခံရ။

၃၇၂။ သံဃဝိနိစ္ဆယအဖွဲ့သည် အမှုစစ်ဆေးနေစဉ်အတွင်း အကြောင်း တစ်ခုခုကြောင့် မှုခင်းစစ်ဆေးခြင်းကို ဆိုင်းငံ့ပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သို့ လမ်းညွှန်မှုတောင်းခံရပါက လမ်းညွှန်မှုတောင်းခံသည့်

နေ့မှ လမ်းညွှန်ချက် ပြန်ကြားစာ ရရှိသည့်နေ့အထိ အဆိုပါရက်များကို ထုတ်ပယ်၍ ကာလစည်းကမ်းသတ်ရက်ကို ရေတွက်သတ်မှတ်ရမည်။

၃၇၃။ သံဃဝိနိစ္ဆယအဖွဲ့ကို ဝိနိစ္ဆယချမှတ်ပြီး သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အမှုတွဲလွှဲအပ်သည့်နေ့မှစ၍ ဖျက်သိမ်းပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၃၇၄။ အနုဝါဒါဓိကရဏ်းမှုခင်းဖြင့် စွဲဆိုရာ၌ အဆုံးအဖြတ်ခံရမည့် ရဟန်းကို စုဒိတကအဖြစ်ထား၍ စွဲဆိုစစ်ဆေး ဆုံးဖြတ်ရမည်။

၃၇၅။ ပိနည်းမမွက်အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲအရ မရှင်းလင်းသောအချက်များနှင့် အဆုံးအဖြတ်ပေးရန် လိုအပ်သော အခြားအချက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရမည်။

၃၇၆။ သံဃဝိနိစ္ဆယအဖွဲ့များသည် စစ်ဆေးသုံးသပ် ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေရန် နောက်ဆက်တွဲပါ ဖော်ပြချက်များကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်သည်။

------

# နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က)

## (က) နေဝသုဒ္ဓ နာသုဒ္ဓရှင်းလင်းချက်

နေဝသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်မရှင်းလင်းသဖြင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက အဓိပ္ပာယ်ရှင်းလင်းပေးပါရန် လျှောက်ထားခဲ့ရာ ပထမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ပဉ္စမအစည်း အဝေးဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးထံပြန်ကြားပြီးနောက် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့စတုတ္ထအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့ သော နေဝသုဒ္ဓ-နာသုဒ္ဓ ရှင်းလင်းချက်မှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်-

(၁) နေဝသုဒ္ဓနာသုဒ္ဓနှင့်စပ်လျဉ်း၍ ရှေးဦးစွာ နေဝသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ပုံကို ပါရာဇိကဏ် အဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာတို့နှင့်အညီ ပြဆိုပါဦးမည်။

(၂) အာပတ္တာဓိကရုဏ်းတစ်ရပ်၌ စောဒကပုဂ္ဂိုလ် စုဒိတက ပုဂ္ဂိုလ်ဟု ရှိစမြဲပင်ဖြစ်ရာ ဤအဓိကရုဏ်း၌ စောဒက ပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ဖြစ်ရုံမက ပညာလည်းရှိ၍ ဝိနည်းကျမ်းဂန်၌လည်း လိမ္မာကျွမ်းကျင်သည်။ မိမိ၏ မြင်မှု၊ ကြားမှုအပေါ်၌ အမှန်အတိုင်းလည်း စောဒနာသည်၊ သို့သော် စုဒိတကပုဂ္ဂိုလ်သည်ကား လဇ္ဇီပုဂ္ဂိုလ် ဖြစ်၍ "ဤကိစ္စ၌ ကျူးလွန်မှုမရှိ၊ ဤကိစ္စသည် မဟုတ်မမှန်"ဟုသာ ငြင်းဆိုလျက် ရှိသည်။ ဝန်ခံချက် (ပဋိညာဉ်) မပေးဘဲ နေသည်။ ထိုအခါ "ပဋိညာယ

ကာရေတဂ္ဂံ” ဟူသော မြတ်စွာဘုရား ဒေသနာတော်အရ အသုဒ္ဓ (ပါရာဇိကသို့ ရောက်ချေပြီ)ဟု တိုက်ရိုက်ဆုံးဖြတ်ခြင်း မပြုနိုင်ချေ။ ဗဟူသုပိ ဝတ္ထုပြုသု ဥပ္ပန္နေသု-အရ ပါရာဇိက အာပတ်သို့ရောက်နေသည့် သက်သေခံ အထောက်အထား မြောက်မြားစွာရှိနေလင့်ကစား နေဝသုဒ္ဓနာသုဒ္ဓ-သာ ဆုံးဖြတ် ရတော့သည်။

(၃) ယင်းကိစ္စမျိုး၌ ဆုံးဖြတ်ပြောဆိုပုံကို ပေါ်လွင်ထင်ရှားစေရန် အဋ္ဌကထာတွင် သာဓကဝတ္ထုတစ်ခုကို ဖော်ပြထား၏။ သီဟိုဠ်ကျွန်း၌ တိပိဋကစူဠာဘယမထေရ်သည် ကျော်ကြားသော ဝိနည်းမိုရ်ပုဂ္ဂိုလ်ကြီးဖြစ်၏။ တစ်နေ့သ၌ မထေရ်မြတ်သည်၊ လောဟပါသာဒ ပြာသာဒ်၌ ဝိနည်းပိဋကတ်ကို ပို့ချ၍အပြီး နေရာမှထစဉ် စောဒကနှင့် စုဒိတက ရဟန်း ၂-ပါးတို့ အငြင်းအခုံ ဖြစ်ပွား ရောက်လာကြကုန်၏။ စုဒိတက ရဟန်းကား ဤလွန်ကျူးမှုသည် ငါ့၌မရှိ၊ ငါမလွန်ကျူး မဟုတ်ဟူ၍သာ ဆိုနေ၏။ ဝန်ခံချက်ကို မပေး၊ တိပိဋကစူဠာဘယ မထေရ်မြတ်သည် ယင်းတို့၏ အပြောအဆို အမူအရာတို့ဖြင့်ပင် “ဤစုဒိတက အပေါ်၌ စောဒကပုဂ္ဂိုလ်က အမှန်တရား၌ရပ်တည်၍ ပြောဆိုနေသည်၊ စုဒိတက ပုဂ္ဂိုလ်ကမူ ပဋိညာဉ်ဝန်ခံ ချက်ကို မပေး၊ သို့သော် များစွာသော လွန်ကျူးမှုတို့ကား ထင်ရှား၍ နေပေ၏၊ ဤစုဒိတကသည် မချွတ်ဧကန် လွန်ကျူးမှုကို ပြုအပ်သည်သာဖြစ်လတ္တံ့.”ဟု စုဒိတက အပေါ်၌ အသုဒ္ဓ ဟူသော ယူဆမှုသည် ဖြစ်ပေါ်၍နေ၏၊ ထိုအခါ မထေရ်မြတ်သည် စုဒိတက ပုဂ္ဂိုလ်အား “ငါ့ရှင်. . ဆုံးဖြတ်ရန် မသင့်လျော်၊ အခြား ဝိနည်းမိုရ် တစ်ပါးပါးကိုသာ ဆုံးဖြတ်ပါစေလော့”ဟု မိန့်တော်မူလေ၏၊ အရှင်ဘုရား အဘယ်ကြောင့် ပါနည်းဟု မေးလျှောက်လျှင် မထေရ်မြတ်က ဖော်ပြပါအတိုင်း အသုဒ္ဓ အယူရှိကြောင်းကို မိန့်ကြားလေ၏။ ထိုအခါ စုဒိတက

ပုဂ္ဂိုလ်၏ ကိုယ်စိတ်တို့၌ ပူလောင်ခြင်း ဖြစ်ပေါ်လာတာ၊ တိပိဋကစူဠာဘယ မထေရ်မြတ်ကို ရှိခိုးလျက် "အရှင်ဘုရား . . အဆုံးအဖြတ်ပေးသင့်သော ဝိနည်းမိုရ်မည်သည် အရှင် ဘုရားတို့ကဲ့သို့ သောပုဂ္ဂိုလ်သာ ဖြစ်သင့်ပါသည်။ စောဒကပုဂ္ဂိုလ်သည် လည်း ဤသို့သောပုဂ္ဂိုလ်သာ ဖြစ်သင့်ပါသည်"ဟု ဝန်ခံလျှောက် ထားပြီးလျှင် အဝတ်ဖြူတို့ကို လဲလှယ်ဝတ်ဆင်လျက် "အရှင်ဘုရား တပည့်တော်သည် ကြာမြင့်စွာ အရှင်ဘုရားတို့ကို ပင်ပန်းအောင် ပြုမူမိပါသည်၊ တပည့်တော် အပြစ်ကို သည်းခံတော်မူပါ"ဟု လျှောက်ထားတောင်းပန် ဝန်ချပြီးလျှင် ထွက်ခွာသွားလေသည်။

(၄) ဤကား အလဇ္ဇီစုဒိတကပုဂ္ဂိုလ် ပဋိညာဉ်ပေးသဖြင့် အသုဒ္ဓ အဆုံးအဖြတ် ပြီးပြတ်ခဲ့ပုံဖြစ်၏၊ ဤကဲ့သို့ လဇ္ဇီပုဂ္ဂိုလ်က စောဒနာသည်ရှိသော် ပါရာဇိက အာပတ်သို့ ရောက်နေသည့် အထောက်အထား သက်သေခံဝတ္ထုပေါင်း များစွာရှိနေသဖြင့် ပါရာဇိကမှ တစ်ပါး အခြားဆုံးဖြတ်ရန် မရှိချေ၊ သို့ရာတွင် စုဒိတကပုဂ္ဂိုလ်က ဝန်ခံချက် (ပဋိညာဉ်)မပေးသဖြင့် (နေဝသုဒ္ဓနာသုဒ္ဓ)စင်ကြယ်သောပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ် မစင်ကြယ်သောပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟု ဆုံးဖြတ်ရပေသည်။

(၅) နေဝသုဒ္ဓနာသုဒ္ဓ အဆုံးအဖြတ်ခံရသူကို အဋ္ဌကထာ ဋီကာများ၌ တစ်ခါတည်းသက်နှုတ်၍ လူဝတ်လဲရန် (လိင်္ဂနာသန) မညွှန်ပြခဲ့ချေ၊ ရဟန်းကောင်းတို့နှင့် ပေါင်း သင်းဆက်ဆံခြင်း (သံဝါသ) မပြုရန်၊ ပစ္စည်းအပေးအယူ ဆက်ဆံမှု (ပစ္စယ-သမ္ဘောဂ)၊ ရဟန်းတော်တို့နှင့် အတူတကွ စာသင်စာချ တရားဟော တရားနာ တရား ဆွေးနွေးဆက်ဆံမှု(ဓမ္မသမ္ဘောဂ) မပြုရန် ညွှန်ပြခဲ့သည်။

(၆) ထို နေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို အခြားရဟန်းကောင်းတို့က ပစ္စည်းအပေးအယူ ဆက်ဆံခြင်း(ပစ္စယသမ္ဘောဂ) စာသင်စာချ

တရားဟော တရားနာ တရားဓမ္မဆိုင်ရာ ဆက်ဆံမှု(ဓမ္မသမ္ဘောဂ) မပြုကြတော့ချေ၊ ဥပမာအားဖြင့် လူပုံအလယ်၌ ပက်လက်ရှိနေသော လူသေကောင်ကို ကံကြီးကံငယ် အတူတကွ ပြု၍ ပေါင်းသင်းဆက်ဆံ မှု မပြုကြတော့သကဲ့သို့ နေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို ပေါင်းသင်းဆက်ဆံမှု(သံဝါသ) မပြုကြတော့ချေ။ ထို့ကြောင့် နေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို အသက်ရှင်လျက် သေနေသူ(ဇီဝမတက)ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုခဲ့ကြ၏။ ထို့ပြင် အပြင်က စိမ်းရောင်သန်း၍ အတွင်းက ပုပ်နေသော သစ်သီးကို မည်သူကမျှ စားသုံးခြင်း၊ သိမ်းဆည်းခြင်း၊ ရောင်းဝယ်ခြင်း မပြုကြတော့သကဲ့သို့ ထိုနေဝသုဒ္ဓနာသုဒ္ဓရဟန်းကို မည်သည့်ရဟန်း ကောင်းကမျှ ဆက်ဆံခြင်း မပြုကြတော့ချေ။ ထို့ကြောင့် ထိုနေဝသုဒ္ဓနာသုဒ္ဓ ရဟန်းကို ပြင်ပက စိမ်းရောင်သန်း၍ အတွင်းကပုပ်နေသော သစ်သီးနှင့် တူသည် (အာမကပူတိကော)ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုခဲ့ကြသည်။

နေဝသုဒ္ဓနာသုဒ္ဓ အဆုံးအဖြတ်ခံရသော ရဟန်းကို လူဝတ်လဲရန် (လိင်္ဂနာသနအမှုပြုရန်) မညွှန်ပြခဲ့သော်လည်း လူဝတ်လဲသွားသည့် ထိုရဟန်းလူထွက်သည် လူ့ဘဝ လူ့အဖြစ်၌ အသုံးဝင်သေး၏၊ လူဝတ်မလဲဘဲနေသော ထိုရဟန်းသည် သံဃာ့ဘောင် သာသနာ့ဘောင်၌လည်း အသုံးမကျ အသုံးမဝင်၊ လူ့ဘောင် လူ့ဘဝ၌လည်း အသုံးမကျ အသုံးမဝင်သဖြင့် လူသေကောင် ဖုတ်ကြည်းသင်္ဂြိုဟ်ရာ၌ မီးမလောင်ဘဲ ကြွင်းကျန်နေရစ်သော ထင်းစတို ထင်းကုလားတုံးနှင့်သာ တူလေတော့သည်။

နိဂုံးချုပ်အားဖြင့် ဝိနည်းမိုရ်ပုဂ္ဂိုလ်များအနေဖြင့် စုဒိတက ပုဂ္ဂိုလ် ဝန်မခံသဖြင့်သာ ဝိနည်းဒေသနာတော်အရ နေဝသုဒ္ဓနာသုဒ္ဓ ဆုံဖြတ်ခြင်းဖြစ်ပေသည်။ အမှန်စင်စစ် ဝိနည်းမိုရ်ပုဂ္ဂိုလ်များ၏စိတ်၌ ထိုစုဒိတကပုဂ္ဂိုလ် အပေါ် သီလမစင် ကြယ်ပဲ ထင်မြင်ယူဆထားပြီး ဖြစ်ပေသည်။

## (ခ)ဓုဝဝါသ အနုဋ္ဌာပနိယ ကျောင်းထိုင်နာယက တင်မြှောက်ရေးမှု

ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယ အစည်းအဝေး၏ တာဝန်ပေးချက်အရ နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်(၉)ပါး ပါဝင်သော အန္တောသီမဌကမှု ရေးဆွဲရေး ကော်မတီက ရေးဆွဲပြီး ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးက အတည်ပြုခဲ့သော အန္တောသီ မဌကမှုမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်-

**မာတိကာ**

(က) သံဃိကကျောင်း၊
(ခ) သံဃိကကျောင်းမှ နှင်ထုတ်သော ပုဂ္ဂိုလ်၊
(ဂ) သံဃိကကျောင်းမှ နှင်ခွင့်ရှိသော ပုဂ္ဂိုလ်၊
(ဃ) အနုဋ္ဌာပနီယပုဂ္ဂိုလ်၊
(င) ဓုဝဝါသ ကျောင်းခံထိုက်သော ပုဂ္ဂိုလ်၊
(စ) ဓုဝဝါသ ကျောင်းထိုင်နာယက တင်မြှောက်နည်း၊
(ဆ) ဥပစာရသိမ်၊
(ဇ) ကြိုတင် ကတိ။

### (က) သံဃိကကျောင်း

သံဃိကကျောင်းသည်-

(က) လှူဒါန်းသူသည် သံဃိကအဖြစ် လှူဒါန်းသောကြောင့် သံဃိကဖြစ်သော ကျောင်း၊

(ခ) သံဃိကအဖြစ် မလှူသော်လည်း သံဃိကဖြစ်သောကျောင်း ဟူ၍ (၂)မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်-

သံဃိကော နာမ ဝိဟာရော သံဃဿ ဒိန္နော ဟောတိ ပရိစ္စတ္တော၊ (ဝိ၊၂၊၆၁)အရ သံဃသ ဒမ္မိ-ဟူ၍သော်လည်းကောင်း၊ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မိ-ဟူ၍သော်လည်းကောင်း နှုတ်မြွက်၍ လှူဒါန်းအပ်သော ကျောင်း၊ ကျောင်းတိုက်သည် လှူဒါန်းသူက သံဃိကအဖြစ် လှူဒါန်းသောကြောင့် သံဃိကဖြစ်သော ကျောင်းမည်၏။

လှူဒါန်းသူက သံဃိကအဖြစ် မလှူသော်လည်း သံဃိကဖြစ်သော ကျောင်းသည်-

(၁) မတသန္တက သံဃိကကျောင်း၊

(၂) သံဃိကပစ္စည်း ရောနှောပါဝင်သော သံဃိကကျောင်း၊

(၃) ဥပမှုသံဃိကကျောင်းဟူ၍ (၃)မျိုးရှိ၏။ ထို(၃)မျိုးတို့တွင်-

(၁) မတသန္တကသံဃိကကျောင်း

မတသန္တကသံဃိကကျောင်းဟူသည်- ဘိက္ခုဿ ဘိက္ခုနိယာ ကာလင်္ကတေ သံဃော သာမီ ပတ္တစီဝရေ (ပ) ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ တံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ အဝိဿဇ္ဇိကံ အဝေဘင်္ဂိကန္တိ (ဝိ၊၃။၄၂၀-၁)နှင့် ယဒိပန ကဿစိ အဒတွာဝ ကာလံ ကရောတိ၊ တဒါ သံဃောဝ တဿ ဝိဟာရဿ သာမိကော ဟောတိ။ (ဝိနယာ လင်္ကာရ၊ ဋီ၊၂။၆၇)တို့အရ ပုဂ္ဂလိက ကျောင်း ပင်ဖြစ်စေကာမူ တစ်စုံတစ်ယောက်သောသူ အား မပေးစွန့်ဘဲ ပိုင်ရှင်ရဟန်း

ပျံလွန်ကော်မူခဲ့သော် ယင်းကျောင်း၊ ကျောင်းတိုက်သည် မတသန္တက သံဃိကကျောင်း မည်၏။

(၂) **သံဃိကပစ္စည်းရောနှောသော သံဃိကကျောင်း**

သံဃိကပစ္စည်းရောနှောသော သံဃိကကျောင်းဟူသည် -သံဃိက သစ်၊ ဝါး၊ နွယ် စသည် တစ်ခုခု အနည်းငယ်မျှ ယှင်ငင်ထည့် သွင်း၍ မိမိပိုင်ပစ္စည်းများဖြင့် ဆောက်လုပ်အပ်သောကျောင်းသည် သံဃိကပစ္စည်းအတွက် အစားမပေး၊ တန်ဖိုးမပေးခဲ့သော် သံဃိကပစ္စည်း ရောနှောပါဝင်သော သံဃိက ကျောင်းမည်၏။ (ဝိ၊ဋ္ဌ၊၁။၃၄၂။ သာရတ္ထ၊ ၂။၁၆၇)

(၃) **ဥပမှုသံဃိကကျောင်း**

ဥပမှုသံဃိကကျောင်းဟူသည်-သံဃိကမြေပေါ်၌ ပုဂ္ဂလိကပစ္စည်းများဖြင့်သာ ဆောက်လုပ်ထားသောကျောင်းသည် ဥပမှုသံဃိကကျောင်းမည်၏။ (ဝိ၊ ဋ္ဌ၊ ၄၊ ၈၆)

**(ခ) သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထိုက်သောပုဂ္ဂိုလ်**

သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထိုက်သောပုဂ္ဂိုလ်ဟူသည်-

(၁) ဘဏ္ဍနကာရက ကလဟကာရကပုဂ္ဂိုလ်၊
(၂) အလဇ္ဇီပုဂ္ဂိုလ်၊
(၃) အန္တရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်၊

(၄) အသမ္မာဝတ္တန္တတပည့်များ၊
(၅) ဝိသဘာဂပုဂ္ဂိုလ်၊
(၆) ကုလဒူသကပုဂ္ဂိုလ်၊
(၇) ပက္ခ ကတွာ သံဃဘေဒကပုဂ္ဂိုလ်၊
(၈) ဥပဒေသဝီတိက္ကန္တပုဂ္ဂိုလ်
(၉) ဘိန္နလဒ္ဓိကပုဂ္ဂိုလ်ဟူ၍ (၉)မျိုးရှိသည်။ ထို(၉)မျိုးတို့တွင်-

## (၁) ဘဏ္ဍနကာရက ကလဟကာရကပုဂ္ဂိုလ်

**ဘဏ္ဍန**ဟူသည် ကလဟ၏ရှေ့အဖို့၌ မိမိတို့ဘက်သားချင်း တိုင်ပင်ခြင်းတည်း။ ၎င်းကို ပြုလုပ်သောသူသည် ဘဏ္ဍနကာရကပုဂ္ဂိုလ် မည်၏။

**ကလဟ** ဟူသည် အာပတ်သင့်ခြင်းသို့ ရောက်စေနိုင်သော ကိုယ်ထိလက်ရောက် လွန်ကျူးခြင်းတည်း၊ ၎င်းကို ပြုလုပ်သောသူသည် ကလဟကာရကပုဂ္ဂိုလ် မည်၏။ (ဝိ၊၅၊ ၃။၆)

**တစ်နည်း**-ဒိဋ္ဌသုတပရိသင်္ကိတဟူသော အကြောင်းရင်း မရှိဘဲ သက်သက်မဖြစ်ပေါ် သေးသော အဓိကရုဏ်းမှုခင်းများ ဖြစ်ပေါ်လာအောင်၊ ဖြစ်ပေါ်ပြီးသော အဓိကရုဏ်းမှုခင်းများကို တိုးပွားအောင် ပြုလုပ်စည်းရုံး လှုံ့ဆော်သော ပုဂ္ဂိုလ်ကို ဘဏ္ဍနကာရက ကလဟကာရကပုဂ္ဂိုလ်အဖြစ် သတ်မှတ်ရမည်။ (ဝိ၊၄။၁)

### (၂) အလဇ္ဇီပုဂ္ဂိုလ်

အလဇ္ဇီပုဂ္ဂိုလ်ကား ထင်ရှားပေါ်လွင်ပြီး ဖြစ်သည်။

### (၃) အန္တရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်

ဥမ္မတ္တကပုဂ္ဂိုလ်ဟူသည်-

(က) ဝိ၊ ၃။ ၆၅ ၌လာသော ဥမ္မတ္တကသမ္မုတိ ပေးထားရ သော ဥမ္မတ္တကပုဂ္ဂိုလ်။

(ခ) ဝိ၊ ၂။ ၆၅၊ ဘူတဂါမဝဂ် နိက္ခမနသိက္ခာပုဒ် အနာပတ္တိ- ဝါရ၌ လာသော တစ်ပါးသော ပုဂ္ဂိုလ်တို့အား အန္တရာယ် ပြုနိုင်သည့် နှင်ထုတ် ထိုက်သော အန္တရာယကရဥမ္မတ္တက ပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ဤ၌ အန္တရာယကရ ဥမ္မတ္တကပုဂ္ဂိုလ်ကို အလိုရှိ အပ်၏။

**အသမ္မာဝတ္တန္တ တပည့်များ**

အသမ္မာဝတ္တန္တ တပည့်များဟူသည်-ဥပဇ္ဈာယ်ဆရာ နိဿရည်း ဆရာစသည်တို့က ဝိနည်းတော်နှင့်အညီ ဆိုဆုံးမသည်ကို မလိုက်နာသော အန္တေဝါသိက သဒ္ဓိဝိဟာရိက တပည့်များကို အသမ္မာဝတ္တန္တ တပည့် ခေါ်၏။

**ဝိသဘာဂပုဂ္ဂိုလ်**

ဝိသဘာဂပုဂ္ဂိုလ်ဟူသည် မထေရ်ကြီးတို့အား အရိုအသေပြုခြင်း စသော သာမဂ္ဂီရသမှကင်းသော ပုဂ္ဂိုလ်သည် ဝိသဘာဂ ပုဂ္ဂိုလ်မည်၏။ (ဝိ၊ ဋ္ဌ၊ ၃။ ၄၆။ ဝိနယာလင်္ကာရဋီ၊ ၂။ ၈၅)

**တနည်း**-ဆရာဥပဇ္ဈာယ်တို့၏ ကြီးပွားမှုကို အလိုမရှိ သောသူသည် ဝိသဘာဂ ပုဂ္ဂိုလ်မည်၏။(ဝိမတိ၊၂။၁၀၃)

**တနည်း**- ရန်သူရဟန်းသည် ဝိသဘာဂ ပုဂ္ဂိုလ် မည်၏။ (ဝိ၊ ဋ္ဌ၊ ၄။ ၁၂၄)

**ကုလဒူသကပုဂ္ဂိုလ်**-ယင်း ပုဂ္ဂိုလ်ကား ထင်ရှား ပေါ်လွင်ပြီး ဖြစ်သည်။

(၇) **ပက္ခံ ကတွာ သံဃဘေဒကပုဂ္ဂိုလ်**

ပက္ခံ ကတွာ သံဃဘေဒက ပုဂ္ဂိုလ်ဟူသည်- ပက္ခပြု၍ နီးစပ်ရာပုဂ္ဂိုလ်များကို စည်းရုံးပြီး သံဃာကို ခွဲသော ဘဏ္ဍနကာရက ကလဟကာရက-ပုဂ္ဂိုလ်ကို ပက္ခံ ကတွာ သံဃဘေဒက ပုဂ္ဂိုလ်ခေါ်၏။
(ဝိ၊ဋ္ဌ၊ ၃၊ ၄၇-၈)

(၈) **ဥပဒေသဝီတိက္ကန္တပုဂ္ဂိုလ်**

ဥပဒေသဝီတိက္ကန္တ ပုဂ္ဂိုလ်ဟူသည် ထေရဝါဒ ဗုဒ္ဓသာသနာဝင်ဖြစ်၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများတို့နှင့် အညီ အသိအမှတ် ပြုထားပြီးသည့် ကျောင်း/ကျောင်းတိုက် ဥပဒေစည်းကမ်း စည်းမျဉ်းကို ဖောက်ဖျက်ကျူးလွန်သော ပုဂ္ဂိုလ်တည်း။

(၉) **ဘိန္နလဒ္ဓိကပုဂ္ဂိုလ်**

ဘိန္နလဒ္ဓိက ပုဂ္ဂိုလ်ဟူသည်-လဇ္ဇီပေသလာဒီနံ ဥပေါသထာဒိအန္တရာယကရာ အလဇ္ဇိနော ဘိန္နလဒ္ဓိကာ စ ဘိက္ခူ အမိပ္ပေတာ၊ တေဟိ သဟ ဥပေါသထာ- ဒိကရဏာယောဂေါ (ဝိမတိ၊ ၁။ ၁၆၉)။

ရာဇဝလ္လဘေဟိတိ အဖွင့်။ ဥပုသ်ပဝါရဏာ စသော သံဃာ့ကံကို လဇ္ဇီပုဂ္ဂိုလ်တို့နှင့် အတူတကွ မပြုဘဲ အန္တရာယ် ပြုသူသည် ဘိန္နလဒ္ဓိက ပုဂ္ဂိုလ်မည်၏။

**သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထုတ်ခွင့်ရှိသော ပုဂ္ဂိုလ်**

သံဃိကကျောင်း၊ ကျောင်းတိုက်မှ နှင်ထုတ် ခွင့်ရှိသော ပုဂ္ဂိုလ်ဟူသည်-သက်ဆိုင်ရာကျောင်း၊ ကျောင်းတိုက်၏ ဣဿရိယပုဂ္ဂိုလ်, နှင်ပိုင်ခွင့် အာဏာရှိသော ပုဂ္ဂိုလ်ဖြစ်သည်။

ရွာနီးကျောင်းနေ (ဗဟိသီမဌ္ဌက) ရဟန်းတို့သည် ရဟန်း သံဃာအားလုံး ထွက်ခွာသွားကြသဖြင့် ရဟန်းသံဃာမရှိသော သံဃိကကျောင်း၊ ကျောင်းတိုက်မှ တစ်စုံတစ်ခုသော သံဃိကပစ္စည်း၊ ပရိက္ခရာကို တာဝကာလိက ဆောင်ယူပြီးလျှင် ကျောင်းဆောက်လုပ်အံ့၊ ထို မူလပစ္စည်းကိုသော်လည်းကောင်း၊ ထိုမူလပစ္စည်း၏ တန်ဖိုးကိုသော်လည်းကောင်း ပေးအပ်ရမည်သာ၊ မပေးဘဲ မနေရ။ (ဝိ၊ဋ္ဌ၊၁။ ၃၄၃။ သာရတ္ထ၊ ၂။ ၁၆၈) ဤအဌ္ဌကထာဋီကာကိုထောက်၍ ဗဟိသီမဌ္ဌက ပုဂ္ဂိုလ်များသည် အညသီမဌ္ဌက သံဃိကပစ္စည်းများကို ဣဿရိယအဖြစ်ဖြင့် စောင့်ရှောက် ထိန်းသိမ်း ခွင့်မရှိကြောင်း ထင်ရှားပါသည်။ ထို့ပြင်-

(က) ဝိ၊ ၄။ ၃၁၈၊ အရ ဗဟိသီမဌ္ဌကဖြစ်ခိုက် ရဟန်းအား အန္တောသီမဌ္ဌကကျောင်းကို မခံစေရ၊

(ခ) ဝိ၊ ၄။ ၃၂၅၊ အရ ဗဟိသီမဌ္ဌကဖြစ်ခိုက် ရဟန်းအား အန္တောသီမဌ္ဌကနဝကမ္မကို မပေးရ၊

(ဂ) ဝိ၊ ၃။ ၃၉၇။ ၄၂၇။ ဝိ၊ ဋ္ဌ၊ ၃။ ၄၀၅။ ၄၂၀။ ဝိ၊ ဋ္ဌ၊ ၄။ ၈၈-၉။ ဝိသင်္ဂဟ။ ၂၆၄-စသည်တို့အရ အန္တောသီမဌ္ဌက လဟုဘဏ်ကို အန္တောသီမဌ္ဌက သံဃာတော်များသာ သုံးဆောင်ခွင့်ရှိ၍ ဗဟိသီမဌ္ဌက သံဃာတော်များ သုံးဆောင်ခွင့် မရှိခြင်း -

အထက်ပါ ပါဠိတော် အဌ္ဌကထာတို့အရလည်း ဗဟိသီမဌ္ဌက ပုဂ္ဂိုလ်၊ ဂိုဏ်း၊ သံဃာတော်များသည် အညသီမဌ္ဌက သံဃိကပစ္စည်းများကို ဣဿရိယအဖြစ်ဖြင့် စောင့်ရှောက် ထိန်းသိမ်းခွင့် မရှိကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ပဏ္ဍိတ ဗျတ္တ အန္တောသီမဌ္ဌက ရဟန်းရှိနေပါလျက် သံဃိကကျောင်းကို ဗဟိသီမဌ္ဌက ရဟန်းအားသော်လည်းကောင်း၊ ဂိုဏ်းအားသော်လည်းကောင်း၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အား သော်

လည်းကောင်း ဣလ္လာဃရိယအဖြစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့် မပြုသင့်ပေ။

### (ဃ) အနုဋ္ဌာပနီယ ပုဂ္ဂိုလ်လေးမျိုး

အနုဋ္ဌာပနီယ ပုဂ္ဂိုလ်ဟူသည် -

(၁) ဝုဍ္ဎတရပုဂ္ဂိုလ်၊
(၂) ဘဏ္ဍာဂါရိကပုဂ္ဂိုလ်၊
(၃) ဂိလာနပုဂ္ဂိုလ်၊
(၄) သံဃတောလဒ္ဓသေနာသန ပုဂ္ဂိုလ်ဟူ၍ လေးမျိုးရှိ၏။

ယင်း ပုဂ္ဂိုလ်လေးမျိုးတို့တွင်-အင်္ဂယုတ္တ ဖြစ်သော ဝုဍ္ဎတရနှင့် ဂိလာနတို့ကား အနုဋ္ဌာ ပနီယသာ ဖြစ်သော ပုဂ္ဂိုလ်မည်၏။

(ဝိ၊ ၅၊ ၃။ ၄၅)

သံဃသမ္မုတိ-ရ ဘဏ္ဍာဂါရိကနှင့် သံဃတောလဒ္ဓသေနာသန ဖြစ်သော ဓမ္မကထိက ဝိနယဓရ ဂဏဝါစက စသည်နှင့်တကွ အင်္ဂယုတ္တ ဖြစ်သော ဝုဍ္ဎတရတို့သည် အနုဋ္ဌာပနီယနှင့် ဓုဝဝါသနှစ်မျိုးစုံဖြစ်သော ပုဂ္ဂိုလ်မည်၏။ (ဝိ၊ ၄။ ၃၁၁။ ဝိ၊ ၅၊ ၃။ ၄၆။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၈၂)

### (င) ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင် နာယက တင်မြှောက်ထိုက်သောပုဂ္ဂိုလ်

(က) ဗဟုပကာရဂုဏ်၊ ဂုဏဝိသိဋ္ဌဂုဏ် အင်္ဂါနှစ်ပါး (သို့မဟုတ်) ယင်းအင်္ဂါ နှစ်ပါးတို့တွင် တစ်ပါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။

(ခ) အဂ်ယုတ္တ သိတင်းငယ်ပုဂ္ဂိုလ်နှင့် အဂ်ဝိယုတ္တ သိတင်းကြီး နှစ်မျိုးရှိသော ကျောင်း၊ ကျောင်းတိုက်၌ အဂ်ယုတ္တ ပုဂ္ဂိုလ်ကိုသာ ခုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ သို့ရာတွင် သိတင်းကြီးကို နေရာမှ မထစေသင့်။

(ဂ) အဂ်ယုတ္တပုဂ္ဂိုလ်နှစ်ပါး၊ သုံးပါးစသည် ရှိခဲ့သော် ဝုဍ္ဍတရ ဖြစ်သော အဂ်ယုတ္တ ပုဂ္ဂိုလ်ကိုသာ ခုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ (ဝိ၊ ၄။ ၃၁၁၊ ဝိနယာလင်္ကာရ ဋီ၊ ၂။၈၂)

လစ်လပ်သော ကျောင်းအများရှိရာ၌ ဝုဍ္ဍတရဖြစ်သော အဂ်ယုတ္တ ပုဂ္ဂိုလ်အား ကြိုက်နှစ်သက်ရာ ကျောင်းကို ပေးရမည်။ ကျန်သောကျောင်းကို သိတင်းငယ်အား ပေးရမည်။ (ဝိ၊ ၄။ ၃၁၁)

(ဃ) ဗာလ အဗျတ္တ ရဟန်းတို့ နေထိုင်ရာ ကျောင်း၊ ကျောင်း တိုက်သို့ အဂ်ယုတ္တ ပုဂ္ဂိုလ် ကြွရောက်လာပါက ယင်း အဂ်ယုတ္တပုဂ္ဂိုလ်ကို ခုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင် နာယက တင်မြှောက်ရမည်။

(င) အကယ်၍ အန္တေဝါသိမဒ္ဒကရဟန်းများ ဗာလ အဗျတ္တ ဖြစ်နေကြလျှင် ပဏ္ဍိတ ဗျတ္တရဟန်းတို့ နေထိုင်ရာ ကျောင်း၊ ကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်ရမည်။ ရွှေ့ပြောင်းမနေလိုပါက ဗဟိသိမဒ္ဒက အဂ်ယုတ္တပုဂ္ဂိုလ်ကို ပင့်ဆောင်ထား၍ နေထိုင်ကြရမည်။ ယင်းအဂ်ယုတ္တ ပုဂ္ဂိုလ်ကို ခုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင် နာယက တင်မြှောက်ရမည်။ (ဝိ၊ ၃။၁၆၀-၁။ ဝိ၊ ဋ္ဌ၊ ၃။ ၃၄၂-၃။ ဝိ၊ သင်္ဂဟ၊ ၂၀၉။ ဝိနယာလင်္ကာရ ဋီ၊ ၂။ ၈၂၊ ၈၃၊ ၈၅)

**ရှင်းချက်။** ။ ဗဟုပကာရဂုဏ်နှင့် ပြည့်စုံသောသူဟူသည် ဘဏ္ဍာစိုး ရဟန်းတည်း။ (သာရတ္ထ၊ ၃။၃၀) ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်တို့ကို ဆိုလိုသည်။ (ကင်္ခါဋီကာသစ်။ ၃၆၈။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၅၄)

ဂုဏဝိသိဋ္ဌဂုဏ်နှင့် ပြည့်စုံသောသူဟူသည်- ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်များ ပင်ဖြစ်သည်။ (သာရတ္ထ၊ ၃။ ၃၀။ ကင်္ခါဋီကာသစ်။ ၃၆၈။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂။ ၅၄။)

**မှတ်ချက်။** ။ ဓမ္မကထိက၊ ဝိနယဓရ၊ ဂဏဝါစက အစရှိသော ပုဂ္ဂိုလ်များကို (ဝိ၊ ဋ္ဌ၊ ၃။ ၄၀၄။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၃)တို့၌ ဗဟုသုတ ပုဂ္ဂိုလ်ဟု သုံးနှုန်းထားသည်။

**(စ) မဟဝါသအနုဋ္ဌာပနိယ ကျောင်းထိုင်နာယက တင်မြှောက်နည်း**

ဥပစာရ သိမ်အတွင်း၌ သီမဋ္ဌကသံဃာကို သုတ်သင်ပြီး ဆန္ဒ ထိုက်သော ရဟန်းတို့၏ဆန္ဒကို ဆောင်၍ သမဂ္ဂသံဃာ၏ အလိုအားဖြင့် သုံးကြိမ်ကြားစေပြီးလျှင် အင်္ဂယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်၊ (ဝိ၊ ဋ္ဌ၊ ၃။ ၄၆၊ ၄၀၄။ ဝိ၊ ဋ္ဌ၊ ၄။ ၂၅၃။ ကင်္ခါဋီသစ်။ ၃၆၈။)

**(ပုံစံ) ဦးတိဿ ယသဝမုနကျောင်း**

အရှင်ဘုရားတို့ သံဃာတော်ကို တပည့်တော် မေးမြန်း ပါ၏၊ ဦးတိဿသည် ဗဟုပကရ ဂုဏ်၊ ဂုဏဝိသိဋ္ဌဂုဏ်တို့နှင့် ပြည့်စုံပါသည် ဘုရား။ ဦးတိဿကို ယသဝမုနကျောင်း၌ ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင် နာယကအဖြစ် တင်မြှောက်ခြင်းသည် သံဃာတော်အား နှစ်သက်ပါ၏လော၊ အရှင်ဘုရားတို့ နှစ်ကြိမ်မြောက် လည်း (ပ) နှစ်သက်ပါ၏လော၊ သုံးကြိမ်မြောက်လည်း (ပ)နှစ်သက်ပါ၏လော၊ မေးမြန်းပါ၏။ (ဝိ၊ ဋ္ဌ၊ ၄။ ၂၅၁)

## (ဆ) ဥပစာရသိမ်

ဥပစာရသိမ်ဟူသည်-ဥပစာရသီမာ ပရိက္ခိ တ္တာသ ဝိဟာရဿ ပရိက္ခေပေန, အပရိက္ခိတ္တ ဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ ဟောတိ၊ အပိ စ ဘိက္ခုနံ ဓုဝသန္နိပါတဋ္ဌာနတော ဝါ ပရိယန္တေ ဌိတဘောဇနသာလတော ဝါ နိပဗ္ဗ ဝသနအာဝါသတော ဝါ ထာမမဇ္ဈိမဿ ပုရိသဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော ဥပစာရ သီမာတိ ဝေဒိတဗ္ဗာ (ပ) တဿာ သစေ ဝိဟာရေ သန္နိပတိတဘိက္ခုဟိ သဒ္ဓိံ ဧကေဗဒ္ဓါ ဟုတွာ ယောဇနသတမ္ပိ ပူရေတွာ နိသီဒန္တိ၊ (ဝိ၊ ဌ၊ ၃။ ၄၁၇။ ကင်္ခါ။ ၁၅၉။ ဝိ၊ သင်္ဂဟ။ ၂၄၉)အရ အာရာမ်ရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ဖြင့် ပိုင်းခြားအပ်သော အရပ်သည်လည်းကောင်း၊ အာရာမ် မရှိသော ကျောင်းတိုက်ဖြစ်မူ အာရာမ်ထိုက်ရာ အရပ်ဖြင့် ပိုင်းခြားအပ်သော အရပ်သည်လည်းကောင်း ဥပစာရသိမ် မည်၏။

## (ဇ) ကြိုတင်ကတိ

အန္တောသီမဋ္ဌကနှင့် ဗဟိသီမဋ္ဌက၊ သို့မဟုတ် အန္တောသီမဋ္ဌက ဖြစ်သော ရဟန်းသာမဏေအချင်းချင်း ဝိဝါဒ အနုဝါဒ ဖြစ်ပွားခဲ့သည်ရှိသော် တရားရုံးသောသူက မှုခင်းဖြစ်ပွားရာ အာရာမ်အတွင်းမှ ထွက်ခွာပေးပါမည်။ ထွက်ခွာမပေးခဲ့သော် သက်ဆိုင်ရာက ယင်းအာရာမ်အတွင်းမှ ဖယ်ရှားခံပါမည်ဟု ကိုယ်တိုင် ပဋိညာန် ဝန်ခံချက်ကို အမှုမစစ်ဆေးမီ သက်ဆိုင်ရာ မူလ သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ စောဒက စုဒိတကတို့က ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြရမည်။

## (ဂ) ဥပမှုသံဃိက ဥပမှုပုဂ္ဂလိကမှု

ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒုတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေးက ဥပမှုသံဃိက ဥပမှုပုဂ္ဂလိက မှုကြမ်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ (၂)ကြိမ် ပေးပို့၍ အကြံပြုလွှာများကို တောင်းခံခဲ့ရာ နိုင်ငံတော်

ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၉၆)ပါးက ပေးပို့လာသော အကြံပြုလွှာများကို အခြေခံလျက် ဥပမှုသံဃိက ဥပမှုပုဂ္ဂလိကမှုကို ပြန်လည်ရေးဆွဲတင်ပြ၍ ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးက အတည်ပြုခဲ့သော ဥပမှုသံဃိက ဥပမှုပုဂ္ဂလိကမှုမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည် -

(၁) ပုဂ္ဂလိက ပစ္စည်းသက်သက်ဖြင့် သံဃိကမြေပေါ်၌ ဆောက်လုပ်အပ်သော ဥပမှုသံဃိက, ဥပမှုပုဂ္ဂလိက ကျောင်းတစ်ကျောင်းလုံးကို သံဃိကအဖို့ ပုဂ္ဂလိကအဖို့ မခွဲခြားဘဲ နှစ်ကျောင်းဖြစ်က သံဃိကကျောင်း ပုဂ္ဂလိကကျောင်း မခွဲခြားဘဲ ဥပမှုပုဂ္ဂလိက ပိုင်ဆိုင်သော ပုဂ္ဂိုလ်က မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် သံဃာအားပေးလှူလျှင် သုဒ္ဓိန္နဖြစ်၍ လုံးဝ သံဃိကကျောင်း အဖြစ်သို့ ရောက်သည်။

(၂) ဂိုဏ်း/ပုဂ္ဂိုလ်အား ပေးစွန့်လှူဒါန်းလျှင် သုဒ္ဓိန္နဖြစ်သော်လည်း သံဃိကမြေပေါ်၌ တည်နေသမျှ ကာလပတ်လုံး ဥပမှုသံဃိက အဖြစ်မှ မလွတ်ခြင်းကြောင့် ထက်ဝက်ကို သံဃိကပရိဘောဂ ထက်ဝက်ကို ဂဏိက၊ ပုဂ္ဂလိက ပရိဘောဂအဖြစ် သုံးဆောင်ထိုက်ပါသည်။

(၃) အကယ်၍ လက်ခံရရှိသော ဂိုဏ်း/ပုဂ္ဂိုလ်တို့က ထို ကျောင်းကို သံဃိကမြေပေါ်မှ ပြောင်းရွှေ့ယူသွားလျှင် ဥပမှုသံဃိက အဖြစ်မှလွတ်၍ သက်သက်သော ဂဏိကကျောင်း/ပုဂ္ဂလိက ကျောင်းအဖြစ်သို့ ရောက်သည်။

(၄) ဆိုခဲ့ပြီးသော ဥပမှုသံဃိက၊ ဥပမှုပုဂ္ဂလိက တစ်ကျောင်း တည်းကို သံဃိကအဖို့, ပုဂ္ဂလိကအဖို့ ခွဲခြား ဝေဖန်၍ လည်းကောင်း၊ နှစ်ကျောင်းဖြစ်က သံဃိကတစ်ကျောင်း၊ ပုဂ္ဂလိကတစ်ကျောင်း ခွဲခြားဝေဖန်၍ လည်းကောင်း၊ ပုဂ္ဂလိကအဖို့ ပုဂ္ဂလိကကျောင်းကို ပိုင်ရှင်ပုဂ္ဂိုလ်က မိမိ၏ သဒ္ဓိဝိဟာရိက စသူတို့အား

ပေးစွန့်လျှင် သုဒိန္နဖြစ်သည်၊ ထိုအဖို့ ထိုကျောင်းသည် သံဃာအား ဘူမိဘာဂပေးပြီးဖြစ်၍ ခံယူသူ သဒ္ဓိဝိဟာရိက စသည်တို့၏ ပုဂ္ဂလိက-သာ ဖြစ်သည်။

ဥပမာပုဂ္ဂလိက ပိုင်ဆိုင်သော ရဟန်းတော်တစ်ပါးတည်း ရှိနေသော ကျောင်းတိုက်၌ ဥပမာသံဃိက၊ ဥပမာပုဂ္ဂလိက ကျောင်းကို ပိုင်ရှင်ရဟန်းက သံဃိက၊ ပုဂ္ဂလိက ဝေဖန် ပိုင်းခြား၍ ဗဟိသီမဋ္ဌက ရဟန်းတစ်ပါးကို ပင့်ဆောင်ပြီးလျှင် အန္တောသီမဋ္ဌကပြု၍ ပုဂ္ဂလိက အဖို့အစုကို ပုဂ္ဂလိက ပေးနည်းဖြင့် ပေးအပ်၍ သံဃိကအဖို့အစုကို သံဃိက လွှဲအပ်နည်းဖြင့် ရက္ခက ဂေါပကအဖြစ် လွှဲပြောင်းအပ်နှံလျှင် အပ်စပ်သည်။

နောက်ဆက်တွဲ (ခ)

## ဓာဒကစုဒိတကနှင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်များ

### (က) ဓာဒကလက္ခဏာများ

**အမှုဓာဒကလက္ခဏာ (ဝိ-၄/၄၃၈၊ ဝိ-၅/၂၈၀)**

(၁) စုဒိတကပုဂ္ဂိုလ်သည် ပရိသတ်အလယ်ရောက်နေစဉ်အခါ ကဲ့သို့သော မလျော်ကပ်သောအခါ၌ စောဒနာခြင်း။

(၂) မဟုတ်မမှန်သဖြင့် စောဒနာခြင်း။

(၃) ကြမ်းတမ်းသော အမူအရာ စကားအသုံးအနှုန်းဖြင့် စောဒနာခြင်း။

(၄) စုဒိတကအား အကျိုးမဲ့သက်သက်ဖြစ်စေမည့်အကြောင်း အရာဖြင့် စောဒနာခြင်း။

(၅) မေတ္တာစိတ် ကင်းမဲ့သည်ဖြစ်၍ ဒေါသစိတ်ဖြင့် စောဒနာခြင်း။

**မမှုစောဒက လက္ခဏာ (ဝိ-၄/၄၃၈၊ ဝိ-၅/၂၈၁)**

(၁) သင့်လျော်လျောက်ပတ်သော အခါ၌ စောဒနာခြင်း။

(၂) ဟုတ်မှန်သဖြင့် စောဒနာခြင်း။

(၃) သိမ်မွေ့သော အမူအရာ စကားအသုံးအနှုန်းဖြင့် စောဒနာခြင်း။

(၄) စုဒိတကအား အကျိုးစီးပွားဖြစ်စေမည့် အကြောင်းအရာဖြင့် စောဒနာခြင်း။

(၅) ဒေါသစိတ် ကင်းသည်ဖြစ်၍ မေတ္တာစိတ်ဖြင့် စောဒနာခြင်း။

**ဗာလစောဒက လက္ခဏာ (ဝိ-၄/၄၃၈၊ ဝိ-၅/၂၈၀)**

(၁) ရှေ့စကားနှင့် နောက်စကား၊ ဆီလျော်ဆန့်ကျင်မှု ရှိ, မရှိကို မသိတတ် (အမြီးအမောက်မတည့်)။

(၂) ရှေ့စကားနှင့် နောက်စကား၊ မဆန့်ကျင်အောင် ဆီလျော်အောင် ပြောဆိုရာ၌ လိမ္မာကျွမ်းကျင်မှုမရှိ။

(၃) အမှုအကြောင်းအရာနှင့် စပ်ဆိုင်သော စကား, မစပ်ဆိုင်သော စကားကို ခွဲခြား၍ မသိတတ်။

(၄) အမှုနှင့် သက်ဆိုင်သော စကားကို ပြောဆိုရာ၌ လိမ္မာကျွမ်းကျင်မှုမရှိ (မှုခင်းဖြစ်ပွားပုံကို အစီအစဉ် စနစ်တကျ မတင်ပြတတ်)။

**ပဏ္ဍိတစောဒက လက္ခဏာ (ဝိ-၅/၂၈၀)**

(၁) ရှေ့စကားနှင့် နောက်စကား၊ ဆီလျော်ဆန့်ကျင်မှု ရှိ, မရှိကို သိတတ်ခြင်း။

(၂) ရှေ့စကားနှင့် နောက်စကား၊ မဆန့်ကျင်အောင် ဆီလျော်အောင် ပြောဆိုရာ၌ လိမ္မာကျွမ်းကျင်မှုရှိခြင်း။

(၃) အမှုအကြောင်းအရာနှင့် စပ်ဆိုင်သောစကား မစပ်ဆိုင်သော စကားတို့ကို ခွဲခြား၍ သိတတ်ခြင်း။

(၄) အမှုနှင့်စပ်ဆိုင်သော စကားကို ပြောဆိုရာ၌ လိမ္မာကျွမ်းကျင်မှုရှိခြင်း (မှုခင်းဖြစ်ပွားပုံကို အစီအစဉ် စနစ်တကျ တင်ပြတတ်၏)။

## (ခ) စောဒကပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ-၄/၄၃၇။ ဝိ-၅/၂၈၃)

စောဒကပုဂ္ဂိုလ်သည် စုဒိတကပုဂ္ဂိုလ်ကို စောဒနာရာ၌ ဖော်ပြလတ္တံ့ပါ ကျင့်ဝတ်တရား ငါးပါးတို့၌ ရပ်တည်လျက် စောဒနာရမည်-

(က) သင့်လျော် လျောက်ပတ်သော အခါ၌ ပြောဆိုရမည်၊ မသင့်လျော်သော အခါ၌ မပြောဆိုရ။

(ခ) ဟုတ်မှန်သည်ကို ပြောဆိုရမည်၊ မဟုတ်မမှန်သည်ကို မပြောဆိုရ။

(ဂ) သိမ်မွေ့နူးညံ့စွာ ပြောဆိုရမည်၊ ကြမ်းတမ်းစွာ မပြော, မဆိုရ။

(ဃ) အကျိုးစီးပွားနှင့် စပ်သဖြင့် ပြောဆိုရမည်၊ အကျိုးစီးပွားနှင့် မစပ်သဖြင့် မပြောဆိုရ။

(င) မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြောဆိုရမည်၊ ဒေါသစိတ်ဖြင့် မပြော, မဆိုရ။

## (ဂ) စုဒိတကပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ-၄/၄၃၉။ ဝိ-၅/၂၈၃)

စုဒိတကပုဂ္ဂိုလ်သည် သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်၌ ဖော်ပြလတ္တံ့ပါ ကျင့်ဝတ်တရားနှစ်ပါး၌ တည်သောအားဖြင့် လိုက်နာကျင့်သုံးရမည်—

(က) လွန်ကျူးမိလျှင် လွန်ကျူးမိကြောင်း စသည်ဖြင့် အမှန်အတိုင်း ထွက်ဆိုရမည်။

(ခ) စောဒကပုဂ္ဂိုလ်၌ လည်းကောင်း၊ အမှုစစ်ဆေးသည့် ဝိနည်းဓိုရ်ဆရာတော် အပေါ်၌လည်းကောင်း တရားခွင်

သို့ လာရောက်နားထောင်ကြသည့် သံဃာ့ပရိသတ်၊ လူပရိသတ်၌လည်းကောင်း ဒေါသအမျက် မထွက်မိစေရန် သတိဖြင့် စောင့်ထိန်းရမည်။

(ဃ) တရားခွင်၌ ဝိနည်းမိုရ်ပုဂ္ဂိုလ် လိုက်နာကျင့်သုံးရန် (ဝိ-၅/၂၈၇)

(၁) စကားကို အလွန်မြန်စွာ မပြောရ၊ (ပီပြင်ပြတ်သားစွာ ပြောရမည်)။

(၂) ကြမ်းကြမ်းတမ်းတမ်း မပြောရ။

(၃) စောဒက၌ လည်းကောင်း၊ စုဒိတက၌ လည်းကောင်း ဒေါသအမျက် မထွက်စေရ။

(၄) အဆောတလျင် မစဉ်းမစား မပြောရ။

(၅) အငြင်းအခုန်ဖြစ်စေမည့် စကားမျိုးကို မပြောရ။

(၆) အကျိုးစီးပွားနှင့်မစပ်သော စကားကို မပြောရ။

(၇) တိရစ္ဆာနကထာကို မပြောရ။

(၈) မိမိကိုယ်တိုင် စွမ်းနိုင်ပါက တရားစကား ပြောဟောရမည်၊ သို့မဟုတ် တပါးကို ပြောဟောရန် တိုက်တွန်းရမည်၊ သို့မဟုတ် တိတ်ဆိတ်စွာ နေရမည်။

(င) ဝိနည်းမိုရ်ပုဂ္ဂိုလ် မမေးအပ်သော မေးခွန်းများ

(၁) စောဒက၊ စုဒိတကတို့၏ ဥပဇ္ဈာယ်ဆရာ၏ ဘွဲ့အမည်ကို မမေးအပ်။

(၂) စောဒက၊ စုဒိတကတို့၏ နိဿရည်းဆရာ၊ စာချဆရာ တို့၏ ဘွဲ့အမည်ကို မမေးအပ်။

(၃) စောဒက၊ စုဒိတကတို့နှင့် အတူနေတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၄) စောဒက၊ စုဒိတကတို့၏ အနီးနေတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၅) ဥပဇ္ဈာယ်တူတပည့်၏ ဘွဲ့အမည်ကို မမေးအပ်။

(၆) အတူတကွ စာသင်ဖက် ဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်၏ ဘွဲ့အမည် မမေးအပ်။

(၇) မင်းမျိုး၊ ပုဏ္ဏားမျိုးစသော အမျိုးကို မမေးအပ်။

(၈) ဂေါတမအနွယ်၊ ကဿပအနွယ် စသော အနွယ်ကို မမေးအပ်။

(၉) ဒီဃဘာဏက အာဂုံဆောင်ခြင်း စသော အာဂုံဆောင်မှုကို မမေးအပ်။

(၁၀) အမျိုးအထူးကို မမေးအပ်။

(၁၁) ဇာတိရပ်ရွာကို မမေးအပ်။

ဤမေးခွန်းများကို မမေးရန် တားမြစ်ထားခြင်းမှာ စောဒက၊ စုဒိတကသည် ဝိနည်းမိုရ်ပုဂ္ဂိုလ်နှင့် ဆရာတပည့် စပ်ခြင်း၊ အမျိုးအနွယ် အရပ်ဒေသ ဆက်စပ်မှုရှိခြင်း၊ တစ်ခုခု တွေ့ရှိရ၍ ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် စောဒက၊ စုဒိတကတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်း ဖြစ်လာနိုင်ပေသည်၊ ထိုချစ်ခြင်း၊ မုန်းခြင်းကို အခြေခံ၍ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်သည့်အခါ အဂတိတရားလေးပါး လိုက်စားခြင်းကို အခြေခံ၍ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်သည့်အခါ အဂတိတရားလေးပါး လိုက်စားမိတတ်လေသည်။ ထိုသို့ မဖြစ်စေရန်အတွက် အဆိုပါ မေးခွန်းများကို မမေးရန် ပရိဝါပါဠိတော်၌ တားမြစ်ထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် စောဒက၊ စုဒိတကနှင့် ၎င်းတို့၏

သက်သေများကို ဝိနည်းမိုရ်ပုဂ္ဂိုလ်က မေးမြန်းစိစစ်နေရန် မလိုဘဲ စောဒက၊ စုဒိတက ကိုယ်တိုင်က ဘွဲ့အမည်၊ အသက်၊ သိက္ခာ၊ နေရပ် လိပ်စာတို့ကို မှန်ကန်စွာ ရေးသားတင်သွင်းရမည် ဖြစ်ပါသည်။

## (စ) ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ ကျင့်ဝတ်များ (ဝိ-၅/၂၈၉)

(၁) သံဃာကို အလေးပြုသူ ဖြစ်ရမည်၊ ပုဂ္ဂိုလ်ကို အလေး ပြုသူ မဖြစ်ရ။

(၂) သူတော်ကောင်း တရားကို အလေးပြုသူ ဖြစ်ရမည်၊ အာမိသ (တံစိုးလက်ဆောင်)ကို အလေးပြုသူ မဖြစ်ရ။

(၃) အနက်အဓိပ္ပာယ် ကျရောက်သည့် အတိုင်းသာ ဆုံးဖြတ် ရမည်။

(၄) လျောက်ပတ်သော အခါ၌ မေးစိစစ်ရမည်၊ မလျောက် ပတ်သောအခါ၌ မေးစိစစ်ခြင်း မပြုရ။

(၅) ဟုတ်မှန်သော အကြောင်းဖြင့် မေးစိစစ်ရမည်၊ မဟုတ် မမှန်သော အကြောင်းဖြင့် မေးစိစစ်ခြင်း မပြုရ။

(၆) နူးညံ့သိမ်မွေ့သော အမူအရာ၊ စကားအသုံးအနှုန်းဖြင့် မေးစိစစ်ရမည်၊ ကြမ်းတမ်းသော အမူအရာ စကားအသုံး အနှုန်းတို့ဖြင့် မေးစိစစ်ခြင်း မပြုရ။

(၇) အကျိုးစီးပွားနှင့် စပ်သဖြင့် မေးစိစစ်ရမည်၊ အကျိုးစီးပွား နှင့် မစပ်သဖြင့် မေးစိစစ်ခြင်း မပြုရ။

(၈) မေတ္တာစိတ်ဖြင့် မေးစိစစ်ရမည်၊ ဒေါသစိတ်ဖြင့် မေးစိစစ် ခြင်း မပြုရ။

(၉) စောဒက၊ စုဒိတကနှင့် နှစ်ဖက်သက်သေတို့ကို နားရင်း၌ ကပ်၍ တီးတိုးစကား မပြောဆိုရ။

အကောက်မကြံအပ် (တစ်ဖက်သား ချောက်ကျအောင် အကွက်မဆင်ရ)။

စာဒက၊ စုဒိတကနှင့် သက်သေများအား ပြောသင့်၊ မပြောသင့် အချက်ပြသည့် အနေဖြင့် မျက်စိ မှိတ်မပြရ။

မျက်မှောက်ကြုတ် မပြရ။

ခေါင်းငြိမ့်ပြခြင်း ခေါင်းရမ်းပြခြင်း မပြုရ။

လက်ထောင်ပြခြင်း၊ လက်ဝါးဖြန့်ပြခြင်း စသော လက် အမူအရာ ဖောက်ပြန်ခြင်း မပြုရ။

လက်သီး ဆုပ်၍ မပြရ။

နေရာယူကြရန် လိမ္မာသူ ဖြစ်ရမည် (ထေရ်စဉ် ဝါစဉ်အရ မိမိအား သင့်လျော်သော နေရာကို ယူရမည်)။

ထိုင်ခြင်း၌ လိမ္မာသူ ဖြစ်ရမည် (မထေရ်ကြီးများကို တိုးဝှေ့ ခြင်း၊ ရဟန်းငယ်များကို တွန်းထိုး ဖယ်ရှားခြင်း မပြုရ)။

ထမ်းပိုးတစ်ပြန် (လေးတောင်ခန့်ကို)သာ ကြည့်ရမည်။

ဝိနိစ္ဆယ ချမှတ်နိုင်ရန်အတွက် မှုခင်းဖြစ်ပွားပုံကို ဝိနည်း ကျမ်းဂန်များဖြင့် နှိုင်းချိန်တွေးတောလျက် နေရမည်။

အမှုစစ်ဆေး ဆုံးဖြတ်နေချိန်တွင် မိမိနေရာ၌သာ နေရမည်။

အမှုစစ်ဆေး ဆုံးဖြတ်နေချိန်တွင် မိမိနေရာမှ ထ၍ ထိုထို ဤဤ သွားလာခြင်း မပြုရ။

ဝိနိစ္ဆယ အဆုံးအဖြတ်ကို မယုတ်မလျော့စေရ။

လမ်းလွဲ လမ်းမှားကို မမှီဝဲရ။

(၂၄) လက်သီး လက်ရုံးတန်း၍ မပြောဆိုရ။

(၂၅) ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့သည် ရေးကြီးသုတ်ပျာ အဆောတလျင် မဖြစ်စေရ။ (မကောင်းသော စကားကို အဆောတလျင် မပြောရ)

(၂၆) ကိုယ်အမူအရာ၊ နှုတ်အမူအရာ မကြမ်းတမ်းသူ ဖြစ်ရမည်။

(၂၇) စောဒက၊ စုဒိတကနှင့် သက်သေများက ဝိနည်းမှိုရ်များ အပေါ် မကောင်းပြောလာလျှင် သည်းခံနိုင်စွမ်း ရှိရမည်။

(၂၈) အစီးအပွားကို အလိုရှိသည်ဖြစ်၍ အမှုသည်များအပေါ် မေတ္တာစိတ် ထားရှိရမည်။

(၂၉) အစီးအပွားကို ရှာမှီးသည်ဖြစ်၍ အမှုသည်များအပေါ် ကရုဏာစိတ် ထားရှိရမည်။

(၃၀) စကားပြော မရှည်ဘဲ အပိုင်းအခြားရှိသော စကားကို ပြောဆိုရမည်၊ သိမ်ဖျင်းသော စကားများကို မပြောဆိုရ။

(၃၁) ရန်သူအလိုသို့လိုက်၍ မပြောဆိုရ၊ အငြင်းအခုန်ဖြစ်စေမည့် စကားမျိုးကို မပြောဆိုရ။

(၃၂) မိမိ စစ်ဆေးနေသည့် ဝိနည်းဓမ္မကံ မှုခင်းကို ဆုံးဖြတ်နိုင်အံ့လော၊ မဆုံးဖြတ် နိုင်အံ့လောဟု မိမိ၏ စွမ်းရည် ပမာဏကို နှိုင်းချိန်ရမည်။

(၃၃) ဤသံဃာ့ပရိသတ်သည် လဇ္ဇီပရိသတ်လော၊ အမှန်ကို နားလည်နိုင်စွမ်းရှိသလောဟု နှိုင်းယှဉ်နိုင်ရမည်။

(၃၄) ဓမ္မစောဒကလော၊ အဓမ္မစောဒကလောဟု စောဒကကို နှိုင်းချိန် စုံစမ်းရမည်။

(၃၅) ဓမ္မစုဒိတကလော၊ အဓမ္မစုဒိတကလောဟု စုဒိတကကို နှိုင်းချိန် စုံစမ်းရမည်။

(၃၆) အဓမ္မစောဒက၏ စွမ်းရည်ပမာဏကို သိရမည်။

(၃၇) အဓမ္မစုဒိတက၏ စွမ်းရည်ပမာဏကို သိရမည်။

(၃၈) ဓမ္မစောဒက၏ စွမ်းရည်ပမာဏကို သိရမည်။

(၃၉) ဓမ္မစုဒိတက၏ စွမ်းရည်ပမာဏကို သိရမည်။

(၄၀) စောဒက၊ စုဒိတကနှင့် နှစ်ဘက်သက်သေ အစစ်ခံ ထွက်ချက်များကို မယုတ်လျော့စေဘဲ အပြည့်အစုံ ရေးသား မှတ်တမ်းတင်ရမည်။

(၄၁) စောဒက၊ စုဒိတကနှင့် သက်သေများ ထွက်ဆိုချက် တင်ပြချက်များတွင် မပါဝင်သော အချက်အလက်များကို ထည့်သွင်းရေးမှတ်ခြင်း သုံးသပ်ခြင်း မပြုရ။

(၄၂) စောဒက၊ စုဒိတကသက်သေတို့၏ ထွက်ဆိုချက် တင်ပြချက်များအရ ဝိနိစ္ဆယတရားခွင်၌ သက်ဝင်သော ပုဒ်၊ ဝါကျတို့ကို ကောင်းစွာမှတ်သားပြီး ကောက်ချက်ထုတ်ယူပြီးလျှင် တစ်ဘက်အမှုသည်ကို အပြန်အလှန် မေးမြန်းစစ်ဆေး ဖြေဆိုရှင်းလင်းခွင့် ချေပခွင့် ပြုပြီးနောက် ဝန်ခံသည့်အလျောက် ဆုံးဖြတ်ရမည်။

(၄၃) နုံဖျင်းသော စောဒက၊ စုဒိတကတို့ကို စိတ်ဓာတ်တက်ကြွလာအောင် အားပေးစကား ပြောကြား၍ ရွှင်လန်းတက်ကြွအောင် ပြောဆိုရမည်။

ထ၂

(၄၄) အတွေ့အကြုံမရှိသဖြင့် သံဃာ့ပရိသတ် လူပရိတ်ဖြင့် ဝိနိစ္ဆယရုံးတော်ကို ကြောက်ရွံ့နေသော စောဒက၊ စုဒိတက အား မကြောက်ရွံ့စေရန် ရဲရဲဝံ့ဝံ့ ပြောတတ်စေရန် ဝိနည်းတရားတော်အရ လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအရလည်းကောင်း စောဒက၊ စုဒိတကတို့ ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားရမည်။

(၄၅) ဝိနိစ္ဆယရုံးတော်ကို မထီမဲ့မြင်ပြု၍ အမှုအရာ ခက်ထန် ကြမ်းတမ်းနေသော အမှုသည်ကို ဝိနိစ္ဆယရုံးတော်အား ရိုသေလေးစားလာအောင် ကြိမ်းမောင်း ခြိမ်းခြောက် ရမည်။

(၄၆) အလဇ္ဇီပုဂ္ဂိုလ်၏ မစင်ကြယ်မှုကို ထင်ရှားအောင် ပြုလုပ် ရမည်။

(၄၇) ဖြောင့်မတ်သော သီလဝန္တပုဂ္ဂိုလ်အား နူးညံ့စွာ ပြောဆို ရမည်။

(၄၈) ဆန္ဒာဂတိသို့ မလိုက်အပ်။

(၄၉) ဒေါသာဂတိသို့ မလိုက်အပ်။

(၅၀) မောဟာဂတိသို့ မလိုက်အပ်။

(၅၁) ဘယာဂတိသို့ မလိုက်အပ်။

(၅၂) ဓမ္မရေးရာ၌လည်းကောင်း၊ ပုဂ္ဂိုလ်ရေးရာ၌လည်းကောင်း တဘက်သတ် အစွဲမကြီးဘဲ အလယ်အလတ် မဖွဲ့မပင့်ပဒါ ကျကျ လိုက်နာကျင့်သုံးသူ ဖြစ်ရမည်။

**ဝိနည်းဓိုရ်၏ အရည်အချင်းများ (ဝိ-၅/၂၈၉)**

(၁) ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ပါရာဇိကဝတ္ထု၊ သံဃာဒိသိသ်ဝတ္ထု၊ ပါစိတ္တိယဝတ္ထု၊ ပါဋိဒေသနီယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု၊ ဒုဗ္ဘာသိတ ဝတ္ထုကို သိရှိနားလည်ရမည်။

(၂) ဝိပ္ပတ္တိ (၄)မျိုးကို သိရှိနားလည်ရမည်။

(၃) အာပတ်(၇)ပုံကို သိရှိနားလည်ရမည်။
(၄) အာပတ်တို့၏ နိဒါန်းကို သိရှိနားလည်ရမည်။
(၅) သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏ အချင်းအရာကို သိရှိ နားလည် ရမည်။
(၆) သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၏အဓိကရုဏ်းကို ဓမ္မဝိနယနှင့် အညီ မေးစစ်ခြင်းငှာ စွမ်းနိုင်အံ့လော၊ မစွမ်းနိုင်အံ့လောဟု အချင်းအရာကို နားလည်ရမည်။ စောဒက၊ စုဒိတက တို့သည် မိမိတို့ကျင့်ဝတ်၌ တည်-မတည်ကို သိရှိ နားလည်ရမည်။
(၇) စောဒကနှင့် စုဒိတကတို့သည် ရှေ့စကား နောက် စကားမတူ ကွဲပြား အမျိုးမျိုးပြောင်းလဲ ပြောဆိုနေသလော၊ တည်တည် တံ့တံ့ တသမတ်တည်း ပြောဆိုနေ သလော၊ ဝန်ခံပြီးသည်ကို ငြင်းပယ်ခြင်း၊ ငြင်းပယ်ပြီးသည်ကို ဝန်ခံခြင်းပြုသလောဟု ချင့်ချိန် နာလည်ရမည်။
(၈) ရဟန်းတော်များ ပြုအပ်သောအမှု မပြုအပ်သောအမှုတို့ကို ကွဲပြားနားလည်ရမည်။
(၉) ဝိနည်းဓမ္မကံ (၁၆)မျိုးကို နားလည်ရမည်။
(၁၀) အဓိကရုဏ်း (၄)မျိုးကို နားလည်ရမည်။
(၁၁) သမထ (၇)ပါးကို နားလည်ရမည်။
(၁၂) ဆန္ဒာဂတိသို့ မလိုက်အပ်။
(၁၃) ဒေါသာဂတိသို့ မလိုက်အပ်။
(၁၄) မောဟာဂတိသို့ မလိုက်အပ်။
(၁၅) ဘယာဂတိသို့ မလိုက်အပ်။

တရားလမ်းကြောင်းအမှန်ကို လိုက်၍ သိစေအပ်သောအရာ၌ သိစေ၏။

တရားလမ်းကြောင်းအမှန်ကို ပြ၍ ရှုစေအပ်သော အရာ၌ ရှုစေ၏။

တရားလမ်းကြောင်းအမှန်ကို ပြ၍ ငဲ့အပ်သောအရာ၌ ငဲ့၏။

တရားလမ်းကြောင်းအမှန်ကို ပြ၍ ကြည်လင်စေအပ်သော အရာ၌ ကြည်လင်စေ၏။

မိမိက ပရိသတ် အသင်းအပင်း အင်အားသာလွန်သဖြင့် အင်အားနည်းသူအပေါ်၌ မမှန်မကန် ပြုကျင့်သောအားဖြင့် မထီမဲ့မြင်မပြုရ။

မိမိက အကြားအမြင် ဗဟုသုတများသူဖြစ်၍ အကြားအမြင် နည်းပါးသူအပေါ်၌ မမှန်မကန် ပြုကျင့်သောအားဖြင့် မထီမဲ့မြင် မပြုရ။

မိမိက မထေရ်ကြီးဖြစ်သည်ဟူ၍ ရဟန်းငယ်တို့အပေါ်၌ မမှန်မကန် ပြုကျင့်သောအားဖြင့် မထီမဲ့မြင်မပြုရ။

မိမိအား တာဝန်မပေးအပ်သေးသည့် ဝိနည်းဓမ္မကံ မှုခင်း တစ်ခုကို ကြိုတင်ဆုံးဖြတ်ခြင်းမပြုရ၊ (ဝါ) ဝိနိစ္ဆယ တရားခွင် သို့ မရောက်မီ ကြိုတင်၍ ဝိနိစ္ဆယဆုံးဖြတ်ချက် ချမထားရ။ ဝိနည်းဓမ္မကံ မှုခင်းတစ်ခုနှင့်စပ်လျဉ်း၍ အာပတ်သင့်သည် မသင့်သည်စသည်ဖြင့် မိမိအယူအဆကို ကြိုတင် ထုတ်ဖော် ပြောဆိုထားမိပါက ယင်း ဝိနည်းဓမ္မကံမှုခင်းကို လက်ခံ ဆုံးဖြတ်ခြင်း မပြုသင့်။

မိမိထံ ရောက်လာသော ဝိနည်းဓမ္မကံမှုခင်းကို ဓမ္မ လမ်းကြောင်း၊ ဝိနိစ္ဆယလမ်းကြောင်းမှ မတိမ်းစောင်း မယုတ်လျော့စေဘဲ ပြည့်ပြည့်စုံစုံဖော်ပြ၍ သုံးသပ် ဆုံးဖြတ်ရမည်။

# နောက်ဆက်တွဲ (ဂ)

## တရားဥပဒေရေးရာ ကောက်နုတ်ချက်များ

### တရားရေးရာ

၁။ အချင်းချင်း (တရားမ)မှုခင်း ဖြစ်ပွားရာတွင် တရားရုံးများက ဝင်ရောက်ဆုံးဖြတ်ပေးရခြင်းဖြစ်သဖြင့် တရားလိုက တရားရုံး စရိတ်စက နှင့် အစိုးရ၏ စရိတ်စကကို ကျခံသည့်သဘောဖြင့် အမှုတန်ဖိုးအလိုက် လိုအပ်သော တံဆိပ်ခေါင်းများကို ဝယ်ယူ၍ ကပ်ရသည်။

[ရုံးအခွန်တော် ဥပဒေပုဒ်မ-၇]

၂။ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်များ ရုံးခေါ်စာ အတည် ဖြစ်လျက် တရားရုံးသို့လာရောက်ရန် ပျက်ကွက်ပါလျှင် တရားရုံးသည် အမှုကို တစ်ဖက်သတ် စစ်ဆေးရန် အမိန့်ချမှတ်နိုင်ပါသည်။ အရှုံးအနိုင် စီရင်ချက်ကိုလည်း ချမှတ်နိုင်ပါသည်။

၃။ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်များ တရားရုံးသို့လာရောက်၍ အဆိုလွှာတွင် ဖော်ပြချက်များအတိုင်း ဝန်ခံပါလျှင် တရားရုံးသည် ယင်း ဝန်ခံချက်အရ တရားလို စွဲဆိုသည့်အမှုကို စွဲဆိုသည့်အတိုင်း စီရင်ချက် ဒီဂရီ ချမှတ်ပေးနိုင်ပါသည်။

[တရားမကျင့်ထုံး အမိန့် ၁၂၊ နည်းဥပဒေ ၆(၁)]

၄။ တရားလိုနှင့် တရားပြိုင်တို့က မိမိတို့အချင်းချင်း နှစ်ဦးသဘောတူ ချက်များအတိုင်း စီရင်ချက်ဒီဂရီချမှတ်ပေးပါရန် လျှောက်ထားပါလျှင် တရားရုံးသည် ယင်းတို့၏ သဘောညှိချက် စည်းကမ်းချက်များအတိုင်း စီရင်ချက်ဒီဂရီ ချမှတ်နိုင်ပါသည်။

[တရားမကျင့်ထုံး အမိန့် ၁၅၊ နည်းဥပဒေ ၁]

၅။ အဆိုလွှာ၊ အချေလွှာ၊ အဖြေလွှာများ တင်သွင်းပြီးသည့်အခါ တရားရုံး ကောက်ချက်များထုတ်ပြီးလျှင် သက်သေပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးပေးရန် အမှုချိန်းဆိုရပါမည်။

[တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ ၁]

၆။ အမှုကြားနာရန် ချိန်းဆိုသောနေ့၌ သက်သေပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးရပါမည်၊ သာမန်အားဖြင့် တရားလိုသည် စွပ်စွဲချက်များ ထင်ရှားအောင် သက်သေပြရသည့်အတွက် တရားလိုဘက်ကို စတင်စစ်ဆေးရပါသည်၊ အကယ်၍ သက်သေပြရန် တာဝန်သည် တရားပြိုင်အပေါ်၌ ကျရောက်ပါလျှင် တရားပြိုင်နှင့် တရားပြိုင်သက်သေများကို စတင်စစ်ဆေးရပါမည်။

[တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ ၁]

၇။ တရားလိုနှင့် တရားလိုဘက်က တင်ပြသည့် သက်သေများကို စစ်ဆေးသည့်အခါ တရားပြိုင်၊ သို့မဟုတ် တရားပြိုင်၏ ကိုယ်စားလှယ်က ပြန်လှန်မေးခွန်းထုတ်နိုင်ပါသည်၊ တရားလိုနှင့် တရားလိုသက်သေများကို စစ်ဆေးစဉ် တရားလိုဘက်မှဖြစ်စေ၊ တရားပြိုင်ဘက်မှဖြစ်စေ စာရွက်စာတန်း အမှတ်အသား တင်သွင်းနိုင်ပါသည်။

[သက်သေခံ ဥပဒေပုဒ်မ ၁၃၈]

၈။ တရားပြိုင်နှင့် တရားပြိုင်ဘက်က တင်ပြသော သက်သေများကို စစ်ဆေးသည့်အခါ တရားလို၊ သို့မဟုတ် တရားလို၏ ကိုယ်စားလှယ်က ပြန်လှန်မေးခွန်းထုတ်နိုင်ပါသည်၊ နှစ်ဖက်အမှုသည်များ စာရွက်စာတမ်းများ တင်သွင်းနိုင်ပါသည်။

၉။ တရားလို၊ တရားပြိုင်နှင့် သက်သေများကို စစ်ဆေးခြင်းမပြုမီ ကတိသစ္စာ ပြုစေရပါမည်။

၁၀။ သက်သေများသည် နှုတ်ဖြင့် သက်သေခံစေရပါမည်။
[တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ ၄]

၁၁။ တရားစီရင်ရေး အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ တရားစီရင်ရေးအဖွဲ့က ညွှန်ကြားသူကဖြစ်စေ သက်သေထွက်ဆိုချက်များကို တိကျစွာ ရေးမှတ်ရပါမည်။ အမေးအဖြေသဘောမျိုး ရေးမှတ်နိုင်ပါသည်။ အမှုသည်တစ်ဦးက တောင်းဆိုပါလျှင် အမေးနှင့်အဖြေကို ရေးမှတ်ထားရပါမည်။
[တရားမကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ-၅၊ နည်းဥပဒေ-၁၀]

၁၂။ သက်သေများကို နှုတ်ဖြင့်စစ်ဆေးစဉ် တစ်ဖက်အမှုသည်ဘက်က မေးခွန်းတစ်ခုခု စစ်မေးခြင်းကို ကန့်ကွက်ပါလျှင် သက်သေခံချက်မှတ်တမ်းတွင် ပင်ကိုယ်မေးခွန်းကို ရေးမှတ်ရပါမည်၊ ကန့်ကွက်ချက်ကိုလည်း ရေးမှတ်ရပါမည်၊ ထိုမေးခွန်းကို ဥပဒေအရ မေးနိုင်ခွင့် ရှိ၊ မရှိ ဆုံးဖြတ်ရပါမည်။ [တရားကျင့်ထုံး အမိန့် ၁၈၊ နည်းဥပဒေ-၁၁]

၁၃။ သက်သေကို ခေါ်ယူသူက ပထမ စစ်ဆေးရပါမည်။ ထို့နောက် တစ်ဘက်အမှုသည်ဘက်မှ စစ်ဆေးရပါမည်။ စစ်ဆေးပြီးသောအခါ ခေါ်ယူသူက ထပ်မံ ရှင်းပေးနိုင်ပါသည်။ [သက်သေခံ ဥပဒေပုဒ်မ-၁၃၈]

၁၄။ တရားရုံးက မည်သည့်အခါ၌မဆို မရှင်းလင်းသော အချက်များနှင့် ပတ်သက်၍ မေးမြန်းနိုင်ပါသည်။ ယင်းသို့ မေးမြန်းသည့်အခါ ရုံးမေးဟု မှတ်တမ်းတင်ရပါမည်။

၁၅။ သက်သေ၏ နှုတ်သက်သေခံချက်ကို ရေးမှတ်ထားပြီးသည့်အခါ သက်သေအား ဖတ်ပြရပါမည်။ သက်သေထွက်ချက်ကို တရားစီရင်ရေးအဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရပါမည်။

၁၆။ သက်သေအဖြစ်တင်သွင်းသော စာရွက်စာတမ်း အမှတ်အသားများ၊ သက်သေခံချက်များ တင်သွင်းလာသည့်အခါ လက်ခံ၍ အမှတ်စဉ်တပ်ပြီးလျှင် ယင်းစာတမ်း အမှတ်အသားပေါ်တွင် လက်မှတ်ရေးထိုးရပါမည်။ တရားလိုဘက်က တင်သွင်းလျှင် (က)၊ (ခ)စသည်ဖြင့် မြန်မာ့အက္ခရာအတိုင်း မှတ်သားရပါမည်၊ တရားပြိုင်ဘက်က တင်သွင်းလျှင် (၁) (၂) စသည်ဖြင့် မြန်မာဂဏန်းစဉ်အတိုင်း မှတ်သားရပါမည်။ [တရားမကျင့်ထုံး အမိန့်-၁၃၊ နည်းဥပဒေ-၁၊ တရားရုံးလက်စွဲ အပိုဒ် (၁၀၇၅)]

၁၇။ သက်သေခံ စာတမ်း အမှတ်အသားတစ်ခုကို တစ်ဖက် အမှုသည်က တင်သွင်းခြင်းကို အခြားတစ်ဖက် အမှုသည်ဘက်က ကန့်ကွက်ပါလျှင် ထိုကန့်ကွက်ချက်ကို သက်သေထွက်ချက် မှတ်တမ်း၊ သို့မဟုတ် နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ရပါမည်။ (ဥပဒေအရ) လက်ခံနိုင် မခံနိုင် စဉ်းစားရပါမည်။ လက်ခံပါလျှင် လက်ခံသည်ဟု ရေးမှတ်ရပါမည်။ လက်မခံလျှင် လက်မခံနိုင်ဟု အမိန့်ချမှတ်ရမည်။

[တရားမကျင့်ထုံး အမိန့်-၁၃]

၁၈။ နှစ်ဖက် အမှုသည်များက သဘောတူညီလျှင် ယင်းသဘောတူညီချက်အတိုင်း သက်သေခံချက်ကို လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထည့်သွင်းစဉ်းစားခြင်းပြု၍ အမှုကို ဆုံးဖြတ်ရပါမည်။

၁၉။ နှစ်ဖက်အမှုသည်များက အကြောင်းအချက်တစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေမတင်ပြဘဲ မည်သို့ရှိသည်၊ မည်သို့ဖြစ်သည်ဟု သဘောတူညီကြပါလျှင် ယင်းသဘောတူညီချက်ကို လက်ခံ၍ အဆုံးအဖြတ်ပေးရမည်။

၂၀။ နှစ်ဘက်အမှုသည်ဘက်က တင်ပြသော သက်သေခံချက်များကို မှတ်တမ်းတင်ပြီးနောက် အပြီးသတ် လျှောက်လဲချက် နာကြားရပါမည်။

၂၁။ နှစ်ဘက်အမှုသည်၊ သို့မဟုတ် ကိုယ်စားလှယ်တို့သည် နှုတ်ဖြင့် လျှောက်လဲချက် ပေးနိုင်ပါသည်။ စာဖြင့် ရေးသားထားသော လျှောက်လဲ

ချက်ကို အခြေပြု၍ နှုတ်ဖြင့် ရှင်းလင်းတင်ပြနိုင်ပါသည်။ တရားစီရင်ရေး အဖွဲ့သည် မရှင်းလင်းသောအချက်များကို လျှောက်လဲချက်ပေးသူအား မေးမြန်းနိုင်ပါသည်။

၂၂။ အပြီးသတ် လျှောက်လဲချက် ကြားနာပြီးနောက် တရားစီရင်ရေး အဖွဲ့သည် စီရင်ချက် ချမှတ်ရပါမည်။

## ဥပဒေရေးရာ

၂၃။ အမှုများကို စစ်ဆေးစီရင်ရာတွင် အချင်းအရာများကို နှုတ်သက်သေခံချက်ဖြင့် ဖြစ်စေ၊ အမှတ်အသား သက်သေခံချက်ဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ အထောက်အထားတင်ပြနိုင်သည်။

၂၄။ နှုတ်သက်သေခံချက်မှာ တရားရုံးရှေ့မှောက်တွင် သက်သေက နှုတ်ဖြင့် ထွက်ဆိုချက်ပင် ဖြစ်ပါသည်။

၂၅။ မည်သူမဆို အသက်အရွယ်မရွေး သက်သေခံနိုင်ခွင့် ရှိပါသည်။ သို့ရာတွင် အသက်အရွယ် ငယ်လွန်း၍ဖြစ်စေ၊ အလွန်အိုမင်း၍ဖြစ်စေ ရောဂါစွဲကပ်ခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် မေးမြန်းချက်ကို နားလည်ခြင်းမရှိ၊ အကြောင်းအားလျော်စွာ ဖြေဆိုနိုင်ခြင်းမရှိဟု ယူဆရန် ရှိသူများကိုမူ သက်သေအဖြစ် အစစ်ခံခြင်းမပြုနိုင်ပါ။ ရူးသွပ်သူသည် မေးမြန်းချက်ကို နားလည်ပြီး ကောင်းစွာဖြေကြားနိုင်ရန် စိတ်ကောင်းဝင်နေသော အချိန်၌ သက်သေခံခွင့်ရှိပါသည်။ [သက်သေခံ ဥပဒေ-၁၁၈]

၂၆။ ဆွံ့အ၍ စကားမပြောနိုင်သော သက်သေမှာ စာရေးခြင်း၊ အရိပ်အမြွက်ပြခြင်းစသော နားလည်နိုင်အောင် ယင်းသူပြုနိုင်သော အခြားမည်သည့်နည်းနှင့်မဆို သက်သေခံခွင့်ရပါသည်။ ယင်းသက်သေခံချက်ကို နှုတ်သက်သေခံချက်အဖြစ် မှတ်ယူပါမည်။ [သက်သေခံ ဥပဒေ-၁၁၉]

၂၇။ သက်သေများကို စစ်ဆေးရာတွင် ဖော်ပြပါ အဂ္ဂီအစဉ်အတိုင်း စစ်ဆေးရပါမည်-

(က) အဓိကစစ်မေးခြင်း၊

(ခ) ပြန်လှန်စစ်မေးခြင်း၊

(ဂ) ထပ်မံစစ်မေးခြင်း၊

[သက်သေခံ ဥပဒေ-၁၃၇]

၂၈။ မိမိတင်ပြသော သက်သေကို မိမိဘက်မှ စတင် စစ်ဆေးရပါမည်။ ယင်းသို့ စစ်မေးခြင်းကို အဓိကစစ်မေးခြင်းဟု ခေါ်ပါသည်။

၂၉။ မိမိဘက်မှ သက်သေကို တစ်ဖက်အမှုသည်ဘက်မှ ပြန်လှန် မေးခွန်းများဖြင့် မေးမြန်းစစ်ဆေးခြင်းသည် ပြန်လှန်စစ်ဆေးခြင်း ဖြစ်ပါသည်။

၃၀။ ပြန်လှန်စစ်မေးပြီးနောက် မိမိသက်သေအား မိမိက ထပ်မံ စစ်မေးခြင်းကို ထပ်မံစစ်မေးခြင်းဟု ခေါ်ပါသည်။ ပြန်လှန်စစ်မေးခြင်း ရှိမှသာ ထပ်မံစစ်မေးခြင်း ရှိရပါမည်။

၃၁။ အဓိကစစ်မေးခြင်းတွင် စပ်ဆိုင်သော အကြောင်းခြင်းရာများနှင့်သာ သက်ဆိုင်ပါသည်။ ယင်းအကြောင်းခြင်းရာများ ပေါ်ပေါက်လာရန် ဖြစ်သော်လည်း အဓိကစစ်မေးခြင်းတွင် ရေလာမြောင်းပေး မပြုလုပ်ရပါ။

[သက်သေခံ ဥပဒေ-၁၃၈]

၃၂။ ပြန်လှန်စစ်မေးခြင်းတွင် စပ်ဆိုင်သော အခြင်းအရာများကိုလည်း မေးနိုင်ပါသည်။ အဓိကစစ်မေးချက်တွင် မပါဝင်သေးသောအချက်များကိုပါ ဖော်ထုတ်ရန်အတွက် မေးမြန်းနိုင်ပါသည်။ နိမိတ်ပြမေးခွန်းများလည်း မေးနိုင်ပါသည်။ [သက်သေခံ ဥပဒေ-၁၄၃]

၃၃။ ထပ်မံစစ်မေးခြင်းမှာ ပြန်လှန်စစ်မေးရာတွင် ပေါ်ပေါက်လာသည့် အချက်အလက်များပေါ်သာ မူတည်၍ မေးခွင့်ရှိပါသည်။ အချက်အလက်သစ်များကို မေးခွင့်မရှိပါ။ အချက်အလက်သစ်များ ပေါ်ပေါက်လာ၍ မေးမြန်းလိုပါက တရားရုံး၏ခွင့်ပြုချက်ကို ရှေးဦးစွာ တောင်းခံရပါသည်။ အခြေအနေကို သုံးသပ်ပြီး တရားရုံးက ခွင့်ပြုရပါသည်။

၃၄။ အကျင့်စာရိတ္တနှင့်ပတ်သက်၍ တင်ပြသည့်သက်သေကို ပြန်လှန်စစ်မေးခွင့်နှင့် ထပ်မံစစ်ဆေးခွင့် ရှိပါသည်။ [သက်သေခံ ဥပဒေ-၁၄၀]

၃၅။ တရားရုံးသည် စပ်ဆိုင်သော အခြင်းအရာ တစ်စုံတစ်ရာနှင့် သက်ဆိုင်၍ဖြစ်စေ၊ မစပ်ဆိုင်သောအခြင်းအရာ တစ်စုံတစ်ရာနှင့်ဖြစ်စေ မေးလိုသည့် မည်သည့်မေးခွန်းမျိုးကိုမဆို မည်သည့်သက်သေ မည်သည့်အမှုသည်အား မည်သည့်အခါ၌မဆို မေးခွင့်ရပါသည်။ ထို့ပြင် မည်သည့်စာချုပ်စာတမ်းကိုမဆို တင်ပြရန် ဆင့်ဆိုခွင့်ရှိပါသည်။ သို့ရာတွင် (တရားဥပဒေအရ) စပ်ဆိုင်ကြောင်း ထင်ရှားရန်လိုပါသည်။

၃၆။ မေးမြန်းသူ အလိုရှိသည့် ဖြေဆိုချက်ကိုဖြစ်စေ၊ ထိုသူ မျှော်လင့်သည့် ဖြေဆိုချက်ကိုဖြစ်စေ အရိပ်အမြွက်ပြသော မည်သည့်မေးခွန်းကိုမဆို နိမိတ်ပြမေးခွန်းဟု ခေါ်ဆိုပါသည်။

၃၇။ နိမိတ်ပြ မေးခွန်းကို-

(၁) ပြန်လှန်စစ်မေးခြင်းတွင်သာ မေးနိုင်ပါသည်။

(၂) အငြင်းမပွားသော၊ ဝန်ခံပြီးဖြစ်သော သက်သေအထင်အရှားပြရန် မလိုသော အကြောင်း အချင်းအရာများအတွက် မေးမြန်းနိုင်ပါသည်။

(၃) တရားရုံး၏ ခွင့်ပြုချက်ကို ခံယူပြီးမှ မေးနိုင်ပါသည်။
[သက်သေခံ ဥပဒေ-၁၄၃]

---------

နောက်ဆက်တွဲ (ဃ)

# သာသနာ့မြေနှင့်ပတ်သက်၍ သိမှတ်ဖွယ်များ

(မြေစာရင်းလက်စွဲမှ ကောက်နုတ်ချက်များ)

၁။ **သာသနာ့မြေသည်-**

(၁) ကျေးလက်တောရွာရှိ သာသနာ့မြေ၊

(၂) မြို့ပေါ်ရှိ သာသနာ့မြေ-

ဟူ၍ နှစ်မျိုးရှိသည်။

ငင်းသာသနာ့မြေ(၂)မျိုးလုံးသည် တစ်ဧကထက်မကျော်လျှင် ကော်လိပ်အရာရှိက ခွင့်ပြုနိုင်သည်။

၂။ **တောသာသနာ့မြေများမှာ-** (၁/က) မှတ်ပုံတင်စာအုပ်တွင် လုံး၀ မှတ်ပုံတင်ထားခြင်း မရှိပါ။ သာသနာ့မြေဟု အသိအမှတ်ပြု မြစိမ်းရောင်ဆေးခြယ်ထားသော တောသာသနာ့မြေလည်း အတော်ရှားပါသည်။ မြစိမ်းရောင်ခြယ်မှသာလျှင် အခိုင်အမာ သက်သေထူနိုင်ပါသည်။

၃။ **မြို့ပေါ်ရှိသာသနာ့မြေများမှာ-** မြစိမ်း ရောင်ဆေးခြယ်ထားရုံမျှဖြင့် မပြီးပါ၊ (၁/က)မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါသည်။ မြို့မြေတိုင်းစာရင်းမှာ လက်ရှိကိုင်တွယ်အသုံးပြုနေသော မြေပုံများ မှန်ကန်မှု ရှိ-မရှိ ကော်လိပ်အရာရှိ၏ ခွင့်ပြုမိန့်ဖြင့် ကျောက်တိုက်တွင်ရှိသော (၁၄/၁၅)မူလမြေပုံနှင့် တိုက်ဆိုင်ကြည့်နိုင်ပါသည်၊ ကွဲလွဲချက်များတွေ့ရှိလျှင် (၁/က)မှတ်ပုံတင်စာအုပ်ဖြင့် တိုက်ဆိုင်ကြည့်မှ အမှန်ပေါ်လာမည် ဖြစ်ပါသည်။

၄။ (၁/က) မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ပုံမှာ-ကော်လိပ်တော် အရာရှိက (ဥပမာ) အရှေ့ကျောင်း အနောက်ကျောင်း စသည် စပ်ဆိုင်သူများကို ခေါ်ယူအမှုဖွင့် စိစစ်ခွင့်ပြုပြီး အမှုတွဲနံပါတ်နှင့်တကွ ၎င်းအမှုတွဲအပြည့်အစုံကို လယ်ဝန် (ခ) မြေစာရင်းဦးစီးမှူးထံသို့ ပေးပို့ရပါသည်။

မြေစာရင်းဦးစီးမှူးက အင်စပိတ်တော်ကို (၁/က) မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရန် တာဝန်ပေးပါသည်။

အင်စပိတ်တော်က မြို့မြေတိုင်းစာရေးအား (၁/က) မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရန် တာဝန်ပေးအပ်ရပါသည်။

မြို့မြေတိုင်းစာရေးက မြေစာရင်းလက်စွဲ ဥပဒေစာအုပ် စာမျက်နှာ(၁၁၁) ပုဒ်မ(၅၅၃)အရ နံပါတ်(၁) (အမှုတွဲနံပါတ်)ဟူသော ခေါင်းစီးအောက်တွင် ကော်လိပ်တော်အရာရှိ၏ အမှုတွဲနံပါတ်နှင့် အမှုတွဲဖွင့်နေ့စွဲအကြောင်းအရာများကို ရေးသွင်းရပါသည်။

နံပါတ်(၂) (ဆိုင်သူများနှင့်မြေတိုင်းစာရေး) ဟူသော ခေါင်းစီးအောက်တွင် (ဥပမာ)အရှေ့ကျောင်းပိုင်ဆိုင်သူ ဆရာတော်, အနောက်ကျောင်းပိုင်ဆိုင်သူ ဆရာတော်နှစ်ပါးနှင့် မြို့မြေတိုင်းစာရေး(၃)ဦးတို့ကိုယ်တိုင် လက်မှတ်ရေးထိုးရပါသည်။

မြေစာရင်းလက်စွဲ ဥပဒေစာအုပ် စာမျက်နှာ(၁၁၁)ပုဒ်မ(၅၅၃) အရ မြို့မြေတိုင်းစာရေးက(၁/က) မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားသည်များကို တိကျမှန်ကန်မှု ရှိ,မရှိ စိစစ်ပြီးမှသာ (၁/က) မှတ်ပုံတင်စာအုပ် နံပါတ်(၃) (အရာရှိလက်မှတ်)ဟူသော ခေါင်းစီးအောက်တွင် မြို့မအင်စပိတ်တော်က နေ့စွဲနှင့်တကွ ကိုယ်တိုင်လက်မှတ် ရေးထိုးရပါသည်။

**မှတ်ချက်။** ။မြို့မအင်စပိတ်ဘော်က စိစစ်ပြီး နေ့စွဲနှင့်တကွ ကိုယ်တိုင် လက်မှတ်ရေးထိုးမှသာလျှင် တရားဝင်အတည် ဖြစ်ပါ သည်။

(၁/က)မှတ်ပုံတင်စာအုပ်တွင် မြို့မအင်စပိတ်တော်က ကိုယ်တိုင် လက်မှတ်ရေးထိုးသဖြင့် တရားဝင်အတည်ဖြစ် သော (၁/က)မှတ်ပုံတင်နှင့်ကိုက်ညီသော မြေပုံသာတရား ဝင် အတည်ဖြစ်ပါသည်။

၅။ **မြေစာရင်း ဥပဒေ ရှုထောင့်အရ အခွန်လွတ် သာသနာ့ မြေနှင့် ပတ်သက်၍ ဖြစ်သင့်သည်မှာ-** (၁/က) မှတ်ပုံတင်စာအုပ် တွင် လည်းကောင်း၊ မြေပုံပေါ်တွင် လည်းကောင်း ဘုန်းတော်ကြီးဘွဲ့ အမည် လုံးဝ မရှိသင့်ပါ။ ဦးပိုင်နံပါတ် သာသနာ့နယ်မြေဟူသော အမည် နှင့် ကျောင်းတိုက်အမည် ဘုရားအမည်များသာ ရှိသင့်ပါသည်။

ကျောင်းတိုက်များ၊ ဘုရားများပိုင်ဆိုင်မှုမှာ “သုဒိန္န သုဂဟိတ” ဝိနည်းဥပဒေအတိုင်းသာ ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

၆။ ဝိနိစ္ဆယအဖွဲ့သည် မြေပုံမှန် ဖြစ်,မဖြစ်အတွက် ရုံးခေါ်သက်သေ အဖြစ် မြေစာရင်းဦးစီးမှူး၊ မြို့မအင်စပိတ်တော်၊ မြို့မြေတိုင်းစာရေးများ ကို ဆင့်ခေါ်မေးစိစစ်သင့်သည်။

------

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ထပ်မံပြင်ဆင်ဖြည့်စွက်ချက်များ)

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့တို့က ညှိနှိုင်း၊ ပြေငြိမ်း၊ စစ်ဆေးဆုံးဖြတ်ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ကျော်လွှန်နိုင်ရန် ဤလုပ်ထုံးလုပ်နည်းများကို ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးမှ ပဥ္စမအစည်းအဝေးအထိ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပြီး ယင်း ပြင်ဆင်ဖြည့်စွက်ချက်များကို ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်၊ (၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်)နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းသို့ ပြဋ္ဌာန်းထားသည့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်တို့က ညှိနှိုင်းစစ်ဆေးဆုံးဖြတ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရာတွင် ထပ်မံကြုံတွေ့ရခဲ့ရသော အခက်အခဲများကို ပြေလည်လွန်မြောက်နိုင်ရန်အတွက် ယင်းဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)ကို ထပ်မံပြင်ဆင်ဖြည့်စွက်ခြင်း၊ ဖြုတ်ပယ်ခြင်းများ ပြုလုပ်ခဲ့ရာ ၁၉၈၆-ခုနှစ်မှ ၁၉၉၁-ခုနှစ်အတွင်း သုံးကြိမ် ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့ကြပါသည်။ ယင်းပြင်ဆင် ဖြည့်စွက်ချက်များကို နှစ်အလိုက် စုစည်း၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

## ၁၃၄၉-ခုနှစ်၊ နယုန်လဆန်း (၁၂/၁၃)ရက် ၁၉၈၇-ခုနှစ်၊ ဇွန်လ (၈/၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးမှ ပြင်ဆင်ဖြည့်စွက်ချက်-

၁။ ယင်းလုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း(၆) အပိုဒ် (၃၉)၌-

"သံဃဝိနိစ္ဆယအဖွဲ့၏ ပင့်လျှောက်/ဆင့်ခေါ်စာကို (၃)ကြိမ်တိုင်တိုင် ရရှိပါလျက် စောဒကသော်လည်းကောင်း၊ စုဒိတကသော်လည်းကောင်း လုံလောက်သော အကြောင်းမပြဘဲ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ပါက သံဃဝိနိစ္ဆယအဖွဲ့သည် ထိုအကြောင်းမပြဘဲ ပျက်ကွက် သူကို လာရောက်အမှုဆိုင်ရန်"-

ဟူသော စာသားကို ဖြုတ်ပယ်၍-

"ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်နိုင်ရန်အတွက် သက်ဆိုင်ရာ သံဃနာယကအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အကူအညီဖြင့် (၇)ရက်ခြား (၃)ကြိမ် ပင့်လျှောက်/ဆင့်ခေါ်ရမည်။ ယင်းသို့ ပင့်လျှောက် ဆင့်ခေါ်ပါလျှက် စောဒက၊ စုဒိတကများ မလာမရောက် ပျက်ကွက်နေလျှင်သော်လည်းကောင်း ဝိနိစ္ဆယအဖွဲ့ရုံးသို့ ကိုယ်တိုင်လာရောက်ပြီးနောက် သံဃဝိနိစ္ဆယအဖွဲ့က ရက်ချိန်းပေးသောနေ့တွင် ကိုယ်တိုင်လာရောက်ရန် ပျက်ကွက်နေလျှင်သော်လည်းကောင်း ယင်းသို့ မျက်ကွယ်၌ပင် ဖြစ်စေကာမူ ယင်းတို့၏ မျက်မှောက်၌ကဲ့သို့ စစ်ဆေးဆုံးဖြတ်နိုင်သည်"

ဟု ပြင်ဆင်ဖြည့်စွက်ရန်။

၂။ အခန်း(၆)၊ အပိုဒ်(၄၄)၊ နောက်ဆက်တွဲ ပုံစံ(ဂ)၊ အပိုဒ် (၁၈)၌-

"အယူခံ တက်/မတက် မေးမြန်း၍ မှတ်တမ်းတင်ပြီး သဘာပတိ ဆရာတော် လက်မှတ်ရေးထိုးထားရန်"-

ဟူသော စာသားကို-

"စောဒကနှင့် စုဒိတကတို့ကို အယူခံ တက်/မတက် မေးမြန်း၍ အသီးသီး လက်မှတ်ရေးထိုးစေပြီး သဘာပတိ ဆရာတော်က ထပ်ဆင့် လက်မှတ်ရေးထိုးထားရန်"-

ဟု ပြင်ဆင်ရန်။

၃။ အခန်း(၇)၊ အပိုဒ် ၄၄(က) (ခ)ပါ စာသားများကို မူရင်းအတိုင်း ထား၍ အောက်ဖော်ပြပါ စာသားကို အပိုဒ်(ဂ)အဖြစ် ဖြည့်စွက်ရန်-

ထိုအခါ အပိုဒ် ၄၄ သည် အောက်ပါအတိုင်း ဖြစ်လာပါမည်-

(က) -----------

(ခ) -----------

(ဂ) အယူခံ မဝင်လိုပါကြောင်းကို သံဃဝိနိစ္ဆယရှေ့မှောက်၌ ဝန်ခံကတိ လက်မှတ်ရေးထိုးပြီးသော စောဒက၊ စုဒိကတတို့သည် မိမိတို့ကတိကို ဖောက်ဖျက်၍ အယူခံလွှာတင်သွင်းလာပါက ယင်းအယူခံလွှာကို ပလပ်ပယ်ချရမည်။

၄။ အခန်း(၇) အပိုဒ်(၄၇)တွင် လက်ရှိစာပိုဒ်ကို အပိုဒ်ခွဲ(က)အဖြစ် သတ်မှတ်၍ ဖော်ပြလတ္တံ့ပါ ပြဋ္ဌာန်းချက်များကို အပိုဒ်ခွဲ(ခ) (ဂ) (ဃ) (င) (စ) (ဆ)တို့အဖြစ် ဖြည့်စွက်ရန်-

ထိုအခါ အပိုဒ်(၄၇)သည် အောက်ပါအတိုင်း ဖြစ်လာပါမည်-

(က) . . . . . . . . . . .

(ခ) ကျောင်းတိုက် စည်းမျဉ်းစည်းကမ်း မလိုက်နာမှု၊ သမဏသာရုပ္ပ မဖြစ်သော အမှုများကို ကျူးလွန်မှုအတွက် အာစာရဝိပတ္တိ၊ အာဇီဝဝိပတ္တိဖြင့် စွပ်စွဲသည့် အနုဝါဒါဓိကရုဏ်းမှုခင်း၌ မြို့နယ်သံဃနာယကအဖွဲ့သည် စောဒနာလွှာရရှိသည့်နေ့မှ (၃)ရက်အတွင်း သင့်လျော်သော မြို့နယ်အဆင့်ရှိ ဝိနည်းဓိုရ်ဆရာတော်များဖြင့် မြို့နယ်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းနည်းဖြင့် စစ်ဆေး၍ (၃)ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ဃ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့် မရှိစေရ။

(င) မြို့နယ်သံဃနာယကအဖွဲ့ မရှိပါက နီးစပ်သင့်လျော်ရာ မြို့နယ်သံဃနာယကအဖွဲ့မှ စောဒနာလွှာ တင်သွင်းဆောင်ရွက်ခွင့်ရှိသည်။

(စ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့သည် အပိုဒ်(ခ) ပါ အပြစ်များကို ကျူးလွန်သော ရဟန်းသာမဏေတစ်ပါးပါးကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကျောင်း/ကျောင်းတိုက်မှဖြစ်စေ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှဖြစ်စေ၊ မြို့နယ်မှဖြစ်စေ ထွက်ခွာပေးရန် တိကျစွာ ထည့်သွင်းဆုံးဖြတ်ပေးရမည်။

(ဆ) ယင်းမြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ချက်ခြင်းအကောင်အထည်ဖော် ဆောင်ရွက်စေရန် ဆုံးဖြတ်ချက် မူရင်းနှင့်တကွ မြို့နယ်ပြည်သူ့ကောင်စီသို့ အကြောင်းကြား၍ မိတ္တူကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဆောင်ရွက်ချက် အပြည့်အစုံနှင့်တကွ တင်ပြရမည်။

------

၂၈၈၇၆

**၁၃၅၁-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်(၁၉၈၉-ခုနှစ်၊ ဇွန်လ ၁၄-ရက်)နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးမှ ပြင်ဆင်ဖြည့်စွက်ချက်။**

၅။ အခန်း (၇) အပိုဒ် ၅၄၊ အပိုဒ်ခွဲ (ခ)၌-

"၁၅-ရက်အတွင်း၌"ဟူသော စာသားကိုဖြုတ်ပယ်ရန်။

၆။ အခန်း (၇) အပိုဒ် ၅၆ (က)တွင်-

"မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့"ဟူသော စာသားကို ဖြည့်စွက်ရန်၊

ထိုအခါ အပိုဒ် ၅၆ (က)သည် အောက်ပါအတိုင်း ဖြစ်လာပါမည်-

အယူခံစေဒနာဝင် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့၊ နိုင်ငံတော် သီးခြားသံဃဝိနိစ္ဆယအဖွဲ့၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့တို့၏ ဝိနိစ္ဆယဆုံးဖြတ်ချက်များကို အယူခံစောဒနာဝင်ခွင့် မရှိစေရ။

**၁၃၅၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက် (၁၉၉၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅-ရက်)နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးမှ ပြင်ဆင်ဖြည့်စွက်ချက်များ-**

၇။ အခန်း (၂) အပိုဒ် (၃/က)၌-

"စုဒိတကအများစု နေထိုင်ရာ/ပထမပါရာဇိက အမှု၌ ဝတ္ထုသည်မ နေထိုင်ရာတို့တွင် စောဒကပုဂ္ဂိုလ် နှစ်သက်ရာ"-

ဟူသော စာသားကို ဖြုတ်ပယ်ရန်-

ထိုအခါ အပိုဒ် ၃ (က)သည် အောက်ပါအတိုင်း ဖြစ်လာပါမည်-

"ဝိဝါဒါဓိကရုဏ်းမှုခင်းကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(က)ဖြင့် အငြင်းပွားပစ္စည်းအများစုရှိရာ အနုဝါဒါဓိကရုဏ်းမှုခင်းကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ(ခ)ဖြင့် မှုခင်းဖြစ်ပွားရာ မြို့နယ်သံဃနာယကအဖွဲ့၌ စွဲဆိုရမည်၊ စောဒနာလွှာကို (၂)စောင် ပြုလုပ် တင်သွင်းရမည်"-

ဟု ပြင်ဆင်ရန်။

ပ. မ. သ. စနဖြေ/၁၈.၉.၂၀၁၃ (၁၀၀၀) အုပ်။